မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily
■ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၇၂]

## နိုင်ငံတော်သမ္မတဦးသိန်းစိန် အမေရိကန်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၄**

၂၀၁၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သည့် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာ ဘားရက်အိုဘားမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ထားဝယ်အထူးစီးပွားရေးဇုန်သည် ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ကုန်းလမ်းမှဆက်သွယ်ပေးမည့် မဟာမဲခေါင်တောင်ဘက် စီးပွားရေးစင်္ကြံ၏ အနောက်တံခါးပေါက်အဖြစ် မဟာဗျူဟာကျစွာတည်ရှိ




**တိုကျို ဇူလိုင် ၃**

မဲခေါင်အဖွဲ့ဝင် ငါးနိုင်ငံ၏ စီးပွားရေးဖိုရမ်ကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ခေတ္တတည်းခိုသည့် Hotel New Otani ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ စီးပွားရေးဖိုရမ်သို့ မဲခေါင်အဖွဲ့ဝင် ငါးနိုင်ငံမှ ခေါင်းဆောင်များ၊ ဂျပန်နှင့် မဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စီးပွားရေးဖိုရမ်တွင် ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ ဥက္ကဋ္ဌ Mr. Hiroyuki Ishige က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် မဲခေါင်ဒေသအတွင်းနှင့် ဒေသပြင်ပနိုင်ငံများ ပေါင်းစည်းမှုအရှိန်အဟုန် မြင့်မားလာကြောင်း၊ ထိုပေါင်းစည်းမှုများ၏ရလဒ်အဖြစ် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ထားဝယ်အထူး

*စာမျက်နှာ ၈ ကော်လံ ၁* ✳

## ခေါင်းစဉ်အမည်လေး ပြောင်းတော့မယ်

ဆောင်းပါး စာ-၆

## စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း

စာ-၁၅



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### သွေးလွန်တုပ်ကွေးကာကွယ်ရေးအရှိန်မြှင့်တင်

မိုးရာသီကာလအတွင်း ဖြစ်ပွားမှုအများဆုံး ရောဂါများတွင် သွေးလွန်တုပ်ကွေးရောဂါသည် ထိပ်ဆုံးမှပါဝင်လာသည်။ အကြောင်းမှာ သွေးလွန်တုပ်ကွေးရောဂါကို သယ်ဆောင်သော ခြင်ပေါက်ဖွား ပျံ့နှံ့မှုနှုန်းမြင့်မားလာခြင်းကြောင့် ဖြစ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်ဆုံးရှုံးနိုင်သည့် ရောဂါဖြစ်ခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါတိုက်ဖျက်ရေး၊ ခြင်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၂၃ ရက်နေ့အထိ မြန်မာတစ်နိုင်ငံလုံးတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၉၈၉၃ ဦးရှိရာ အများဆုံးမှာ ကလေးများဖြစ်ကြောင်း၊ ဖြစ်ပွားမှုအများဆုံးမှာ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ဖြစ်ကြောင်းသိရသည်။ ဤတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မန္တလေးတိုင်းဒေသကြီးမှ လွဲ၍ မိုးများပြီး တောတောင်များ ထူထပ်ခြင်းတို့ကြောင့် ခြင်ပေါက်ပွားပျံ့နှံ့မှုနှုန်းမှာ အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များထက် များပြားဖွယ်ရှိသည်။ ခြင်နှိမ်နင်းရေးကိုပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်လာသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် သွေးလွန်တုပ်ကွေးကြောင့် သေဆုံးမှုလျှော့ချနိုင်ရေး ရည်မှန်းချက်များထားရှိကာဆောင်ရွက်လျက်ရှိပါသည်။ သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးစီမံချက်သည် တစ်ဦးကောင်းတစ်ယောက်ကောင်းဆောင်ရွက်နိုင်သော ကိစ္စမဟုတ်သော်လည်း တစ်ဦးချင်းအသိစိတ်ဓာတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ သွေးလွန်တုပ်ကွေးရောဂါတိုက်ဖျက်ရေး လုပ်ငန်းများသည် မြို့နယ်၊ ရပ်ကွက်ကျေးရွာလုံးကျွတ် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်။

နေအိမ်များ၊ ရပ်ကွက်လမ်းများ၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း ပတ်ဝန်းကျင်တို့တွင် ခြင်ဆေးဖျန်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ရေတင်ကျန်သည့် နေရာများမြေဖို့ခြင်း၊ အမှိုက်သရိုက်များဖယ်ရှားရှင်းလင်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းစဉ်ကို နေအိမ်တိုင်းအပတ်စဉ်ဆောင်ရွက်ခြင်းစသော သွေးလွန်တုပ်ကွေးကာကွယ်ရေး စီမံချက်ကိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်လာပါသည်။ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေပျောက်မှုလျှော့ပါးရေးဆောင်ရွက်ရာတွင် သွေးလွန်တုပ်ကွေးသံသယရှိသူအား ဆောလျင်စွာ ကုသရေးအချက်သည်လည်း အလွန်အရေးကြီးသည့် အချက်ဖြစ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်နိုင်သည့် ရောဂါလက္ခဏာများဖြစ်သော နှစ်ရက်ထက်ပို၍ဖျားပြီး ပျို့ခြင်း၊ အန်ခြင်း၊ ကိုယ်ပေါ်တွင် အနီစက်ကလေးများ ထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့်အဆစ်များနာကျင်ခြင်းစသော လက္ခဏာများတွေ့ရှိပါက ဆေးရုံဆေးခန်းသို့ အမြန်ဆုံးသွားရောက်ကုသရန် လိုအပ်ပါသည်။

သို့ပါ၍ ယခုကဲ့သို့သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာချိန်တွင် ခြင်နှိမ်နင်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင်သွားရမည်ဖြစ်သလို သွေးလွန်တုပ်ကွေးလက္ခဏာ တွေ့ရှိပါကလည်း အမြန်ဆုံးကုသမှုကို ခံယူနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။
ဘာမှားနေလဲ၊ ပြင်ဆင်ပါ။
သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။

## တက္ကသိုလ်ကင်းထောက် သင်တန်းအတွေ့အကြုံရှင်းလင်းပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၃**

တက္ကသိုလ် ကင်းထောက်သင်တန်း (Rover Scout နှင့် Ranger Scout) အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် (ယာယီ)ဥက္ကဋ္ဌ ဒေါက်တာတင်ညိုက မြန်မာနိုင်ငံကင်းထောက်အဖွဲ့ ဖွဲ့စည်းလှုပ်ရှားမှု မှတ်တမ်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့ချုပ်(ယာယီ) ဥက္ကဋ္ဌ ဒေါ်တင်လှကြည်က မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးအဖွဲ့အကြောင်းနှင့် နိုင်ငံတကာကင်းထောက်အဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ ဦးသာစိန်က မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကင်းထောက်အဖွဲ့ဝင် ကျောင်းသား ကျောင်းသူများက ကင်းထောက်သမိုင်းကြောင်း၊ ကင်းထောက် သင်္ကေတ၊ အလေးပြုခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်း၊ ကြွေးကြော်သံနှင့်ဆောင်ပုဒ်များ၊ ကင်းထောက်ယူနီဖောင်းများနှင့်ပတ်သက်၍ တင်ပြကြသည်။ Rover Scoutနှင့် Ranger Scout အခြေခံသင်တန်းကို ၂၀၁၅ ခုနှစ် ဧပြီလအတွင်းက ရန်ကုန်ပညာရေးတက္ကသိုလ်၌ ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ၂၉ ဦးနှင့် ကျောင်းသူ ၃၁ ဦး တက်ရောက်ခဲ့ကြသည်။

အာရှနှင့် ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့များနှင့် တွေ့ဆုံပွဲများ၊ သင်တန်းများကို ပြည်တွင်း၌ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း ပညာရေးဌာနမှ သိရသည်။

**(မြန်မာ့အလင်း)**

## မုံရွာမြို့ရှိ အခြေခံပညာကျောင်းများ ပုံမှန်စာသင်ချိန်အတိုင်း ပြန်လည်သင်ကြား

**မုံရွာ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ရာသီဥတုပူပြင်းမှုများကြောင့် ပုံမှန်စာသင်ချိန်များအစား နံနက်ပိုင်းတွင် စာသင်ကြားပေးလျက်ရှိရာမှ ဇွန်လနောက်ဆုံးအပတ်မှစတင်ပြီး နေ့အပူချိန်များ ပြန်လည်ကျဆင်းလာသဖြင့် ဇူလိုင် ၁ ရက်မှ စတင်ပြီး ပုံမှန်စာသင်ချိန်သို့ ပြောင်းလဲသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

စာသင်ချိန်ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်မှုနှင့် ပတ်သက်ပြီး "ဇွန်လ တတိယပတ်လောက်အထိ အပူချိန်က မြင့်နေတုန်းပဲ။ နောက်ဆုံးပတ်လောက်ကစပြီး အပူချိန်ပြန်လည်လျော့နည်းလာတဲ့အတွက် အခုလို ပုံမှန်စာသင်ချိန်အတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားဖို့ မြို့နယ်ပညာရေးမှူးရုံးက အကြောင်းကြားလာတဲ့အတွက် ပုံမှန်အချိန်အတိုင်း ပြန်လည် ဖွင့်လှစ်တာပါ။ ဒီဒေသမှာတော့ နှစ်စဉ်ကျောင်းဖွင့်စရာသီတွေမှာအပူချိန်တွေက တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာတဲ့အတွက် အခုလိုစာသင်ချိန်တွေကို ပြောင်းလဲဖွင့်လှစ်ရတာပါ" ဟု ကျောင်းဆရာတစ်ဦးက ပြောကြားခဲ့သည်။

**(ဖိုးချမ်း-မုံရွာ)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၃-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**


| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

ခင်ရတနာ-စုစည်းသည်။

# (၇)ကြိမ်မြောက် မဲခေါင် - ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဂျပန်လွှတ်တော်ဥက္ကဋ္ဌများ တွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပါအဝင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဂျပန်နိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ မစ္စတာ တာဒါမိုရီ အိုရှီးမာတို့ တွေ့ဆုံဆွေးနွေးစဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)

**တိုကျို ဇူလိုင် ၃**

(၇)ကြိမ်မြောက် မဲခေါင်- ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပါအဝင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် လွှတ်တော်ဥက္ကဋ္ဌများသည် ယနေ့ညနေပိုင်းတွင် ဂျပန်နိုင်ငံ လွှတ်တော်အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြသည်။

ညနေ ၄ နာရီတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ တာဒါမိုရီ အိုရှီးမာတို့ တွေ့ဆုံဆွေးနွေးကြသည်။

ဆက်လက်၍ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မာဆာကီ ယာမဇာကီနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် သမ္မတနှင့် အဖွဲ့ဝင်များသည် အောက်လွှတ်တော် ကျင်းပရာနေရာကို လှည့်လည်ကြည့်ရှုလေ့လာပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။

**(သတင်းစဉ်)**

# လယ်ယာထွက်ကုန်များ ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေး၊ ဆန်စပါးထုတ်လုပ်မှုအရည်အသွေးမြှင့်တင်ရေးဆွေးနွေး

**တိုကျို ဇူလိုင် ၃**

**ဂျပန်နိုင်ငံ တိုကျိုမြို့၌ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံ ကိုမဲအိတို ပါတီဥက္ကဋ္ဌ Mr. Natsuo Yamaguchi တို့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ခေတ္တတည်းခိုသည့် Hotel New Otani ၌ တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ သဘာဝဘေးဒဏ်ကာကွယ်ရေး၊ နာဂစ်မုန်တိုင်းဒဏ်ခံဒေသများ ပြန်လည်ထူထောင်ရေး၊ မြန်မာ-ဂျပန် ဥပဒေပြုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ကိုမဲအိတို ပါတီသည် ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးခေါင်းဆောင်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ညွန့်ပေါင်းအစိုးရတွင် ပါဝင်သော ပါတီဖြစ်သည်။

တွေ့ဆုံပွဲတွင် ကိုမဲအိတို ပါတီဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်သမ္မတနှင့် မစ်ဆူအီကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr. Ambe Shintaro နှင့်အဖွဲ့တို့ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေး၊ ဆန်စပါးထုတ်လုပ်မှု အရည်အသွေးမြှင့်တင်ရေး၊ ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

မစ်ဆူအီကုမ္ပဏီသည် ၁၉၀၇ ခုနှစ်ကပင် မြန်မာနိုင်ငံ၌ ရုံးခန်းဖွင့်လှစ်ပြီး မြန်မာ့ဆန်များကို ဂျပန်နိုင်ငံနှင့် အခြားနိုင်ငံများသို့ တင်ပို့ခဲ့သည်။ နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီးချိန်တွင် မြန်မာနိုင်ငံ၌ ရုံးပြန်လည်ဖွင့်လှစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် မစ်ဆူအီကုမ္ပဏီနှင့် ပြည်တွင်းလုပ်ငန်းရှင်များပူးပေါင်းပြီး ၄၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာ့ဆန်များကို ဂျပန်နိုင်ငံသို့ စတင်တင်ပို့နိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် Hotel New Otani ၌ကျင်းပသည့် မဲခေါင်-ဂျပန် Parliamentary Friendship Association ၏ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မစ်ဆူအီ ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr. Ambe Shintaro တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(ဓာတ်ပုံ-ပြန်/ဆက်)

# ဥပဒေရေးရာ အကူအညီပေးရေးစနစ် ဟောပြောဆွေးနွေး

**ရန်ကုန် ဇူလိုင် ၃**

ဥပဒေဘာသာရပ် တက်ရောက်သင်ကြားလျက်ရှိသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား စာတွေ့သင်ကြားရေးအပြင် လက်တွေ့သင်ကြားဆောင်ရွက်ခြင်းနှင့် ဥပဒေပညာများ ကျယ်ပြန့်စွာဆည်းပူးနိုင်ရန်ရည်ရွယ်၍ ရန်ကုန်တရားမျှတမှုစင်တာ (Yangon Justic Centre) နှင့်ပူးပေါင်း၍ ဥပဒေရေးရာအကူအညီပေးရေးစနစ် (Legal Aid System) အကြောင်း ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ရွှေသံလျင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တရားမျှတမှုစင်တာမှ ဥပဒေပညာရှင် တရားလွှတ်တော်ရှေ့နေ ဦးကျော်မြင့်က နိုင်ငံတကာဥပဒေများ၊ ပြည်တွင်း ဥပဒေများအကြောင်းနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေဆိုင်ရာများကို ဟောပြောဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ဥပဒေပါအကြောင်းအရာများအပေါ် မေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

**(ပညာရေး)**

# မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ကြည့်ရှုလေ့လာ




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲ၌ မိန့်ခွန်းပြောကြားစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)



မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီးတို့ တက်ရောက်ကြစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

**တိုကျို ဇူလိုင် ၃**

မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲကို ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၅၀ တွင် တိုကျိုမြို့ရှိ Minamiaoyama IDOL၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြပွဲသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီး၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ လာရောက်လေ့လာကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့်ဇနီးတို့ မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲသို့ တက်ရောက်အားပေးကြစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ရှေးဦးစွာ ပြပွဲဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်ပြီး မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲတွင် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မဲခေါင်ဒေသခွဲ နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံဝန်ကြီးချုပ်အိမ်တော်၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ကော်မရှင်ရုံးမျက်နှာစာရှိ သတ်မှတ်နေရာ၌ ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် International IDEA မှ ဝန်ထမ်းများက စိန်တလုံးသရက်ပင်များ၊ မဟော်ဂနီပင်များနှင့် စက္ကူပန်းအလှပင်များအား တပျော်တပါး စုပေါင်းစိုက်ပျိုးကြပြီး ကော်မရှင်ဥက္ကဋ္ဌက လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက် ၁၀၂ ပင်၊ မဟော်ဂနီပင်၅၀ နှင့် စက္ကူပန်းအလှပင် ၅၅ ပင် စုစုပေါင်း ၂၀၇ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲ၌ ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

# ကျေးလက်နေပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ပေးနိုင်မှသာ ဆုံးရှုံးမှုများ လျော့ကျလာမည်ဖြစ်



နေပြည်တော် ဇူလိုင် ၃

**မိခင်နှင့်ကလေး သေဆုံးမှုကျဆင်းရေးအရှိန်အဟုန်မြှင့်လုပ်ငန်း စတင်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (ယာပုံ)

အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေ ၅၁ သန်းကျော်တွင် မွေးဖွားမှု၊ သေဆုံးမှုစာရင်း မှတ်ပုံတင်ရေးအဖွဲ့ တင်ပြချက်အရ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း မွေးဖွားဦးရေ ၆၄၅၀၀၀ ကျော်ဖြစ်ပြီး သေဆုံးဦးရေ ၂၃၅၀၀၀ ကျော်ဖြစ်ပါကြောင်း၊ သေဆုံးဦးရေသည် မွေးဖွားဦးရေ၏ ၃၆ ဒသမ ၄၃ ရာခိုင်နှုန်း ရှိသည့်အတွက် လူဦးရေ ၁၀၀ မွေးဖွားတိုင်း ၃၆ ဦး သေဆုံးနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခုကဲ့သို့ သေဆုံးမှုမြင့်နေခြင်းကြောင့် မြန်မာနိုင်ငံသားများ၏ ပျမ်းမျှသက်တမ်းသည် အရှေ့တောင်အာရှဒေသနိုင်ငံများ၏ ပျမ်းမျှမျှော်မှန်းသက်တမ်းနှင့် နှိုင်းယှဉ်ကြည့်ပါက အနိမ့်ဆုံးအုပ်စုထဲတွင် ပါဝင်စေသည့် အကြောင်းအရင်းတစ်ခုဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှဒေသ နိုင်ငံများထဲတွင် ပျမ်းမျှမျှော်မှန်းသက်တမ်း အရှည်ဆုံးမှာ စင်ကာပူနိုင်ငံ ၈၃ နှစ်ဖြစ်ပြီး အနိမ့်ဆုံးမှာ အိန္ဒိယနိုင်ငံ ၆၆ နှစ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ၆၆ ဒသမ ၈ နှစ် ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများ၏ ပျမ်းမျှမျှော်မှန်းသက်တမ်းများထဲတွင် သက်တမ်းတိုသည့် စာရင်း၌ ပါဝင်နေပါကြောင်း။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲမှ ပျမ်းမျှမျှော်မှန်းသက်တမ်းကိုကြည့်လျှင်လည်း မကွေးတိုင်းဒေသကြီးသည် ၆၀ ဒသမ ၆ နှစ်ဖြစ်၍ သက်တမ်းအတိုဆုံးဖြစ်ပါကြောင်း၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းတွင်လည်း အများဆုံးမှာ မကွေးတိုင်းဒေသကြီးဖြစ်ပါကြောင်း။

ငါးနှစ်အောက် ကလေးများ သေဆုံးရသည့် အကြောင်းအရင်းများမှာ နေ့စေ့ လစေ့ မဟုတ်ဘဲ မွေးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်ခြင်း၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း၊ ဦးနှောက်ပိုးဝင်ခြင်း၊ မွေးဖွားစဉ် ရေမွန်းခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ မွေးကင်းစ အသားဝါဖြစ်ခြင်း၊ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းခြင်း၊ ဗီတာမင်ဘီဝမ်း အာဟာရချို့တဲ့ခြင်း၊ မတော်တဆ အန္တရာယ်ဖြစ်ခြင်း၊ သွေးအဆိပ်တက်ခြင်း အစရှိသည့် ရောဂါများကြောင့် ဖြစ်ပါကြောင်း။

အဆိုပါ ရောဂါများကြောင့် မြန်မာနိုင်ငံ၏ ငါးနှစ်အောက် ကလေးသေဆုံးမှုသည် အကြမ်းအားဖြင့် တစ်နှစ်အတွင်း ၆၅၀၀၀ နီးပါးသေဆုံးပြီး တစ်နာရီလျှင် ကလေးရှစ်ဦးနှုန်းခန့် သေဆုံးနေပါကြောင်း၊ သက်ဆိုင်ရာမိသားစုများအတွက် ဝမ်းနည်းကြေကွဲရသလို နိုင်ငံတော်အတွက်လည်း တန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုများပင်ဖြစ်ပါကြောင်း၊ ယင်းသေဆုံးမှုထဲတွင် ကျေးလက်နေကလေးများ၏ သေဆုံးမှုသည် မြို့ပြနေကလေးများ၏ သေဆုံးမှုထက် ပိုများနေသည်ကို တွေ့ရပါကြောင်း၊ ငါးနှစ်အောက် ကလေးများအပါအဝင် မြို့ပြနေ ပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်သကဲ့သို့ ကျေးလက်နေ ပြည်သူလူထုအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ပေးနိုင်မှသာ ဆုံးရှုံးမှုများ လျော့ကျလာမည်ဖြစ်ပါကြောင်း။

လူနေမှုအချက်အလက်များကို ကြည့်ခြင်းဖြင့် မကွေးတိုင်းဒေသကြီး၏ အခြေအနေသည် အလယ်အလတ်အဆင့်အထက်တွင်ရှိသည်ကို တွေ့ရပါကြောင်း၊ သို့သော် လူနေမှုအညွှန်းကိန်းများ နိမ့်ကျနေမှုသည် အခြားသော အခြေခံအဆောက်အအုံများ ပြည့်စုံမှု၊ မပြည့်စုံမှု၊ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ပြည့်ဝမှု၊ မပြည့်ဝမှု၊ ကျန်းမာရေး လေ့လာလိုက်စားမှု ရှိ၊ မရှိ နှင့် မိသားစုစားသောက်မှုပုံစံများအပေါ်တွင် တည်ရှိနေပါကြောင်း။

ယခုကဲ့သို့ မကွေးတိုင်းဒေသကြီးအတွင်း ငါးနှစ်အောက်ကလေး သေဆုံးမှုမြင့်မားနေသည့် ပြဿနာကို ဖြေရှင်းနိုင်ရန် ကျန်းမာရေးဌာနဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းဆောင်မှုတစ်ခုတည်းဖြင့် သေဆုံးမှုကျဆင်းရန်၊ မျှော်မှန်းသက်တမ်းပိုရှည်ရန် စွမ်းဆောင်နိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့်အတူ ဌာနဆိုင်ရာအဆင့်ဆင့်နှင့် မြို့ပြကျေးလက် လူထုလူတန်းစားများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မှသာ သေဆုံးမှုနှုန်းကျဆင်းလာမည်ဖြစ်ပါကြောင်း။

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး၏ ငါးနှစ်အောက် ကလေးနှင့် မိခင်သေဆုံးမှုကျဆင်းလာရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်ပြီး ပြည်သူလူထု၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် မည်သို့မည်ပုံပေါင်းစပ်ဆောင်ရွက်သွားနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲမှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အတူ လူလတ်၊ လူငယ်၊ လူကြီးအရွယ် သေဆုံးမှုလျော့ပါးလာရေးအတွက် ငှက်ဖျား၊ တီဘီ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် စသည့်ရောဂါကြီးများမှအစ ကူးစက်တတ်သည့် အခြားရောဂါများ ကာကွယ်တားဆီး ကုသတိုက်ဖျက်ရေးတွင် လည်းကောင်း၊ မကူးစက်တတ်သော်လည်း တစ်ချိန်ချိန်တွင် ဒုက္ခအကြီးအကျယ် ပေးတတ်သည့် ရောဂါများဖြစ်သည့် သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာနှင့် မော်တော်ယာဉ်ကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှု၊ သဘာဝဘေးဒဏ်နှင့် လူသားတို့ကြောင့် ထိခိုက်သေဆုံးမှုများကိုလည်း သိသာစွာလျှော့ချနိုင်မှသာ မကွေးတိုင်းဒေသကြီး အပါအဝင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး သေဆုံးမှုနှုန်း လျော့ကျလာမည်ဖြစ်ပြီး လူ့ပျမ်းမျှမျှော်မှန်း သက်တမ်းသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် တာဝန်ရှိသူအားလုံးက မိခင်၊ ငါးနှစ်အောက်ကလေးများ အပါအဝင် အရွယ်သုံးပါး သေဆုံးမှု ကျဆင်းရေးလုပ်ငန်းများတွင် မိမိတတ်စွမ်းသည့်ဘက်မှ ပါဝင်ဆောင်ရွက်ကြပြီး မကွေးတိုင်းဒေသကြီး၏ မျှော်မှန်းသက်တမ်းမြင့်တက်လာရေးမှသည် တစ်နိုင်ငံလုံးမျှော်မှန်းသက်တမ်းတိုးမြှင့်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်တို့က မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံဆေးပေးခန်း၊ ကျန်းမာရေးဌာနများရှိ ကျန်းမာရေးဝန်ထမ်းအင်အားနှင့် မိခင်နှင့်ကလေး ကျန်းမာရေးအခြေအနေနှင့် အသက်ငါးနှစ်အောက် ကလေးနှင့်မိခင်သေဆုံးမှု ကျဆင်းရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မကွေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ နေပြည်တော်လေဆိပ်သို့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# (၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

(၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒသမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် ယမန်နေ့က အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည့် ကျောက်စိမ်းအတွဲအမှတ် ၇၂၅၁ မှ အတွဲအမှတ် ၈၆၀၈ အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၃၅၈ တွဲအတွက် တင်ဒါအောင်စာရင်းကို ကြေညာခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမသတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက် ကြည့်ရှုရွေးချယ်မှတ်သားကြသည်။

ယခုပြပွဲ၌ ဇူလိုင် ၄ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၈၆၀၉ မှ အတွဲအမှတ် ၈၇၂၈ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၀ ကိုလည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၈၇၂၉ မှ အတွဲအမှတ် ၈၈၄၈ အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၂၀ ကိုလည်းကောင်း၊ ဇူလိုင် ၆ ရက်တွင် ၈၈၄၉ မှ အတွဲအမှတ်၈၉၄၃ အထိ ကျောက်စိမ်းတွဲ စုစုပေါင်း ၉၅ တွဲကို လည်းကောင်း ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဆွဲကြိုး လုယူထွက်ပြေးသူအား နာရီပိုင်းအတွင်း ဝိုင်းဝန်းဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၃**

အင်းစိန်မြို့နယ်နေ မထက်ထက်အောင်သည် ပေါက်တောရပ်ကွက် ဘုရင့်နောင်လမ်း၌ ဖွင့်လှစ်ထားသော ၎င်း၏ဖုန်းအရောင်းဆိုင်၌ ဇူလိုင် ၂ ရက် ညနေ ၃ နာရီခန့်တွင် တစ်ဦးတည်းရှိနေစဉ် အမျိုးသားတစ်ဦးက ငွေကျပ် သုံးသောင်းတန် ကီးပက်ဖုန်းတစ်လုံးကို ဝယ်ယူပြီး ငွေရေတွက်နေစဉ် ၎င်းအမျိုးသားက မထက်ထက်အောင်ထံမှ အလေးချိန် တစ်ကျပ်ခွဲသားခန့်ရှိ ကျောက်စိမ်းဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကုံး(တန်ဖိုးငွေကျပ် ၁၂ သိန်းခန့်)ကို ဆွဲဖြတ်လုယူထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ် သတင်းရရှိသည်နှင့် အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများက ပြစ်မှုကျူးလွန်သူကို လိုက်လံရှာဖွေရာ ညနေ ၃ နာရီခွဲခန့်တွင် ကမ်းနားအလယ်ရပ်ကွက် အထက(၄)ကျောင်းဝင်းအတွင်းမှ ဖမ်းဆီးရမိခဲ့သည်။ ပြစ်မှုကျူးလွန်သူမှာ အင်းစိန်မြို့နယ်နေ ရဲဝင်း (၂၉ နှစ်)ဖြစ်ကြောင်းနှင့် ၎င်းထံမှ သက်သေခံ ရွှေဆွဲကြိုးအား ပြန်လည်သိမ်းဆည်းရမိသည်။

ယင်းသို့ လုယက်မှုကျူးလွန်သူ ရဲဝင်းကို အင်းစိန်မြို့မ ရဲစခန်းက ပြစ်မှုပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး**

# ခေါင်းစဉ်အမည်လေး ပြောင်းတော့မယ်

ရွှေထား




ဟယ်လို. . . မွန်မွန်လား။

**အေး… နေပြည်တော်ကို ရာထူးဝန်လျှောက်လွှာတင်ဖို့ရှိလို့ မနက်ဖြန်ထွက်လာခဲ့မှာ။ ထားဆီမှာပဲ တည်းမယ်။**

ကောင်းတာပေါ့ . . .။ သူငယ်ချင်းလာမှ ဟင်းကောင်းကောင်း ချက်ကျွေးခိုင်းမယ်။

**အံမယ်… ဘယ်သူက ချက်ကျွေးမယ်ပြောလို့လဲ။**

သူငယ်ချင်းရဲ့လက်ရာ မစားရတာကြာပြီဟ။ ပြီးတော့လည်း အလုပ်တွေများတာနဲ့ ထမင်း၊ ဟင်းကောင်းကောင်းချက်စားဖို့ အချိန်မရဘူးလေ။ ဒါကြောင့်ပါ။ ကဲကဲ. . . အခုဖုန်းပြောဖို့လည်း အချိန်မရသေးဘူး။ လာမှစကားတွေအများကြီးပြောကြမယ် ဒါပဲနော်။

× × × × × ×

**ကဲ ထားရေ… သူငယ်ချင်းပြောပြမယ်ဆိုတဲ့ သူငယ်ချင်းတို့ဌာနက လုပ်ငန်းတွေအကြောင်းနဲ့ ဘာကြောင့်အလုပ်များနေရသလဲဆိုတာတွေ ပြောပြပါဦး။**

အေး ဒီလိုပါ။ ထားတို့သမဝါယမဝန်ကြီးဌာနက အခု နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ဆောင်ရွက်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်မှာ အပါအဝင်ဖြစ်တဲ့ သမဝါယမ လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့၊ ဟော့နေတဲ့လုပ်ငန်းသုံးခုရှိတယ်။ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၊ စက်ကိရိယာတွေ အရစ်ကျရောင်းချပေးတဲ့လုပ်ငန်းနဲ့ သမဝါယမအသင်းတွေ အဆင့်မြှင့်တင်တဲ့လုပ်ငန်းတွေပါ။

ထား ဒီအကြောင်းတွေကို သေချာရှင်းပြပေးမှာ။ ဒါမှ တခြားသူတွေကို ပြန်ပြီးသတင်းပေးလို့ရမှာလေ။ ဒီလို အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်း (Micro Capital Loan)ဆိုတာ လုပ်ငန်းလုပ်ကိုင်ဖို့ ငွေကြေးအရင်းအနှီးလိုအပ်နေတဲ့ ကျေးလက်တောနယ်က ပြည်သူတွေနဲ့ မြို့ပြအခြေခံလူတန်းစားတွေအတွက် ရည်ရွယ်ပြီးတော့ ချေးငွေထုတ်ချေးပေးတာပေါ့ဟာ။ လုပ်ငန်းလုပ်ကိုင်ဖို့ အရင်းအနှီးဆိုတာကတော့ အမျိုးအစား အများကြီးပေါ့။ စိုက်ပျိုးရေးသမားတွေအတွက် စိုက်ပျိုးရေးစရိတ်ချေးငွေ၊ မွေးမြူရေးသမားတွေအတွက် မွေးမြူရေးစရိတ်ချေးငွေ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေအတွက် အရင်းအနှီးချေးငွေ၊ ဝန်ထမ်းတွေအတွက်ကတော့ ဝန်ထမ်းချေးငွေအစုံပေါ့ဟာ။

**နေပါဦး။ အဲဒီချေးငွေတွေက ကိုယ်လိုချင်သလောက်ရတာလား။ နောက်ပြီး အတိုးနည်းတယ်လို့လည်းကြားဖူးတယ်။ အဲဒါဟုတ်လား။ အပေါင်ပစ္စည်းတွေရော ထားဖို့လိုသေးလား။**

လိုသလောက်ဆိုတာကတော့ လုပ်ငန်းအပေါ်မူတည်ပြီး အသင်းက စိစစ်ထုတ်ချေးပေးတယ်လေ။ အပေါင်ပစ္စည်းကတော့ မပေးရပါဘူး။ ဒါပေမယ့် ယုံကြည်စိတ်ချရတဲ့ အသင်းသားဖြစ်ဖို့နဲ့ အသင်းမှာရှိတဲ့ အသင်းဝင်ငါးယောက်ရဲ့ ထောက်ခံချက်၊ တစ်နည်းအားဖြင့် ဝိုင်းကြီးချုပ်စနစ်နဲ့ ထုတ်ချေးပေးတာပေါ့။

**ဒါဆို ချေးငွေလိုချင်ရင် သမအသင်းဝင်ရမှာပေါ့။**

ဒါပေါ့ . . . . တို့သမဝါယမရဲ့ အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းကိုက သမဝါယမအသင်းသားဖြစ်မှ ချေးပေးတာလေ။ သမဝါယမအသင်းဝင်ဖြစ်ဖို့ကလည်း ဇွတ်မတိုက်တွန်းရဘူး။ ကိုယ်ဆန္ဒရှိမှပေါ့ကွာ။အသင်းဝင်တစ်ယောက်ဖြစ်ရင် ဘယ်လိုအကျိုးကျေးဇူးတွေ ခံစားရမယ်။ ဘာစည်းကမ်းတွေ လိုက်နာရမယ်ဆိုတာကို သိမြင်နားလည်လက်ခံမှ အသင်းဝင်သင့်တာလေ။

**သြော်…အဲလိုလား။ စက်ကိရိယာတွေ အရစ်ကျရောင်းချပေးတယ်ဆိုတာကရော…။**

အင်း. . . လယ်ယာသုံးလုပ်ငန်းသုံး စက်ကိရိယာမျိုးစုံပေါ့။ လယ်ထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ရေလုပ်ငန်းသုံးပစ္စည်း (အင်ဂျင်)၊ သုံးဘီးဆိုင်ကယ်၊ အပ်ချုပ်စက်၊ အနွေးယာဉ် (ဆိုက်ကား)တွေ အစုံပေါ့ဟာ။ အဲဒါတွေကို သမဝါယမအသင်းသားတွေထဲက လုပ်ငန်းလိုအပ်ချက်ရှိသူတွေ အဆိုပြုရင် သူတို့စိတ်ကြိုက် စက်ပစ္စည်းကို သမဝါယမက ငွေကြေးစိုက်ထုတ်ဝယ်ယူပေးပြီးတော့ အရစ်ကျပြန်လည် ကောက်ခံတဲ့စနစ် (Hire Purchase)နဲ့ ဆောင်ရွက်ပေးတယ်။ နောက်ပြီး အခုလက်ရှိမှာ ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီထုတ် လယ်ယာသုံးစက်ကိရိယာတွေကိုလည်း အသင်းသား တောင်သူလယ်သမားတွေအတွက် အရစ်ကျငွေချေစနစ်နဲ့ တင်သွင်းရောင်းချပေးနေတယ်လေ။

**ဒီလိုစက်ကိရိယာတွေကို အရစ်ကျရောင်းချပေးတော့ စက်ပေါ်မှာ တကယ်ကျသင့်တဲ့တန်ဖိုးထက် အတိုးပါပေါင်းပြီး တောင်းတာလား။**

အေး. . . အတိုးတော့ပါတာပေါ့ဟာ။ ဒါပေမယ့် အဲဒီအတိုးက တို့ဝန်ကြီးဌာနရဲ့ အကျိုးအမြတ်အတွက် တောင်းတာ မဟုတ်ဘူး။ တကယ်တော့ ဒီလိုအသေးစား အရင်းအနှီးချေးငွေလုပ်ငန်းတွေနဲ့ စက်ကိရိယာအရစ်ကျရောင်းချပေးတဲ့ လုပ်ငန်းတွေဟာ ပြည်သူတွေကိုကူညီပေးချင်လို့လုပ်ပေးတာ။ ဌာနက ပိုက်ဆံချမ်းသာတာမှ မဟုတ်ဘဲ။ ဒီတော့ သမဝါယမအသင်းသားပိုင် ငွေတွေရယ်၊ အသင်းပိုင်ပစ္စည်းတွေကို အပေါင်ထားပြီးတော့မှ ဘဏ်ချေးငွေရယူပြီးတော့ရယ် ဆောင်ရွက်ပေးနေရတာလေ။ ဒီလည်ပတ်ငွေတွေက အသင်းသားအားလုံးအတွက်ဆို လုံလောက်မှုမရှိဘူးဟ။ ဒါကြောင့်လည်း နိုင်ငံခြားကချေးငွေရယူပြီး ဆောင်ရွက်ပေးနေရတာ။

**ဒါဆိုနိုင်ငံခြားချေးငွေက အတိုးပေးရတဲ့နှုန်းများမှာပေါ့။ ငါဂျာနယ်တစ်စောင်မှာ ဖတ်လိုက်မိတယ်။ တရုတ်ဆီကချေးတဲ့ ချေးငွေအတိုးနှုန်းက တော်တော်များတယ်ဆိုပဲ။ သူများနိုင်ငံချေးငွေ၊ နောက်ပြီးတခြားဝန်ကြီးဌာနက ချေးယူတဲ့အတိုးနှုန်းထက် ပိုမြင့်နေတယ်ဆိုပြီးတော့ ဖတ်လိုက်ရတယ်။ အဲ့ဒါရော ဟုတ်သလား။**

အဲဒါက ဒီလိုဟ။ တချို့က အခြေအနေအရပ်ရပ်ကို မစုံစမ်းမလေ့လာဘဲပြောတော့ အများအထင်လွဲစရာဖြစ်တာပေါ့။ တရုတ်ချေးငွေ မြင့်တယ်ဆိုတာကလည်း တို့ဌာနကချေးတဲ့ နိုင်ငံခြားချေးငွေ (China EXIM Bank) က ငွေသားချည်းပဲ အပြည့်ရတာ။ တခြားနိုင်ငံခြားချေးငွေတော်တော်များများက အတိုးနှုန်းသက်သာပေမယ့် ငွေသားတစ်ဝက် သူတို့ထုတ်လုပ်တဲ့ ပစ္စည်းတစ်ဝက်ယူရတယ်။ ပစ္စည်းရဲ့တန်ဖိုးပေါ်မှာက ဈေးတင်ထားပြီးသား။ နောက်ပြီး တို့ဌာနကချေးတဲ့ အတိုးဆိုတာကလည်း တစ်နှစ်လုံးမှ ၄ ဒသမ ၅ ရာခိုင်နှုန်းကိုပြောတာလေ။ အခု အပြင်မှာ လျှောက်ပြောနေတာတွေက တစ်လအတိုးနှုန်းနဲ့ မှားပြီးပြောနေကြတာ။ ဒီတော့ တို့သမဝါယမဝန်ကြီးဌာနက နိုင်ငံခြားချေးငွေကိုပဲ အတိုးနှုန်းမတန်တဆနဲ့ ပြန်ဆပ်နိုင်မှာမဟုတ်ဘူးလို့၊ ပုဂ္ဂိုလ်ရေးအလွဲသုံးစားလုပ်တယ်လို့ ပြောနေကြတာ။

နည်းစနစ်တွေ အစီအမံတွေကတော့ ဟာကွက်မရှိလောက်အောင်ပါပဲ။ ဒါကြောင့် နင်ခုနကပြောတဲ့ “အတိုးပါပေါင်းပြီး တောင်းတာလား”ဆိုတာလေ။ အဲ့ဒီ မေးခွန်းကို ဖြေဖို့အတွက် ငါခုလိုရှင်းပြတာပါ။ ဘယ်လိုလဲ။ နင်သဘောပေါက်ပြီမဟုတ်လား။

ထားတို့ ဝန်ကြီးဌာနကရယူထားတဲ့ နိုင်ငံခြားချေးငွေအပေါ်မှာ အတိုးပေးရတဲ့အတွက် ပြည်သူတွေလိုအပ်နေတဲ့ လယ်ယာသုံးစက်ကိရိယာတွေကို ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီကနေဝယ်ယူပြီး အရစ်ကျငွေချေစနစ်နဲ့ ပြန်ရောင်းချပေးတဲ့အပေါ်မှာ စက်ကိရိယာရဲ့ ကျသင့်တဲ့တန်ဖိုးကို ၁၀ ရာခိုင်နှုန်း ထပ်ပေါင်းပြီးတော့ ဈေးနှုန်းသတ်မှတ်ရောင်းချပေးတယ်လေ။ အဲဒီ ၁၀ ရာခိုင်နှုန်းအတိုးကို ပြန်ကြည့်ရင်လည်း ဝယ်ယူထားတဲ့ နိုင်ငံခြားကုမ္ပဏီဆီကို နှစ်ရာခိုင်နှုန်း အတိုးပေးရတယ်။ ကျန်တဲ့ ရှစ်ရာခိုင်နှုန်းကတော့ အသင်းအဆင့်ဆင့်ရဲ့ ဝန်ဆောင်စရိတ်ပေါ့ကွာ။ အဲဒီမှာ တို့ဌာနက ချေးငွေတွေကို ဒေါ်လာနဲ့ရယူထားတော့ ပြန်ဆပ်တဲ့အခါ ဒေါ်လာဈေး အတက်အကျ အပြောင်းအလဲတွေနဲ့၊ နောက်ပြီး မမျှော်မှန်းနိုင်တဲ့ ဆုံးရှုံးမှုတွေအတွက် နောက်တစ်ခါ အသင်းအဆင့်ဆင့်ရဲ့ စာရွက်စာတမ်း၊ စာရင်းဇယားတွေ၊ ထိန်းသိမ်းဖို့အတွက် အသေးသုံးစရိတ်တွေ။ ဒါတွေအတွက် ခွဲဝေသုံးစွဲ ကျခံရတယ်လေ။

**ဒါဆို စက်ကိရိယာတွေမဟုတ်ဘဲ ငွေအရင်းအနှီးချည်းသက်သက် ချေးငွေကျတော့ရော အတိုးဘယ်လောက်နှုန်းယူသလဲ။**

ဒီနေ့အထိ မြန်မာတစ်နိုင်ငံလုံးမှာ သမဝါယမအသင်းသားပေါင်း နှစ်သန်းကျော်ကို အရင်းအနှီးချေးငွေကျပ် ၂၂၄ ဒသမ ၅၅၁ ဘီလီယံကျော် ထုတ်ချေးထားပြီးပြီ။ ပထမဆုံးထုတ်ချေးပေးတဲ့ ချေးငွေကျပ် ၇၁ ဘီလီယံကျော်ကတော့ အတိုးနှုန်း နှစ်ကျပ်ခွဲယူတယ်ဟ။ ကျန်တဲ့ကျပ် ၁၅၃ ဘီလီယံကျော်ကိုတော့ အတိုးနှုန်းတစ်ကျပ်ခွဲနဲ့ပဲ ကောက်ခံတယ်။ အခုမေလမှာ ထုတ်ချေးတဲ့ ချေးငွေကနေစပြီးတော့ အတိုးနှုန်းတစ်ကျပ် တစ်ဆယ့်ငါးပြားပဲကောက်ခံတယ်။ အပြင်က အတိုးနှုန်းထက် အဆအများကြီး သက်သာတဲ့အပြင် ချေးငွေယူတဲ့သူတိုင်းက ချေးငွေရဲ့ ၁၀ရာခိုင်နှုန်းကို စုဆောင်းငွေအဖြစ်နဲ့ အသင်းမှာပြန်စုကြရတယ်။ ဒီတော့ ငွေချေးတဲ့အသင်းသားတိုင်းဟာ ငွေတစ်ခါချေးတိုင်း ပိုက်ဆံလည်းစုဖြစ်တယ်၊ ခြောက်လတစ်ကြိမ် ပြန်ဆပ်တဲ့စနစ်ဖြစ်လို့ အချိန်မှန်အတိုးအရင်း ပြန်ဆပ်တဲ့သူဆိုရင် နောင်တစ်ချိန်ပြန်ချေးတဲ့အခါ ချေးငွေတိုးပြီး ချေးယူခွင့်ရကြမယ်။ သမဝါယမအသင်းသား တစ်ယောက်ဟာ အသေးစားအရင်းအနှီးချေးငွေကို ခြောက်လတစ်ကြိမ် ပြန်ဆပ်မယ်၊ ချေးမယ်၊ တစ်ကြိမ် ချေးယူတိုင်း တစ်ခါစုဆောင်းဖြစ်မယ်။ ဒီလိုနဲ့ နောင်လေးငါးနှစ်ကြာတဲ့အခါ ကိုယ့်အသင်းမှာ ကိုယ့်ရဲ့စုဆောင်းငွေက ကိုယ့်လုပ်ငန်းအရင်းအနှီးကို လုံလုံလောက်လောက်ဖြစ်စေနိုင်တဲ့ အခြေအနေကို ရောက်ရှိနေပြီပေါ့ကွာ။ နောက်ထပ်ငွေချေးစရာလည်း မလိုတော့တဲ့အတွက် စုဆောင်းငွေတွေအဖြစ်နဲ့ တိုးလာမယ်၊ ကိုယ်ပိုင်ရပ်တည်နိုင်တဲ့ဘဝကို ရောက်ရှိလာမယ်လေ။ ဒါဟာ ထားတို့သမဝါယမဝန်ကြီးဌာနက လုပ်ပေးနေတဲ့ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း (Micro Capital Loan)ရဲ့ အဓိကရည်ရွယ်ချက်ပဲ။

**သိပ်ကောင်းတဲ့ ရည်ရွယ်ချက်ပဲနော်။ ဒါပေမယ့် ဒီရည်ရွယ်ချက်တွေအတိုင်းတော့ လက်တွေ့မှာ တကယ်ရော အားလုံးဖြစ်ရဲ့လား။ ချေးငွေတွေကို တကယ်လိုချင်တဲ့ အသင်းသားတိုင်းက အကုန်မရဘဲ အသင်းလူကြီးတို့၊ ဆိုင်ရာ ပိုင်ရာတို့က အကွက်ရိုက်ပြီး ထုတ်တာတို့၊ အသင်းသားက ပြန်မဆပ်နိုင်ဘဲ ပုန်းရှောင်သွားတာတို့ရော မရှိဘူးလား။ ငါတော့ နင်တို့သမက ချေးငွေလား။ ဘယ်ဌာနက ချေးငွေမှန်းတော့မသိဘူး။ “တောင်သူတွေက စိုက်ပျိုးစရိတ်ချေးငွေတွေ အကျေပြန်မဆပ်နိုင်ကြဘူး”လို့ ဂျာနယ်တွေမှာ ရေးထားတာဖတ်ဖူးတယ်။**

အင်း. . . သူငယ်ချင်းက အတွေးလည်းတော်တယ်၊ အမေးလည်းတော်တယ်။ လူဆိုတာကတော့ ပုံစံအမျိုးမျိုး၊ စရိုက်အထွေထွေရှိကြတာပဲ။ ဒီကြားထဲမှာ စရိုက်တူ၊ ဆန္ဒတူဖြစ်ဖို့ စည်းကမ်းလေးတွေ ဆောင်ပုဒ်လေးတွေနဲ့ ညှိယူကြရတာ။ သမဝါယမအသင်းသားတစ်ယောက် ဖြစ်လာရင် အသင်းစည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ ဆောင်ပုဒ်တွေကို သေသေချာချာ လေးလေးစားစား လိုက်နာကြရတယ်။ မလိုက်နာနိုင်တဲ့သူတွေ အဖို့ကတော့ သူငယ်ချင်းမေးတဲ့ ငွေတွေ ညာထုတ်တာတို့ ပြန်မဆပ်ဘဲ ပုန်းရှောင်တာတို့ရှိမှာပါ။ ဒီလိုလူမျိုးတွေအတွက်ကတော့ တစ်ကြိမ်စာပါပဲ။ ဒီထက်ကောင်းတဲ့ အခွင့်အရေးတွေကို သူတို့လက်လွှတ်လိုက်တာပဲလေ။ ခုနကပြောသလို စည်းကမ်းတွေကို သေသေချာချာလိုက်နာရင် စိုးရိမ်တာတွေ မဖြစ်တော့ဘူး။ နေပါဦး . . . သူငယ်ချင်းအစကပြောတော့ ဟော့နေတဲ့ လုပ်ငန်းသုံးခုရှိတယ်ဆို။ ရှင်းပြဖို့ တစ်ခု ကျန်သေးတယ်။

အေး . . ဟုတ်တယ်သူငယ်ချင်း။ မွန်မွန်က ထား ရှင်းပြတာတွေအကုန်လုံး စိတ်ဝင်စားသားပဲ။ ဒီတော့ ထားလည်း ပြည့်ပြည့်စုံစုံ ဆက်ပြောရတာပေါ့။ အခု ထားတို့ သမဝါယမက အဓိကထားလုပ်နေတဲ့ လုပ်ငန်းသုံးခုထဲမှာ ထားမရှင်းပြရသေးတာက သမဝါယမအသင်းတွေ အဆင့်မြှင့်တင်တဲ့အကြောင်းပဲ။ သမဝါယမအသင်းတွေ ဖွဲ့စည်းပြီးသွားရင် အဲဒီအသင်းတွေက လုပ်ကိုင်တဲ့ လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး နည်းပညာလိုရင် နည်းပညာ၊ အရင်းအနှီးလိုရင် ချေးငွေ၊ ထုတ်ကုန်ပစ္စည်းတွေအတွက် ဈေးကွက်ရရှိဖို့ ချိတ်ဆက်ပေးတာတွေကို တို့ဝန်ကြီးဌာနက ကူညီထောက်ပံ့ပေးနေတယ်။ ဒါမှ အသင်းတွေက လက်ရှိလုပ်ငန်းတွေကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မယ်။ အသင်းတွေ ဖွံ့ဖြိုးတိုးတက်မှ အသင်းသားတွေ အကျိုးအမြတ်ရရှိမယ်လေ။ အသင်းသားတွေကလည်း ပြည်သူတွေပဲဆိုတော့ ပြည်သူ့ဝင်ငွေတိုးတာနဲ့ တိုင်းပြည်ဝင်ငွေ တိုးတက်လာမှာပါ။ ဝင်ငွေတိုးလာရင် သိတဲ့အတိုင်း လူမှုဘဝလည်း မြင့်မားလာမှာပဲ။ ဒါကြောင့် ထားတို့ဝန်ကြီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားတွေကို ဦးဆောင်ကျင်းပပြီး ပြည်သူတွေလိုအပ်နေတဲ့ လုပ်ငန်းအရင်းအနှီးချေးငွေ၊ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းတွေကို ထောက်ပံ့ပေးအပ်နေတာ။

**အေး… ကြည့်လိုက်ရတယ်ကွ။ ဟိုတလောက သတင်းစာမှာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနဲ့ သမဝါယမဆိုပြီး လေးငါးရက်ဆက်ပြီး ဖော်ပြထားတာတွေ့ပါတယ်။ အချက်အလက်တွေတော့ အစုံပဲ။ ဒါပေမယ့် မွန်မွန်က အပေါ်ယံလေးပဲကြည့်မိတာ။ ထားတို့ဝန်ကြီးဌာနအောက်က အသေးစား စက်မှုလက်မှုက ဆိုလား။ အစားအသောက်ထုတ်လုပ်နည်းသင်တန်းတို့၊ စက်ချုပ်သင်တန်းတို့၊ မော်တော်ဆိုင်ကယ် ပြင်တာတို့ကို သင်တန်းတွေပေးတာလေ။ အဲ့ဒါလည်း စိတ်ဝင်စားသေးတယ်။ ရှင်းပြပါဦး။**

အေး. . . ထားတို့ ဝန်ကြီးဌာနအောက်မှာ သမဝါယမဦးစီးဌာနနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနဆိုပြီး ဦးစီးဌာန နှစ်ခုရှိတယ်။ ခုနကရှင်းပြတဲ့ အသေးစား အရင်းအနှီးချေးငွေလုပ်ငန်းတို့၊ အရစ်ကျငွေချေစနစ်နဲ့ စက်ကိရိယာတွေ ရောင်းချပေးတဲ့လုပ်ငန်းတွေကတော့ သမဝါယမဦးစီးဌာနက ပိုမိုသက်ဆိုင်ဆောင်ရွက်ပေးရပြီး အခု မွန်မွန်ပြောတဲ့ နည်းပညာသင်တန်းတွေကတော့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အဓိကဆောင်ရွက်ပေးနေတာပါ။

**အင်း… ထားတို့ဝန်ကြီးဌာနရဲ့ လုပ်ငန်းရည်ရွယ်ချက်တွေ၊ အလုပ်တွေက တော်တော်ကျယ်ပြန့်တာပဲ။ ဒါနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ရော အလုပ်လုပ်လား။**

အေး. . . . လုပ်တယ်။ UNDP ၊ Pact Global Microfinance Fund (PGMF) တို့နဲ့ ချိတ်ဆက်ပြီး အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းတွေ လုပ်တယ်။ အခုနောက်ထပ် ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖိုးရှိတဲ့ လယ်ယာသုံးစက်ကိရိယာတွေကို အရစ်ကျငွေချေစနစ်နဲ့ တင်သွင်းရောင်းချပေးနေတယ်။ အဲဒါကတော့ အခု တလောအရေးပါဆုံး၊ အဟော့ဆုံး လုပ်ငန်းတစ်ခုပါ။ ဝေဖန်မှုအမျိုးမျိုးကြားရပေမယ့် အကြိုက်တွေ့တဲ့ တောင်သူတွေများပါတယ်။ အဆင်မပြေမှုအနည်းငယ်ရှိတဲ့ ဝယ်ယူသူအသင်းသား တောင်သူတွေအတွက်လည်း အဆင်ပြေစေမယ့် လုပ်ငန်းစီမံမှုတွေ ဆောင်ရွက်ထားပါတယ်။ နည်းပညာသင်တန်းပေးတာကအစ၊ စက်ပစ္စည်းချွတ်ယွင်းမှုအတွက် အာမခံပြင်ဆင်ပေးတာမျိုးအဆုံးပေါ့။

**ဟုတ်ပါပြီ…ဒီလိုတာဝန်သိ၊ တာဝန်ကျေပွန်တဲ့ ဝန်ထမ်းသူငယ်ချင်းလေးကို ခွင့်လွှတ်ရမှာပေါ့ …။**

သြော်. . . မေ့တော့မလို့ မွန်မွန်ရာ. . . အရေးကြီးတဲ့ သတင်းပေးဖို့ချန်ထားတယ်။ သူငယ်ချင်းပြောတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အလုပ်လုပ်လားဆိုတာမှာ တို့ဝန်ကြီးဌာနက အဓိကချိတ်ဆက်ထားတဲ့ အဖွဲ့အစည်းကြီးကတော့ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance-ICA) ပဲဖြစ်တယ်။ ထားတို့နိုင်ငံအနေနဲ့ ဗဟိုသမဝါယမအသင်းလီမိတက်က ဒီအဖွဲ့ချုပ်ကြီးရဲ့အဖွဲ့ဝင်အဖြစ် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၇ ရက်မှာစပြီး ဝင်ရောက်ခဲ့တယ်။ အခုလာမယ့် ဇူလိုင်လ ၄ ရက်(စနေနေ့)မှာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ (ICA Day) အခမ်းအနားကျင်းပဖို့ရှိတယ်။ ထားတို့ဝန်ကြီးဌာနမှာပဲ လုပ်မှာပါ။ အခုနှစ် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ရဲ့ဆောင်ပုဒ်က“Choose co-operative, choose equality’’ **“သာတူညီမျှ သမဝါယမ”**. . . တဲ့။ ကဲ. . . ဘယ်လောက် အဓိပ္ပာယ်လေးနက်လိုက်သလဲ. . .။ ဒီဆောင်ပုဒ်လေးကြောင့် ထားတော့ အလုပ်ကို နှစ်ဆတိုးပြီး လုပ်မိတော့မှာပဲ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြု

**နေပြည်တော် ဇူလိုင် ၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး၏ **ဆည်မြောင်းစီမံကိန်းနှင့် ရေအရင်းအမြစ် အသုံးချရေးစီမံကိန်းများကို ရေပေးမြောင်းစနစ်များသာမက ရေထုတ်မြောင်းစနစ်များကိုပါထည့်သွင်း၍ တစ်ပါတည်း ပူးတွဲတည်ဆောက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနများအနေဖြင့် နိုင်ငံတစ်ဝန်းတွင် တည်ဆောက်ပြီး ရေလှောင်တမံ၊ ရေလွှဲဆည်၊ ဆည်ရေသောက်စနစ်နှင့် မြစ်ရေတင်စီမံကိန်းများကို စနစ်တကျထိန်းသိမ်းပြီး စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို လိုအပ်သည့်အချိန်၌ လိုအပ်သောပမာဏအတိုင်း လေလွင့်မှုအနည်းဆုံးဖြင့် ပေးဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်ခြင်း၊ ရေငန်ဝင်ရောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန် ရေဘေးကာကွယ်ရေးတာတမံ၊ ရေငန်တားတာနှင့် ရေတံခါးများတည်ဆောက်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ဒေသလိုအပ်ချက်အရ ဦးစားပေးအစီအစဉ် သတ်မှတ်ကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်လျာထားသည့် ဆည်မြောင်းစီမံကိန်းများနှင့် မြစ်ရေတင်စီမံကိန်းများ၏ ဆည်ရေသောက်စနစ်များတွင် ရေပေးမြောင်းများသာမက ပိုလျှံရေများကို ထုတ်နုတ်နိုင်မည့် ရေထုတ်မြောင်းများကို တစ်ပါတည်း ပူးတွဲတည်ဆောက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြေကြားစဉ်။



ချီဖွေမဲဆန္ဒနယ်မှ ဦးဇုန်းတိန့် မေးမြန်းစဉ်။

ချီဖွေမဲဆန္ဒနယ်မှ ဦးဇုန်းတိန့်၏ **ဝေးလံခေါင်သီသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများ ခံစားလျက်ရှိသည့် ဒေသစရိတ်နှုန်းထားများအား ယာယီပြင်ဆင်လျှော့ချထားခြင်းကို အမြန်ဆုံး ပြန်လည်ထပ်မံတိုးမြှင့် ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ၂၀၁၅ ခုနှစ် ဧပြီလ လစာမှစ၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဒေသစရိတ်ခံစားခွင့်ပြုထားသည့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအဖြစ် သတ်မှတ်ခဲ့သည့် မြို့နယ် (၁၁၀)ကို ပြန်လည်သုံးသပ်စိစစ်ရန်နှင့် ထပ်မံတင်ပြလာမှုများကို သတ်မှတ်စံနှုန်းနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်သုံးသပ်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းပြီး အခြေခံ စဉ်းစားရမည့်အချက်(၁၀)ချက်နှင့်အညီ စိစစ်သုံးသပ်သွားရန် စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စိစစ်ရေးကော်မတီအနေဖြင့် သုံးသပ်မှုအစီရင်ခံစာကို ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီသို့ တစ်လအတွင်း တင်ပြရန်နှင့် တင်ပြချက်များအပေါ် အမှတ်ပေးစနစ်ဖြင့် သုံးသပ်၍ လူမှုရေးခက်ခဲမှုမရှိသည့် ဒေသ၊ လူမှုရေးခက်ခဲသောဒေသနှင့် လူမှုရေးအခက်အခဲဆုံးဒေသများ ဟူ၍ ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပြီး လူမှုရေးခက်ခဲသောဒေသနှင့် လူမှုရေးအခက်အခဲဆုံးဒေသအဖြစ် သတ်မှတ်ခံရသည့် မြို့နယ်၊ ကျေးရွာများအလိုက် ဒေသစရိတ်ခံစားခွင့်ပြုမည့် နှုန်းထားသစ်များကို တွက်ချက်၍ ပြင်ဆင်သတ်မှတ်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယခုလတ်တလော၌ ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဧပြီလ ၁၀ ရက် ရက်စွဲဖြင့် ဒေသစရိတ်နှုန်းထားများကို ယာယီအစီအစဉ်ဖြင့် သတ်မှတ်ပေးခဲ့ပါကြောင်း ဖြေကြားသည်။

ထို့နောက် **မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်း၊ သက်သေခံ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာများ ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**ကို ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ် မီးပွိုင့်ဧရိယာတွင် ကြော်ငြာဆိုင်းဘုတ်များစိုက်ထူခွင့်ပြုသည့်လုပ်ငန်းကို ပူးတွဲလုပ်ကိုင်ခွင့်ပြုရန်မရှိ

**နေပြည်တော် ဇူလိုင် ၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၏ တန်ဖိုးနည်းအိမ်ရာများ ဖော်ထုတ်ပေးရေးနှင့် ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်ရှိ မီးပွိုင့်များကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းများနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနု၏ **မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ စတင်တည်ထောင်ခဲ့စဉ်ကပင် တာဝန်ရှိပုဂ္ဂိုလ်များ စီစဉ်ထားရှိခဲ့သည့် ''ဖွံ့ဖြိုးရေး မြေကွက်လပ်''တွင် ဒေသခံပြည်သူများ လိုအပ်ချက်အရ ''တန်ဖိုးနည်းအိမ်ရာများ ''ဖော်ထုတ်ပေးနိုင်ပါရန် တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါမြေနေရာသည် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသို့ လွှဲပြောင်းပေးစဉ် ပန်းခြံအဖြစ် သတ်မှတ်ထားသော နေရာဖြစ်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ ပြန်လည်လွှဲပြောင်းပေးရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပန်းခြံအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **ရန်ကုန်စည်ပင်သာယာရေး နယ်နိမိတ်ရှိ မီးပွိုင့်များကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မီးပွိုင့်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တင်ဒါစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရာ၌ လုပ်ငန်းအတွက် နိုင်ငံတော်မှ ဘဏ္ဍာငွေပေးချေရခြင်း သက်သာစေရန် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် မီးပွိုင့်ဧရိယာတွင် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခွင့်ပြုသည့်လုပ်ငန်းကို ပူးတွဲလုပ်ကိုင်ခွင့်ပြုရန် မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနု မေးမြန်းစဉ်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ အင်တောကျေးရွာအုပ်စု အင်တော-ယာကြီးပြင်လမ်းအား အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ရေနံချောင်းမြို့နယ်အတွင်းရှိ အင်တောကျေးရွာအုပ်စု အင်တော-ယာကြီးပြင်လမ်းရှိ အရှည်(၁၅)မိုင် (၁)ဖာလုံ အဆင့်မြှင့်တင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းပါ ပြင်ဆင်ရန်အချက်ပေါင်း ၁၀၃ ချက်နှင့်စပ်လျဉ်း၍ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း တစ်ပုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ပေးပို့လာသည့် **ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥပဒေ၊ နေပြည်တော်ကောင်စီဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ**တို့ကို ပြင်ဆင်သည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာများ ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# တာချီလိတ်၌ မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီစည်းဝေး

**တာချီလိတ် ဇူလိုင် ၃**

မြန်မာ-ထိုင်း နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့၏ (၈၃) ကြိမ်မြောက် မြန်မာ-ထိုင်း မြို့နယ်အဆင့် နယ်ခြားကော်မတီ ပုံမှန်အစည်းအဝေးကို နံနက် ၉ နာရီက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဇန်မွန်းအာခါ ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ တာချီလိတ်မြို့ တပ်နယ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်သွင်ဦး ဦးဆောင်သော အဖွဲ့ဝင် ၂၂ ဦးနှင့် ထိုင်းနိုင်ငံ အမှတ် (၂)လှုပ်ရှား ယန္တရားတပ်မှ ဗိုလ်မှူးကြီး ပရဖတ်ဖုတ်ဆူဝမ်း ဦးဆောင်သောအဖွဲ့ဝင် ၅၅ ဦးတို့ တက်ရောက်သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက မိန့်ခွန်းများ ပြောကြားပြီး မူးယစ်ဆေးဝါး နှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများကို ပူးပေါင်းကာကွယ်တားဆီးရေးနှင့် နှစ်နိုင်ငံ နယ်နိမိတ်ကိစ္စရပ်များ ဆွေးနွေးရာတွင် မယ်ဆိုင်ချောင်းတစ်လျှောက် ဆောင်ရွက်ထားရှိသော ကျောက်သားလမ်း၊ ရေတားတမံ၊ မြေထိန်းနံရံဆောက်လုပ်ခြင်း၊ သဲစုပ်လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကြောင့် ရေစီးကြောင်းပြောင်းလဲ၍ မြန်မာဘက်ကမ်းတွင် ရေတိုက်စားခြင်း၊ ကမ်းပါးပြိုခြင်း၊ စိုက်ပျိုးမြေဆုံးရှုံးခြင်း၊ ချောင်းရေလျှံတက်မှုများ ဖြစ်ပေါ်ခြင်းတို့ဖြစ်ပွားပြီး ထိုင်းဘက်ခြမ်းတွင် သောင်ဖြစ်ထွန်းခြင်းများ ဖြစ်ပေါ်မှုကြောင့် နယ်နိမိတ် အငြင်းပွားမှုများဖြစ်ပေါ်လာနိုင်သဖြင့် ရပ်တန့်ခြင်း၊ ဖယ်ရှားခြင်းတို့ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားသည်။

နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုနှင့် မိမိတို့ နိုင်ငံကို ဆန့်ကျင်ပြီး နိုင်ငံအကျိုးစီးပွားနှင့် အများသူငှာ အသက်အိုးအိမ် စည်းစိမ်ဉစ္စာ ပျက်စီးရာပျက်စီးကြောင်း ဆောင်ရွက်နေသည့် ကိုးကန့်သောင်းကျန်းသူတို့ကို ဖမ်းဆီးရမိရေး ကူညီစုံစမ်းပေးစေလိုကြောင်းနှင့် မယ်ဆိုင်မြို့သို့ သွားရောက်လည်ပတ်ရာမှ နယ်မြေကျော် ဖမ်းဆီးခြင်းခံခဲ့ရကာ တစ်လခန့် ချုပ်နှောင်ထားပြီးမှ ပြန်လည်လွှဲပြောင်းပေးသဖြင့် နောင်တွင် တရားမဝင်အလုပ်သမား ဖမ်းဆီးရမိပါက ချက်ချင်းလွှဲပြောင်းပေးရန်၊ လွယ်တော်ခမ်း ကျေးရွာအုပ်စုအတွင်း ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်၌ ထိုင်းနိုင်ငံဘက်မှ ရေပြွန်များ တပ်ဆင်ထားပြီး မိုးရွာသွန်းသည့်အခါ ထိုင်းနိုင်ငံဘက်မှ ရေများ တာချီလိတ်မြို့ရှိ နာကျဲချောင်းအတွင်းသို့ ရေများစီးဆင်းစေခဲ့မှုကြောင့် ချောင်းတစ်လျှောက်ရှိ လယ်မြေများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ရေပြွန်များတပ်ဆင်ထားသည့် နေရာများကို ညှိနှိုင်းဖြေရှင်းရန်တို့ကို ဆွေးနွေးခဲ့သည်။

တာလော့ရပ်ကွက်အနီး မယ်ဆိုင်ချောင်းကို ၁၅ ကီလိုမီတာအကွာအဝေး ဆွတ်ဆိုင်ရွာအထိ ချောင်းဆယ်ခြင်းပြုလုပ်လိုကြောင်း၊ ထိုင်းနိုင်ငံဘက်မှ ဆွေးနွေးခဲ့သည်။ တာချီလိတ်-မယ်ဆိုင် နှစ်နိုင်ငံဒေသခံများရေကြီးမှုကို အလျင်အမြန် သိရှိနိုင်ရေးအတွက် အန္တရာယ်သတိပေးစက်ကိရိယာကို နယ်ခြားကော်မတီ ထိုင်းဘက်မှ လာရောက်တပ်ဆင်နိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေး စခန်းသစ်များ ဖွင့်လှစ်ရေး၊ မြန်မာနိုင်ငံ မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်ရှိ ကွိ့ဖာဝေါက် ကုန်သွယ်ရေးလမ်းကြောင်း BP-1 ဖွင့်လှစ်နိုင်ရေး၊ အမှတ် (၁) ချစ်ကြည်ရေးတံတား ခိုင်ခံ့ပြီး ပြင်းထန်သည့်ရေစီးကြောင်း တိုက်စားခြင်းဒဏ်ခံနိုင်ရန်နှင့် ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်း AEC အတွက် အသင့်ဖြစ်စေရန် ထိုင်းနိုင်ငံဘက်မှ ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

*** ရွှေဖုံးမှ**

စီးပွားရေးဇုန်နှင့် ပတ်သက်ပြီး မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအစည်းအဝေးတစ်ရပ် ကျင်းပနိုင်ခဲ့ကြောင်း။

ထိုအစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ထူထောင်ရေးအတွက် ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများပေးအပ်ရန် ဂျပန်နိုင်ငံက ကမ်းလှမ်းခဲ့ခြင်းကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

အစည်းအဝေးက ထွက်ပေါ်လာသည့်ရလဒ်များကို စုစည်းကာ ကနဦးအဆင့် လုပ်ငန်းများဖြစ်သည့် ကာလတို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ဒေသခံပြည်သူများထံ စီမံကိန်းအကျိုးကျေးဇူးများကို အသိပေးခြင်း၊ စီမံကိန်း စတင်အကောင်အထည်ဖော်ခြင်းများကို ဦးစားပေးဆောင်ရွက်နေပြီး ယခုနှစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အဆိုပါဆောက်လုပ်ရေးလုပ်ငန်းများတွင် ၂၇ စတုရန်းကီလိုမီတာအကျယ်အဝန်းရှိသည့် စက်မှုကုန်ထုတ်ရပ်ကွက်၊ ထိုင်းနိုင်ငံနှင့် ဆက်သွယ်သည့် ကားလမ်း၊ အလုပ်သမားများနေထိုင်ရန် မြို့နယ်၊ LNG ဓာတ်ငွေ့တင်ပို့ရေး ဆိပ်ကမ်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဆိပ်ကမ်းနှင့် ရေလှောင်ဆည်များ ပါဝင်မည်ဖြစ်ပါကြောင်း။

ယခုကျင်းပမည့် (၇)ကြိမ်မြောက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဲခေါင်အဖွဲ့ဝင် ငါးနိုင်ငံ၏ စီးပွားရေးဖိုရမ်တွင် တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

မြန်မာ-ဂျပန် ထိပ်သီးအစည်းအဝေးကာလအတွင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ပတ်သက်သည့် Memorandum of Intent ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း။

ထားဝယ် အထူးစီးပွားရေးဇုန်နယ်မြေသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ကုန်းလမ်းမှ ဆက်သွယ်ပေးမည့် မဟာမဲခေါင် တောင်ဘက် စီးပွားရေးစင်္ကြံ၏ အနောက်တံခါးပေါက်အဖြစ် မဟာဗျူဟာကျစွာ တည်ရှိနေကြောင်း။

အဆိုပါ စီးပွားရေးစင်္ကြံသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၊ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့မှတစ်ဆင့် ထားဝယ်ဒေသအထိ ရောက်ရှိမည့် စင်္ကြံဖြစ်ပြီး ဒေသတွင်းနိုင်ငံများအကြား ဆက်သွယ်မှုလွယ်ကူကာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် ကမ္ဘောဒီးယားနယ်စပ်မှ မြန်မာနယ်စပ်အထိ ဖောက်လုပ်မည့် ဂျပန်-ထိုင်း ပူးပေါင်းရထားလမ်းကွန်ရက်၏ အဆက်အဖြစ် ထားဝယ်အထိ ဆက်လက်ဖောက်လုပ်နိုင်ရေး သုံးနိုင်ငံ ဆွေးနွေးလျက်ရှိကြောင်း။

စက်မှုဇုန်များ၊ စီးပွားရေးဇုန်များ ဖော်ဆောင်မှုနှင့်အတူ ယှဉ်တွဲတွေ့ကြုံရသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတစ်ရပ်ကိုလည်း ရေးဆွဲနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံမှ စီးပွားရေးဇုန်များ၊ စက်မှုဇုန်များတွင် အစိုးရချင်းဖြစ်စေ၊ ပုဂ္ဂလိကအနေဖြင့်ဖြစ်စေ နည်းပညာဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်လိုကြောင်း ပြောကြားခဲ့သည်။

မဲခေါင်အဖွဲ့ဝင် ငါးနိုင်ငံ၏ လူဦးရေမှာ သန်း ၂၃၀ ရှိပြီး ဒေသတွင်း ဝင်ငွေအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ စားသုံးသူဈေးကွက်ဖြစ်လာသည်။ ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း မဲခေါင်ဒေသ၏ ဂျပန်ကုန်သည်၊ စက်မှုအသင်းဝင် ဂျပန်ကုမ္ပဏီပေါင်း တစ်ထောင်ကျော်ရှိလာခဲ့သည်။မဲခေါင်ဒေသတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံရှိပြီး ထိုပမာဏမှာ ဂျပန်နိုင်ငံ၏ တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် အတူတူပင်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ




နေပြည်တော် ဇူလိုင် ၃

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် သီရိရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း တက်ရောက်ချီးမြှင့်သည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက "မြန်မာအမျိုးသမီးများနေ့" အထိမ်းအမှတ်ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက ၂၀၁၅ ခုနှစ် အာဆီယံအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်ထူးချွန်ဆု ရရှိကြသည့် ဒေါ်ခိုင်ဇော်၊ ဒေါက်တာ ဒေါ်သက်သက်ခိုင်နှင့် အရှေ့တောင်အာရှစာပေဆုရ စာရေးဆရာမ ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမူန်က ၂၀၁၄ ခုနှစ် ထူးချွန် အမျိုးသမီးရဲတပ်ဖွဲ့ဝင် ရဲမှူးခင်လေးမြင့်၊ ထူးချွန်အမျိုးသမီးအားကစားမယ် မြန်မာလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ၂၀၁၃ ခုနှစ် အမျိုးသားစာပေ(ဝတ္ထုတိုပေါင်းချုပ်) ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ၂၀၁၄ ခုနှစ် ထူးချွန်အမျိုးသမီး ကြက်ခြေနီတပ်ဖွဲ့ဝင် ဒေါ်နန်းမာန့်ခလိမ်း၊ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ သိပ္ပံသာသာတွဲ အမှတ်အများဆုံး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းက ၂၀၁၄ ခုနှစ် ထူးချွန်အမျိုးသမီး မသန်စွမ်းအားကစားမယ် ဒေါ်မကြီး၊ အကြိမ် (၆၀)နှင့်အထက် အများဆုံးသွေးလှူဒါန်းသူ အမျိုးသမီးသွေးလှူရှင် ဒေါ်ဝင်းသန်းတို့အား ဆုများပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ကျင်ခိုင်က မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆု လှိုင်သန်းတင့်(ရွှေပန်းချီ- ရမည်းသင်း)၊ ဒုတိယဆု ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)နှင့် တတိယဆုငွေးလွင် (အမရပူရ)တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး အဖွဲ့ချုပ်နာယက ဒေါ်မြသိဂီက ရောင်စုံဓာတ်ပုံပြိုင်ပွဲ အထူးဆုများ ရရှိကြသည့် ဦးကျော်မျိုးသီဟ၊ မင်းမင်းထွန်း၊ ဦးစိုးမင်း(စိုးမင်း-အောင်သီဟ)၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)တို့အား ဆုများပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ခင်မိမိက မြန်မာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ ပထမဆုရ မမေစိမ်းဝင်း(ကောင်းကင်မေ-စီးပွားရေးတက္ကသိုလ်)၊ ဒုတိယဆုရ ဦးစိန်ဝင်း(ပန်းမြိုင်လယ်)၊ တတိယဆုရ (သိမ့်စီးပွားရေးတက္ကသိုလ်)တို့အား ဆုများပေးအပ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက ဝတ္ထုတိုပြိုင်ပွဲ အထူးဆုများရရှိကြသည့် ဦးသက်နိုင်(သက်နိုင်-ပြင်ဦးလွင်)၊ ဒေါ်တင်ဥမ္မာအောင် (မြနှင်းဝေအောင်)၊ မင်းစိုးသူရ(မင်းသွေးငယ်-ရာမည မြေ)၊ ဦးမျိုးလွင်(ခ)စိုင်းလုံ (နန်းညိုမာလွင်-ကလော)နှင့် ဒေါ်နန်းစောညွန့် (စောငယ်ငယ်-မိုးညှင်း) တို့အား ဆုများပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လှုပ်ရှားမှု VIDEO မှတ်တမ်းပြသပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယကများနှင့် တာဝန်ရှိသူများက အမျိုးသမီးရေးရာလုပ်ငန်းဆိုင်ရာစာအုပ်များ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)နှင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်ဘဝ မြှင့်တင်ရေးအသင်းတို့မှ နာယကများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အစိုးရ မဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီစတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်သည် မြန်မာနိုင်ငံရှိ အမျိုးသမီးထုတစ်ရပ်လုံးကို အမျိုးသားရေးစိတ်ဓာတ်နိုးကြားစေရန် တပ်လှန့်နှိုးဆော်လိုက်သည့် ထူးခြားသည့်နေ့ဖြစ်ရာ ထိုနေ့ကိုပင် မြန်မာအမျိုးသမီးများဆိုင်ရာ လုပ်ငန်းများ သီးခြားထူးခြားစွာ ဆောင်ရွက်နိုင်ရန် "မြန်မာအမျိုးသမီးများနေ့"အဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံတစ်ဝန်းလုံးတွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများကို ကျင်းပခဲ့ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်(၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား ဂျပန်နိုင်ငံ ဘုရင်မင်းမြတ်က လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံ

**တိုကျို ဇူလိုင် ၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် တိုကျိုမြို့ရှိ ဂျပန်ဘုရင့်နန်းတော်၌ ဂျပန်နိုင်ငံဘုရင် အကီဟီတိုက (၇)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် လက်ဖက်ရည်ပွဲသို့ တက်ရောက်သည်။

အဆိုပါဧည့်ခံပွဲသို့ မဲခေါင်ဒေသခွဲနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့ တက်ရောက် ကြသည်။

ဂျပန်ဘုရင် အကီဟီတိုသည် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

ထို့နောက် ဂျပန်ဘုရင်က ဧည့်သည်တော်များအား လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ကျင်းပလျက်ရှိသည့် မဲခေါင်- ဂျပန်ထိပ်သီးအစည်းအဝေးအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံဝန်ကြီးချုပ်က ပေးပို့သည့် သဝဏ်လွှာအား ဖော်ပြအပ်ပါသည်-

# မဲခေါင်ဒေသ၏ "အရည်အသွေးမြင့်မားစွာ ကြီးပွားတိုးတက်မှု" ဖြစ်ထွန်းမှုဆီသို့

ဇူလိုင်လ ၄ ရက်နေ့တွင် အဆွေတော်ခေါင်းဆောင်များကို တိုကျိုမြို့သို့ဖိတ်ခေါ်ပြီး မဲခေါင်ဒေသကို ယခုထက်ပို၍ အားမာန်နှင့် ဆွဲဆောင်မှုအပြည့်အဝရှိသည့် ဒေသဖြစ်စေရန်အလို့ငှာ (၇) ကြိမ်မြောက် ဂျပန်-မဲခေါင်ဒေသ ထိပ်သီးအစည်းအဝေးကို ကျင်းပနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်မိပါသည်။

ယခုနှစ်မှာ အာဆီယံအသိုက်အဝန်းကဖွဲ့စည်းသည့် သမိုင်းမှတ်တိုင်နှစ်ဖြစ်ပြီး အတူတကွ ကြီးပွားတိုးတက်သွားမည့် ဒေသနိုင်ငံများ၏ခေါင်းဆောင်များနှင့် ဂျပန်နိုင်ငံ၏လုပ်ဖော်ကိုင်ဖက်ရပ်တည်မှုနှင့် ပတ်သက်ပြီး ရိုးသားပွင့်လင်းစွာဆွေးနွေးနိုင်ပြီး ယခုထက်ပို၍ ပူးပေါင်းဆောင်ရွက်ခြင်းကို လုပ်ဆောင်ပြီး အပြန်အလှန်သဘောတူနိုင်ခြင်းသည် အလွန်အရေးကြီးပါသည်။ ထို့ပြင် ယနေ့ရွေးချယ်မည့် (အသွင်သစ်တိုကျို မဟာဗျူဟာ ၂၀၁၅)မှတစ်ဆင့် အာဆီယံအသိုက်အဝန်းဖွဲ့စည်းခြင်းအပေါ်မှာ မဲခေါင်ဒေသနိုင်ငံများကို ကောင်းချီးသြဘာပေးလိုပါသည်။



ဂျပန်အစိုးရ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

လေယာဉ်ပျံပေါ်မှမြင်ရသည့် စိမ်းလန်းစိုပြည်သော မြေပြင်၊ လမ်းမသို့ထွက်လျှင်လည်း အားမာန်အပြည့်နှင့် လှုပ်ရှားနေသောဈေးနှင့် ရုံးခန်းများ၊ ၎င်းနောက်အစဉ်အလာရှိခဲ့သည့် ယဉ်ကျေးမှုနှင့် ဓလေ့ရိုးရာ၊ ကျွန်တော်သည် ၂၀၁၂ခုနှစ်တွင် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်အချိန်က ပထမဦးစွာ နိုင်ငံခြားအလည်အပတ်ခရီးစဉ်အဖြစ် မဲခေါင်ဒေသသို့ သွားရောက်ခဲ့သည့်အခါတိုင်း ၎င်းအချိန်တွင်ရော၊ နောက်ပိုင်းမှာပါ မဲခေါင်ဒေသသို့သွားရောက်ခဲ့သည့် ခရီးစဉ်များသည် ကျွန်တော့်ကို ဆွဲဆောင်မှုရှိပါသည်။

ကုန်းလမ်း၊ ရေလမ်းပို့ဆောင်ရေး ဗဟိုချက်ဖြစ်သည့် မဲခေါင်ဒေသ၏ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် ဂျပန်နိုင်ငံအတွက် အရေးကြီးပါသည်။ ထို့ပြင် အနာဂတ်မှာ ကြွယ်ဝချမ်းသာစွာ တိုးတက်နိုင်သည့် လုပ်ဖော်ကိုင်ဖက်နိုင်ငံအဖြစ် အတူတကွ ရှင်သန်နေထိုင်သွားမည်ဟု မျှော်လင့်ထားပါသည်။

ယခုချိန်အထိ မဲခေါင်ဒေသတွင်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်းမှ ဒေသတွင်းဆက်နွယ်မှုများ တိုးတက်သည်အထိ ဘိုးဘွားဘီဘင်များက အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။ ထို့ပြင် ဂျပန်လူမျိုးများက ဒီအတွက် အလုပ်လုပ်ပြီး မတည်ငွေနှင့် နည်းပညာ၊ အတွေ့အကြုံများကို ဂျပန်နိုင်ငံမှ ယင်းဒေသများဆီသို့ ရောက်သွားပြီဖြစ်ပါသည်။

မဲခေါင်ဒေသတွင် အာရှအရှေ့အနောက်စီးပွားရေးလမ်းမဆောက်လုပ်ခြင်း စသည့် ဂျပန်နိုင်ငံ၏ ဆက်လက်ကြိုးစားအားထုတ်မှုများသည် လက်တွေ့တိုးတက်မှုများကို မြင်တွေ့နေရပါသည်။ ယခုနှစ်ထဲမှာလည်း ဗီယက်နမ်နိုင်ငံ၌ ဇန်နဝါရီလတွင် နိုဘိုင် (Noi Bai) အပြည်ပြည်ဆိုင်ရာ လေဆိပ် အမှတ်(၂) ဆိုက်ရောက်ထွက်ခွာ အဆောက်အအုံနှင့် ညတန် (Nhat Tan) တံတားပြီးစီးခြင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ Tsubasa တံတားကို ဧပြီလတွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဂျပန်နိုင်ငံက အတွေ့အကြုံနှင့် နည်းပညာအမျိုးမျိုးကို မဲခေါင်ပြည်သူများထံ အစွမ်းကုန် ပေးအပ်ချင်ပါသည်။

အခြေခံအဆောက်အအုံ တိုးတက်ဖွံ့ဖြိုးခြင်းသာမက ဉာဏပိုင်းတွင်လည်း ဝိုင်းဝန်းကူညီပေးခြင်းသည် အသွင်သစ် တိုကျိုမဟာဗျူဟာ၏မဏ္ဍိုင်တစ်ခုဖြစ်ပါသည်။ နိုင်ငံအသီးသီး၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် တရားဥပဒေစနစ်တိုးတက်ရန်အတွက် ဂျပန်နိုင်ငံက တတ်စွမ်းသမျှ ဝိုင်းဝန်းလုပ်ဆောင်သွားပါမည်။

ဂျပန်အစိုးရသည် (အရည်အသွေးမြင့်မားသော အခြေခံအဆောက်အအုံ) စီးပွားဖက်အဖြစ်ကို ကြေညာပြီး ADB နှင့် စည်းလုံးညီညွတ်စွာလက်တွဲပြီး ၅ နှစ်အတွင်း ၁၁၀ ဘီလီယံ ဒေါ်လာ ပမာဏရှိသော (အရည်အသွေးမြင့်မားသောအခြေခံအဆောက်အအုံ) ရင်းနှီးမြှုပ်နှံမှုကို အာရှဒေသအတွက်ပေးအပ်ပါမည်။ မဲခေါင်ဒေသသည် အရေးကြီးဆုံးဒေသဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု၏ အသီးအပွင့်ကို အတူတကွ ပျိုးထောင်သွားကြပါစို့လား။

မဲခေါင်ဒေသ၏ဖွံ့ဖြိုးတိုးတက်လာမည့်အနာဂတ်ကို မြင်ချင်ပါသည်။ စွမ်းအင်လိုအပ်မှု များပြားလာခြင်းနှင့် ကားအစီးရေများပြားလာသည့်အပေါ်မှာ အခြေခံအဆောက်အအုံနှင့် လူနေမှုစနစ်ကို အဆင့်မြှင့်ပေးရန် လိုအပ်ပါသည်။ သက်ကြီးရွယ်အိုအရေအတွက် များပြားလာသည့် လူမှုရေးနယ်ပယ်တွင် ကျန်းမာရေးနှင့် ဆေးကုသပေးသည့်ဝန်ဆောင်မှု အဆင့်မြှင့်ပေးရမည်ဖြစ်ပါသည်။ ထူးခြားဆန်းသစ်သော စိန်ခေါ်မှုအသစ်များကို ဖြေရှင်းနိုင်ရန် အရေးကြီးပါသည်။

ဂျပန်နိုင်ငံသည် သံယဇာတနည်းပါးသော ကျွန်းနိုင်ငံအနေဖြင့် အသုံးချရမည့် စွမ်းအင်ပမာဏကို လျှော့ချနိုင်ခဲ့ပါသည်။ လျှင်နှင့် စူနာမီကဲ့သို့ သဘာဝဘေးအန္တရာယ်ကိုလည်း အကြိမ်ကြိမ်ဖြေရှင်းနိုင်ခဲ့ပါသည်။ ဤကဲ့သို့သော ဂျပန်နိုင်ငံ၏အတွေ့အကြုံကိုလည်း မျှဝေပေးချင်ပါသည်။ အစိမ်းရောင်မဲခေါင်ဒေသကို အကောင်အထည်ဖော်ပြီး အရည်အသွေးမြင့်မားစွာ ကြီးပွားတိုးတက်အောင် အထောက်အကူပြုချင်သည့် ဆန္ဒရှိပါသည်။ ဒါက စိတ်ထဲမှာ တကယ်ရှိသည့်ဆန္ဒဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခြေလှမ်းနှင့်အတူ နှစ်နိုင်ငံဆက်ဆံရေးသည် အသစ်တစ်ဖန်တိုးတက်မှုအဆင့်တစ်ဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဂျပန်နိုင်ငံသည် အစိုးရပုဂ္ဂလိကပူးပေါင်း၍ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုများကို ကူညီထောက်ပံ့လာခဲ့ပါသည်။ ထိုအခါ မြန်မာပြည်သူ ပြည်သားများအနေဖြင့် ပြုပြင်ပြောင်းလဲရေးတိုးတက်အောင်မြင်မည်ဆိုလျှင် ကြွယ်ဝချမ်းသာလာနိုင်မည်ဟု လက်တွေ့ခံစားသိရှိနိုင်စေဖို့က အရေးကြီးသည်ဟု ထင်မြင်ယူဆမိပါသည်။ ၎င်းယူဆချက်ဖြင့် ဂျပန်နိုင်ငံသည် ရန်ကုန်ဆင်ခြေဖုံးဒေသဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန်တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးလုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုစီးပွားပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်ပါသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုသည် အရေးကြီးသောအချိန်ကို ရောက်ရှိနေပြီဖြစ်ပြီး ဂျပန်အစိုးရသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ချိတ်ဆက်လျက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကြိုးပမ်းချက်များကို အခိုင်အမာ ကူညီထောက်ပံ့သွားရန် ဆုံးဖြတ်ထားပါသည်။

ယခုအကြိမ် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးနှင့်တိုက်ဆိုင်ကာ ဂျပန်-မဲခေါင် ၁၅ နှစ်အောက် ဘောလုံးအားကစား နှီးနှောဖလှယ်ခြင်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မဲခေါင်နိုင်ငံအသီးသီးမှ ၁၅ နှစ်အောက် ဘောလုံးကိုယ်စားလှယ်များကိုဖိတ်ကြားပြီး ဂျပန်နိုင်ငံမှ အရွယ်တူလူငယ်ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီး နှီးနှောဖလှယ်စေခဲ့ပါသည်။ သူတို့သည် ၂၀၂၀ ခုနှစ် တိုကျိုအိုလံပစ်မျိုးဆက်သစ်များ ဖြစ်ပါသည်။ ယခု လက်ရွေးစင်အားကစားသမားများထဲမှ ဖြစ်နိုင်သလောက် အများအပြားက ယခုတစ်ခေါက် အိုလံပစ်အားကစားသမားတွေအဖြစ် ၂၀၂၀ခုနှစ်မှာ တိုကျိုကို အရောက်ပြန်လာကြလိမ့်မည်ဟု မျှော်လင့်နေပါသည်။

ဂျပန်နှင့် မဲခေါင်ဒေသနိုင်ငံများက နှစ်ပေါင်းများစွာ ထူထောင်ခဲ့သော ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအောက်တွင် လက်တွဲညီညီဖြင့် အာရှနှင့် နိုင်ငံတကာအသိုက်အဝန်းအားလုံး၏ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် ဆက်လက်ထောက်ပံ့သွားနိုင်ဖို့ မျှော်လင့်ရင်း သမ္မတကြီး ဦးသိန်းစိန်နှင့် အခြားမဲခေါင်ဒေသခေါင်းဆောင်များကို တိုကျိုမြို့မှာ ကြိုဆိုရမည့်အချိန်ကို ပျော်ရွှင်စွာ မျှော်လင့်စောင့်စားလျက်ရှိပါသည်။

**ဂျပန်အစိုးရ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး**

❖ *ကျောဖုံးမှ*

ပေါက်တောမြို့နယ်နှင့် မြေပုံမြို့နယ်တို့တွင် ပုစွန်မွေးမြူရေးကန်များ မိုးများ၍ နိမ့်ကျကာ အချို့မှာ ကျိုးပေါက်သွားခဲ့ရသည်။ ပေါက်တောမြို့နယ် မြင်းချောင်းရွာ၌ စာသင်ကျောင်းပျက်စီးသွားပြီး မြေပုံမြို့နယ် ငမန်းရဲကျွန်း လွမ်းလုံးပိုက်ကျေးရွာ၌ ဆောက်လုပ်ဆဲ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသည် မိုးကြီး၍ အုတ်နံရံများ ပြိုကျသွားကြောင်း ရွာသားများ၏ပြောပြချက်အရ သိရသည်။

အမ်း၊ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ ဘူးသီးတောင်၊ မောင်တောမြို့များသည် ထိခိုက်ဆုံးရှုံးမှုများသောမြို့များဖြစ်ကြောင်း သိရသည်။ လူနှင့် တိရစ္ဆာန်သေဆုံးမှုများရှိပြီး စိုက်ပျိုးမြေ များစွာ ပျက်စီးဆုံးရှုံးခဲ့သည်။ အမ်းမြို့နယ်၌ အမျိုးသား လေးဦး၊ တောင်ကုတ်မြို့နယ်၌ အမျိုးသား တစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့သည်။

တောင်ကုတ်၊ အမ်းနှင့် သံတွဲမြို့များတွင် တောင်ကျရေများကြောင့် နေအိမ်အချို့ ရေစီးနှင့် မျောပါသွားခဲ့ရသည်။

**ငါးရှာထွက်သူများအခက်ကြုံခဲ့**

လေပြင်းတိုက်ခြင်း၊ လှိုင်းကြီးခြင်း၊ မိုးသည်းထန်စွာ ရွာခြင်းတို့ကြောင့် ပင်လယ်ပြင်ငါးဖမ်းစက်လှေများ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ မြစ်၊ ချောင်းများအတွင်း ငါးဖမ်းလှေများ ငါးမရှာနိုင်ကြသဖြင့် ငါး/ပုစွန် ဈေးနှုန်းများမြင့်တက်နေကြောင်း ဈေးဝယ်သူများက ပြောပြသည်။

**ကုန်ဈေးနှုန်းများ မြင့်တက်နေ**

စားကုန်ဈေးနှုန်းများမှာ မိုးကြီးပြီးနောက်ပိုင်းတွင် ပိုမိုမြင့်မားနေကြောင်း သိရသည်။ ပဲဆီတစ်ပိဿာလျှင် ယခင်ငွေကျပ် ၄၂၀၀ မှ ယခု ငွေကျပ် ၅၀၀၀ ကျော်အထိ လည်းကောင်း၊ ကြက်သွန်နီ တစ်ပိဿာ ယခင်ငွေကျပ် ၇၀၀ မှ ယခု ငွေကျပ် ၉၀၀ အထိ လည်းကောင်း၊ ကြက်သွန်ဖြူ တစ်ပိဿာ ယခင်ငွေကျပ် ၂၄၀၀မှ ယခု ငွေကျပ် ၂၆၀၀ အထိလည်းကောင်း၊ သကြားတစ်ပိဿာ ယခင်ငွေကျပ် ၁၂၀၀ မှ ယခုငွေကျပ် ၁၅၀၀အထိ လည်းကောင်း၊ နို့ဆီတစ်လုံး ယခင်ငွေကျပ် ၅၅၀ မှ ယခု ငွေကျပ် ၆၅၀ အထိ လည်းကောင်း၊ ခေါက်ဆွဲတစ်စည်းကို ယခင်ငွေကျပ် ၃၅၀ မှ ယခုငွေကျပ် ၄၅၀ အထိ လည်းကောင်း ရောင်းချနေကြသည်။ ဖယောင်းတိုင်မှာ ယခင်က တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ မှ ယခုငွေကျပ် ၆၅၀ အထိ လည်းကောင်း ဖြစ်နေပြီး ခေတ်ဆီ၊ ဒီဇယ်ဆီများလည်း ဈေးအနည်းငယ် မြင့်တက်နေသည်။

သားငါးဈေးနှုန်းများမှာ ယခင်ကထက် မြင့်တက်သွားသည်။ ဟင်းသီးဟင်းရွက်ဈေးနှုန်း ယခင်ကထက်နှစ်ဆခန့် မြင့်တက်သွားသည်။ အထူးသဖြင့် ရိုးမအရှေ့ဘက်မှ လာသော သီးနှံများ ဈေးကြီးပေးဝယ်နေရသည်။

**ကျပ်သန်းပေါင်း ၁၈၀၀ ကျော်ပျက်စီး**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အတည်ပြုထုတ်ပြန်ချက်အရ ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်အတွင်း မိုးရွာသွန်းမှုများတွင် ပြည်နယ်တစ်ခုလုံး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် သန်းပေါင်း ၁၈၀၇ ဒသမ ၃၇ သန်းရှိကြောင်း သိရသည်။ သေဆုံးသူပေါင်း ခြောက်ဦး၊ တိရစ္ဆာန်သေဆုံးမှု ၂၅၀၅၅ ကောင်၊ စိုက်ပျိုးမြေဧက ၁၇၀၊ လူနေအိမ် ၅၅၀၊ စာသင် ကျောင်းငါးကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ လမ်းတံတား ၄၇ ခု ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

"ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပျက်စီးဆုံးရှုံးမှုတွေကို အချိန်နဲ့တစ်ပြေးညီ စာရင်းပြုစုပါတယ်။ မိုးသည်းထန်တဲ့ နယ်မြေတွေဆိုရင် ပိုပြီးပျက်စီးတာ တွေ့ရပါတယ်။ အစိုးရအဖွဲ့က တာဝန်ရှိသူတွေအနေနဲ့လည်း ကွင်းဆင်းဆောင်ရွက်မှုတွေ လုပ်နေကြပါတယ်။ အများဆုံးကတော့ အမ်းမြို့နယ်ပါ။ အမ်းမှာက လူလေးဦး သေဆုံးသွားတာ သိရပါတယ်" ဟု ပြည်နယ်အစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းက ပြောကြားသည်။

**ပျက်စီးလမ်း၊ တံတားများပြုပြင်နေ**

အမ်းမြို့နယ်အတွင်း ပျက်စီးသွားသော အလျား၊ အနံပေ ၂၀ ရှိ လမ်းနှင့် မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တော၊ အမ်း၊ သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ်များရှိ ပျက်စီးတံတားများကို ပြုပြင်ဆောင်ရွက်နေကြောင်း သိရသည်။

စစ်တွေမြို့ အဝေးပြေးဂိတ်ရှိ ရွှေပြည်သစ်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကားဂိတ်မှ တာဝန်ရှိသူတစ်ဦးက "လမ်းကတော့ တချို့ပြီးစီးသွားသလို၊ တချို့ပြုပြင်ဆဲပါ။ တံတားတွေလည်း ဒီလိုပါပဲ။ ကားတွေသွားလို့ ရအောင်တော့ လုပ်ထားတယ်လို့ ပြောပါတယ်။ လူစီးကားတွေက သွားတာ သုံးရက်လောက်ရှိပါပြီ။ ကုန်ကားတွေကတော့ သွားလို့ မရသေးပါဘူး"ဟု ပြောသည်။

# တပ်မတော်၏ ရပ်တည်ချက်နှင့် သဘောထားများ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုများတွင် ရှင်းရှင်းလင်းလင်းသိရန်လို



နေပြည်တော် ဇူလိုင် ၃

သင်တန်းတက်ရောက်လျက်ရှိသည့် အရာရှိများသည် တစ်ဆင့်ပြီးတစ်ဆင့် ပခုံးပြောင်းတာဝန်များ ဆက်လက်ထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် တပ်မတော်၏ ရပ်တည်ချက်နှင့် သဘောထားများ၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်မှုများတွင် ရှင်းရှင်းလင်းလင်းသိရန်လိုကြောင်း၊ **မိမိတို့ သွားနေသည့် နိုင်ငံရေးလမ်းကြောင်းသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ဖြစ်သည့်အတွက် ယင်းလမ်းကြောင်းမှနေ၍ သွေဖည်စရာအကြောင်းမရှိကြောင်း၊ ၄င်းအပေါ်တွင် မှန်မှန်ကန်ကန် တည်တည်ငြိမ်ငြိမ်ဖြင့် စည်းကမ်းနှင့်အညီ သွားရမည်ဖြစ်**ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ နံနက် ၈ နာရီတွင် ဗထူးတပ်နယ်ရှိတပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း၊ စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ သင်တန်းသားအရာရှိများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရ သက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ဗထူးတပ်နယ်မှ နည်းပြအရာရှိများနှင့် သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားအရာရှိများအတွက် ရွှေဖီဦးအသင့်ဖျော်လက်ဖက်ရည်ထုပ်များနှင့် စာအုပ်၊ စာစောင်များ ပေးအပ်ရာ ဗထူးတပ်နယ်မှူးက လက်ခံရယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်က အားကစားပစ္စည်းများ ပေးအပ်ရာ အရာခံနှင့် အကြပ်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသနေသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း၏ရောဂါအခြေအနေများမေးမြန်းကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဗထူးတပ်မြို့ အရာခံနှင့် အကြပ်ကြီးသင်ကျောင်း ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်း စုပေါင်းစားရိပ်သာ၌ သင်တန်းသားများနှင့် ရင်းနှီးစွာ နေ့လယ်စာအတူတကွ သုံးဆောင်ကြပြီး သင်တန်းသားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၎င်းနောက် အရာခံနှင့် အကြပ်ကြီးသင်ကျောင်း၌ အားကစားခန်းမနှင့် ဂျူဒိုခန်းမ ပြုပြင်ပြီးစီးမှုအခြေအနေနှင့် လုံ့စွပ်ထိုးနှင့် ဂျူဒိုသရုပ်ပြသမှုများအား ကြည့်ရှုစစ်ဆေးအားပေးပြီး သင်တန်းနည်းပြများအား အရည်အသွေးပိုမိုတိုးတက်စေရန်အတွက် ပြည်တွင်းပြည်ပသင်တန်းများ စေလွှတ်ရေး၊ တပ်မတော်သားများကြံ့ခိုင်ရေးမှ တပ်မတော်အားကစားမြှင့်တင်ရေး၊ မြန်မာ့အားကစားမြှင့်တင်ရေးအတွက်ပါ ရည်မှန်းချက်ထားလုပ်ဆောင်ရေး မှာကြားသည်။ ထို့နောက် ပြေးလမ်းပါဘောလုံးကွင်းတည်ဆောက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း၌ ဗိုလ်သင်တန်းကျောင်းသမိုင်းပြတိုက်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချထားသော ရုပ်ရှင်ရုံများ မူလစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်းဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ်စနစ်ပြုပြင်ပြောင်းလဲရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၃

**ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ပုဂ္ဂလိကသို့အပြီးအပိုင်ရောင်းချပြီးသော ရုပ်ရှင်ရုံများအနက် မူလစာချုပ်ပါစည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသေးသော ရုပ်ရှင်ရုံများကို စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးနှင့် ဒစ်ဂျစ်တယ်စနစ်ပြုပြင်ပြောင်းလဲရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ ညနေ (၃)နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ရုပ်ရှင်ရုံများသည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အပြီးအပိုင်ရောင်းချခဲ့သော ရုပ်ရှင်ရုံများတွင် အချို့လုပ်ငန်းရှင်များအနေဖြင့် ရောင်းချခဲ့စဉ်က မူလစာချုပ်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိသေးသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ယနေ့ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း။

မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် အလေးအနက်ထား တိုက်တွန်းပြောကြားလိုကြောင်း၊ တချို့ရုပ်ရှင်ရုံများတွင် ဖလင်စနစ်မှ ဒစ်ဂျစ်တယ်စနစ်သို့အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောင်ရွက်ရမည့် အစီအမံများကို ဝန်ကြီးဌာနသို့ ယနေ့မှတစ်လအတွင်းတင်ပြရန်နှင့် ခြောက်လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမပြုနိုင်ပါက စာချုပ်ပါ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က လက်ရှိဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသော ပုဂ္ဂလိကလုပ်ငန်းရှင်များက ရုပ်ရှင်ရုံများ တည်ဆောက်ရေးနှင့် ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝယ်ယူသူလုပ်ငန်းရှင်အားလုံးက သိရှိနားလည်လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်းသိရှိရသဖြင့် ဝမ်းသာပါကြောင်း၊ စာချုပ်ပါအတိုင်း မပျက်မကွက်လိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် မည်သူ့ကိုမျှ ထိခိုက်နစ်နာစေလိုခြင်းမရှိပါကြောင်း၊ လုပ်ငန်းတာဝန်များ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေးကိုသာ ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အပြီးအပိုင် ဝယ်ယူထားသည့် ပုဂ္ဂလိက လုပ်ငန်းရှင် ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နိုင်ငံအတွင်း မတူညီသည့် ယုံကြည်မှုများနှင့် လူများအကြား ကွဲပြားခြားနားမှုများကို လက်ခံလျက် သဟဇာတရှိရှိဖြင့် ငြိမ်းချမ်းစွာ ဆက်လက်အတူယှဉ်တွဲနေထိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

၁။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသည့် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီ၏ (၂၉) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ)မှ တင်သွင်းသည့် မြန်မာနိုင်ငံနှင့်ပတ်သက်သော အဆိုမူကြမ်းတစ်ရပ်ကို (၃-၇-၂၀၁၅) ရက်နေ့တွင် ချမှတ်ခဲ့သည်။

၂။ ယင်းဆုံးဖြတ်ချက် အဆိုမူကြမ်းသည် မြန်မာနိုင်ငံ၏ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်မှုကို ထိပါးရာရောက်ခြင်း၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့်စပ်လျဉ်းပြီး မဟုတ်မမှန်စွပ်စွဲချက်များ ပါဝင်ခြင်း၊ ပြည်တွင်းစီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့် ကိစ္စများအား ဝင်ရောက်စွက်ဖက်ခြင်း၊ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုရှိနေခြင်းအား အထင်အမြင်လွဲမှားစေမည့် ဖော်ပြချက်များပါဝင်ခြင်းတို့ကြောင့် ဓမ္မဓိဋ္ဌာန်မကျသော ဆောင်ရွက်ချက်တစ်ရပ်သာဖြစ်ပြီး ဘာသာရေးကိစ္စအတွက် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီကို အသုံးချ၊ အမြတ်ထုတ်မှုတစ်ရပ်ဖြစ်သည်။

၃။ ထို့အပြင်၊ ယင်းအဆိုမူကြမ်းသည် မြန်မာနိုင်ငံအတွင်း မတူညီသော ဘာသာကိုးကွယ်သူများအကြား တည်ရှိနေသည့် ငြိမ်းချမ်းမှုနှင့် ညီညွတ်မှုကို ထိခိုက်ပျက်ပြားစေရန် ကြိုးပမ်းမှု တစ်ရပ်အဖြစ် သုံးသပ်ရရှိသည်။ ပိုမိုကျယ်ပြန့်စွာစဉ်းစားပါက ကမ္ဘာ့ဘာသာကြီးများအကြား ရှင်သန်ဖြစ်ထွန်းနေပြီး ဝိုင်းဝန်းထိန်းသိမ်းသွားရမည့် သဟဇာတဖြစ်မှုကို ထိခိုက်စေရန် အစပျိုးမှုတစ်ရပ်ဖြစ်ရာ သတိပြုရမည့် ခြေလှမ်းတစ်ရပ် ဖြစ်သည်။

၄။ သို့ဖြစ်ရာ ယင်းအဆိုမူကြမ်းအား လူ့အခွင့်အရေးကောင်စီ၌ စဉ်းစားဆောင်ရွက်ရာတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်က အဆိုမူကြမ်းတွင်ပါဝင်သော မြန်မာနိုင်ငံက လက်မခံသည့် အသုံးအနှုန်းကိုလည်းကောင်း၊ ဆုံးဖြတ်ချက်ပါ အပိုဒ်တစ်ပိုဒ်ချင်းစီကိုလည်းကောင်း၊ ပြင်းထန်စွာကန့်ကွက်လျက်ပယ်ချခဲ့သည်။ ထို့အပြင် အိုအိုင်စီ၏ အဆိုမူကြမ်း တစ်ရပ်လုံးသည် မြန်မာနိုင်ငံနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အမြဲတမ်းကိုယ်စားလှယ်က ခိုင်မာစွာရပ်တည်ပြောကြားခဲ့သည်။

၅။ မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ လူ့အခွင့်အရေးတိုးတက်ရရှိရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက်၊ နိုင်ငံအတွင်း မတူညီသည့် ယုံကြည်မှုများနှင့် လူများအကြား ကွဲပြားခြားနားမှုများကို လက်ခံလျက် သဟဇာတရှိရှိဖြင့် ငြိမ်းချမ်းစွာ ဆက်လက်အတူယှဉ်တွဲနေထိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက်**

# ရုရှားနိုင်ငံရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာရေရှည်တည်တံ့ခိုင်မြဲရေး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက မတည်ငွေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၃**

မြန်မာထေရဝါဒ ဗုဒ္ဓစင်တာ ကျောင်းလွှတ်ပူဇာသဘင်နှင့် သိမ်သမုတ်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပရာ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ် ဦးတင်ယုနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ မတည်အလှူရှင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် သင်တန်းတက်ရောက်လျက်ရှိသော အလှူရှင်အရာရှိများ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ သီတဂူဆရာတော်ကြီး အမှူးပြုသော သံဃာတော်များက အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပေးပြီး မြန်မာထေရဝါဒဗုဒ္ဓစင်တာကျောင်းလွှတ်ပူဇာသဘင်နှင့် သိမ်သမုတ်မင်္ဂလာ အထိမ်းအမှတ်အဖြစ် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ ဆရာတော်ဒေါက်တာ ခမ္မသာမိက ဩဝါဒချီးမြှင့်ပြီး ကျောင်းလွှတ်ပူဇာသဘင်နှင့် သိမ်သမုတ်မင်္ဂလာအတွက် သီတဂူဆရာတော်ကြီးက ဩဝါဒစကား မိန့်ကြားချီးမြှင့်သည်။

ယင်းနောက် ကျောင်းတိုက်ခန်းမအတွင်း သံဃာတော်အရှင်သူမြတ်များက သိမ်သမုတ်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဆက်လက်၍ ကျောင်းရေစက်ချပွဲနှင့် ဘွဲ့တံဆိပ်များချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ သီတဂူဆရာတော်ကြီးမှ ချီးမြှင့်ဖွဲ့ဆိုတော်မူအပ်သော ထုတိဝေဒလ္လဂါထာတော်(ပါဠိ၊ မြန်မာ)ကို သီတဂူခမ္မကထိက အရှင်ဒေဝိန္ဒာဘိဝံသက ရွတ်ဖတ်ခြင်း၊ မြန်မာထေရဝါဒဗုဒ္ဓစင်တာ ဖြစ်မြောက်ရေးအတွက် အလှူတော်ငွေများ ပေးအပ်ခြင်း၊ သီတဂူဆရာတော်ကြီးက မြန်မာထေရဝါဒဗုဒ္ဓစင်တာ ဖြစ်မြောက်ရေးအတွက် စွမ်းဆောင်ခဲ့သူများအား သာသနဒ္ဒါယိကာဘွဲ့များ မှတ်တမ်းတင်ချီးမြှင့်ခြင်း၊ သီတဂူဆရာတော်ကြီးက တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ကြွရောက်လာကြသူများက သံဃာတော်အရှင်သူမြတ်များထံ ဝါဆိုသင်္ကန်းနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ကြသည်။

မြန်မာထေရဝါဒဗုဒ္ဓစင်တာ ဖြစ်မြောက်ရေးအတွက် သီတဂူဆရာတော်နှင့် သံဃာတော်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်း၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ




မော်စကိုမြို့၌ မြေနေရာဝယ်ယူခြင်း၊ အဆောက်အအုံပြုပြင်တည်ဆောက်ခြင်းများ ပြုလုပ်ခဲ့ကြပြီး မြန်မာထေရဝါဒဗုဒ္ဓစင်တာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက အမေရိကန်ဒေါ်လာနှစ်သောင်း မတည်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(မြဝတီ)**

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နေပြည်တော်ကောင်စီနယ်မြေရှိ (၂၀၁၅-၂၀၁၆) ပညာသင်နှစ်တွင် သင်ကြားလျက်ရှိသော အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာ၊ ဆရာမများ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူတိုင်းအတွက် ပညာရေး (Education For All) အစီအစဉ်တွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကျောင်းသားလူငယ်များ၏ ကျန်းမာရေး၊ စာရိတ္တမြင့်မားရေး၊ ပညာရည်တိုးတက်မှုကဏ္ဍ အသီးသီးတွင် လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ မူလတန်းကြိုကျောင်းများ၊ အခြေခံကျောင်းများအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုပါ လှူဒါန်းထောက်ပံ့စီစဉ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ကလေးများ၏ ပညာရေးကဏ္ဍမြင့်တင်ရေးတွင် မိမိတို့အသင်းဝင်များအနေဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက ထောက်ပံ့လှူဒါန်းခြင်း အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ရာသက်ဆိုင်ရာ ကျောင်းအသီးသီးတို့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယနေ့အသင်းမှ ထောက်ပံ့လှူဒါန်းသည့်ကျောင်းများမှာ နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်း ၁၀ ကျောင်းနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းတစ်ကျောင်းတို့မှ ကျောင်းသားကျောင်းသူ ၂၈၂၅ ဦးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးဝန်ထမ်းမိသားစုများ၏ ကလေး ၁၃ ဦး အပါအဝင် ၂၈၃၈ ဦးတို့ကို ပေးအပ်လှူဒါန်းရာ စုစုပေါင်း တန်ဖိုးငွေကျပ်အနေဖြင့် ၁၀၁ သိန်းကျော်တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

# ဇူလိုင် ၃ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၀၅၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၇၆၀၀၀ |
| ၈ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၇၉၀၀၀ မှ ၈၀၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၁၀၀၀၀ |
| ၁၀ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၃၀၀၀၀ မှ ၁၆၀၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မုံရွာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၅ မှ ၆၉၀ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၂၅ မှ ၂၀၇၅ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၅၀ |
| ၁၄ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၉၀ မှ ၈၆၀ |
| ၁၅ | ကျွဲကောသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ မှ ၁၅၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၅၀၀၀ |
| ၁၈ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀၀ မှ ၁၃၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# တရားမဝင်လက်နက်/ခဲယမ်းများ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြဘဲ သက်ဆိုင်ရာသို့အပ်နှံကြရန်နှင့် တွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်

မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော လက်နက်ကိုင်ဆောင်ရေးမူအရ လေသေနတ်အပါအဝင် သေနတ်လက်နက်အားလုံးကို လိုင်စင်ဖြင့်သာ ကိုင်ဆောင်ခွင့်ပြုသဖြင့် လိုင်စင်ဖြင့်ကိုင်ဆောင်ခွင့်ရရှိရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန (လက်နက်ကိုင်ဆောင်ခွင့်လိုင်စင်/ပါမစ်စိစစ်ရေးအဖွဲ့)သို့ တင်ပြလျှောက်ထားမှုအပေါ် စိစစ်ခွင့်ပြုချက်ရမှသာ ကိုင်ဆောင်ခွင့်ရှိသည်။ လိုင်စင်မဲ့ကိုင်ဆောင်လျက်ရှိသော လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစဉ်တစိုက် စုံစမ်းဖော်ထုတ်အရေးယူလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်းမှ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ဆက်စပ်တရားခံများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူလျက်ရှိသည်။ တရားမဝင်လိုင်စင်မဲ့ လက်နက်ကိုင်ဆောင်မှုများနှင့်ပတ်သက်၍ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၃)နှစ်ထက်မနည်း (၇)နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး အလားတူ ၁၉၅၁ ခုနှစ် လက်နက်များ(ယာယီ)ပြင်ဆင်ချက်အက်ဥပဒေပုဒ်မ ၁၉-က အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၃)နှစ်ထက်မနည်း (၇)နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ပါ၍ တရားမဝင်လက်ဝယ်ထားရှိသော လက်နက်/ခဲယမ်းများအား နီးစပ်ရာ တပ်၊ ရဲစခန်းများ၊ ရဲတပ်ဖွဲ့မှူးရုံးများသို့ အမြန်ဆုံးလာရောက်အပ်နှံကြရန်နှင့် လာရောက်အပ်နှံခြင်းမပြုဘဲ လက်ဝယ်ထားရှိ၍ စုံစမ်းဖော်ထုတ်ရရှိပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**(ပြည်ထဲရေးဝန်ကြီးဌာန)**

# ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်း၊ ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဇူလိုင် ၃

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်မင်းနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက သံတွဲမြို့နယ် မကျည်းချောင်း(အမက)သို့ရောက်ရှိကြပြီး ကျောင်းသုံးဗလာစာအုပ်များနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။



ထို့နောက် တောင်ကုတ်မြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်လှူဒါန်းခဲ့သည့် ဘာယေကျေးရွာဘုန်းကြီးကျောင်းသို့ ရောက်ရှိခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့နယ် ချောင်းကောက်ရပ်ကွက် ဦးဥတ္တမလမ်း ဘုတ်ဆိပ်ဆေးဆိုင်ခန်းများ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်ကုတ်မြို့နယ် ရေဘေးသင့် အိမ်ထောင်စု ၁၀၃ စုအတွက် အဝတ်အထည်၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကုတ်-မအီကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၁၄/၆)မိုင်၌ သဘာဝရေဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် ၄ုက်ပျောချောင်းတံတားသို့ ရောက်ရှိကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် မအီမြို့နယ် (အထက)ကျောင်းသို့ ရောက်ရှိပြီး ရေနစ်မြုပ်မှုကြောင့် ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ကျောင်းဖွင့်လှစ်နိုင်ရေးနှင့် ဒေသခံကျောင်းသား၊ ကျောင်းသူလေးများ အမြန်ပညာသင်ကြားနိုင်ရေးအတွက် စာသင်ခုံ ၅၀ နှင့် ကျောင်းဝတ်စုံ ၅၀ တို့ကို ကျောင်းအုပ် ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

## နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအားခွဲစိတ်ကုသပေးမည်

**ရန်ကုန် ဇူလိုင် ၃**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ မြန်မာဘရူဝါရီလီမိတက် ကရုဏာရေးရှ မြန်မာမှုအစီအစဉ်မှ ပံ့ပိုးကူညီသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးငယ်များအား ခွဲစိတ်ကုသမည့် 5th Myanmar-Singapore Friendship Medieal ကို ဇူလိုင် ၅ ရက်မှ ၁၂ ရက်ထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

## သတင်းမီဒီယာနည်းဥပဒေအရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်းရေးညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၃**

သတင်းမီဒီယာ နည်းဥပဒေ ၅ နည်းဥပဒေခွဲ(က) နှင့် (ခ)တို့အရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို တရားမျှတမှန်ကန်မှုနှင့် စနစ်တကျဖြစ်စေရန် ဖွဲ့စည်းနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ယုဇနတာဝါရှိ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) အစည်းအဝေးခန်းမ၌ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက သတင်းမီဒီယာ နည်းဥပဒေများအရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဖွဲ့စည်းရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)က လိုအပ်ချက်များကို ဆွေးနွေးသွားရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**


**တိုက်ခန်းငှားမည်**
ကျောက်မြောင်း
မြို့သစ်(၁)လမ်း၊ အပေါ်လမ်း၊
တည်နေရာကောင်း၊
ဒုတိယထပ်(15'×60')
အိပ်ခန်း(၂)ခန်း၊ A/C
(၁)လုံး၊ ဘိုထိုင်၊ သံပန်း၊
ဆန်းရိုက်ပါပြီး (၁)လ(၃)သိန်းကျပ်
09-450066151

**ဖခင်အမည်မှန်**
ချောက်မြို့နယ်၊သုံးဆင့်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အဌမတန်းမှ မောင်နန်းလင်းအောင်နှင့် ဆဌမတန်းမှ မောင်နန်းလင်းမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့် ၈/ခမန(နိုင်)၀၃၇၀၅၃ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 8K/9709 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

**ဈေးစပ်ကြောင်းလမ်းပြီးစီးခြင်း**
ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၊ ဗိုလ်ရုံတန်းလမ်းနေ
ဦးထွန်းရွှေ(နိုင်ငံတော်ကောင်စီရုံး၊ စီမံ-၂/ငြိမ်း)-ဒေါ်တင်မာရီ(ရွှေဗဟိုရုံပွဲရုံ)တို့၏သား
**မောင်စည်သူနိုင် (Add. Chief Officer)**
**Norstar Ship Management Pte.Ltd.**
**နှင့်**
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ
ဒေါက်တာဦးမျိုးမြင့်(ဆရာဝန်ကြီး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး-ငြိမ်း)-
(ဒေါ်အေးမြင့်ရွှေ)တို့၏သမီးထွေး
**ဒေါက်တာလှမျိုးသီဂီ(M.B.,B.S-Ygn) M.Med.Sc(Physiology)**
**လက်ထောက်ကထိက(ဆေးတက္ကသိုလ်-မကွေး)**
တို့သည် ၂-၇-၂၀၁၅ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ဈေးစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**နှစ်ဖက်သောမိဘများနှင့်**
**မောင်စည်သူနိုင်-မလှမျိုးသီဂီ**

**(၃၂)နှစ်မြောက်မင်္ဂလာဆုမွန်**
မေခအိမ်ရာ မေဃဝတီကျောင်းလမ်းနေ ချစ်ဖေဖေ ဦးမျိုးမြင့်နှင့် ချစ်မေမေ ဒေါ်ခင်မာလာတို့၏ ၃-၇-၂၀၁၅ ရက်တွင် ကျရောက်ခဲ့သော (၃၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ဘာသာအကျိုး သာသနာအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။
**ချစ်သမီးလေး-အိသန္တာမျိုး(ခ)ဖြိုးသီရိခေတ်**
**ချစ်မမများ-ဒေါ်သန်းစိန်၊ ဒေါ်မော်မော်ဆွေ၊ ဒေါ်ခင်ခင်**

**အလိုရှိသည်**
ယာဉ်မောင်း အမြန်အလိုရှိသည်။
အတွေ့အကြုံရှိသူဦးစားပေးမည်။
**ဆက်သွယ်ရန် ဖုန်း-၀၁-၅၂၁၁၀၁၊ ၀၉-၅၁၈၄၇၇၇၊ ၀၉-၄၃၁၉၇၆၀၅**

**ဖခင်အမည်မှန်**
ချောက်မြို့နယ်၊ သုံးဆင့်ကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ အဌမတန်းမှ မလှလှမော်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၈/ခမန(နိုင်)၀၃၆၉၂၂ ဖြစ်ပါကြောင်း။

**သဗျာ ဦးအောင်သောင်း**
၂တန်း မှ ၁၀တန်းအထိ သချာ တစ်ဘာသာတည်း သန့်သန့်
(၇၀) တ-ထပ် ၊ဗိုလ်ဆွန်ပက်လမ်း ၊ ပန်းဘဲတန်း။
ဖုန်း- 095192923 - 01246108

**မော်တာနင်းစက်ချုပ်ကျွမ်းကျင် "မ"**
**ဝန်ထမ်းအလိုရှိသည်။**
အမှတ် ၁၅၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၁၀၀၁၊ ၅၄၅၈၉၈

# မင်းကွန်းဆရာတော်ကြီး၏ ပုံတူရုပ်ပွားတော်မြတ်အား မော်စကိုရှိ အဲတူးမြတ်ပြတိုက်၌ ထားရှိ


**ရန်ကုန် ဇူလိုင် ၃**

ကမ္ဘာ့ဉာဏ်အကောင်းဆုံးလူသားအဖြစ် သတ်မှတ်ခြင်းခံရပြီး ဂင်းနက်စ်မှတ်တမ်းတင်ခြင်းခံရသူ ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်ခဲ့သော မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ ပုံတူရုပ်တုဖွင့်ပွဲအခမ်းအနားကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ အဲတူးမြတ်ပြတိုက်၌ ဇူလိုင် ၂ရက်က အဆိုပါပြတိုက်အတွင်း ကျင်းပသည်။

အခမ်းအနားသို့ သီတဂူဆရာတော် အရှင်ဉာဏိဿရနှင့် သံဃာတော်များ၊ ရုရှားနိုင်ငံရောက် မြန်မာရဟန်းတော်များ၊ ဗုဒ္ဓဘာသာဝင်များနှင့် ရပ်နီးရပ်ဝေးမှ မြန်မာလူမျိုးများ၊ သက်ဆိုင်ရာ ပြတိုက်တာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

သီတဂူဆရာတော်ဦးဆောင်သည့် သံဃာတော်များက မင်းကွန်းဆရာတော်ကြီး၏ ပုံတူရုပ်တုကို ဖွင့်လှစ်ပေးခဲ့ပြီး ယခုကဲ့သို့ ရုရှားနိုင်ငံအတွင်းရှိ ပြတိုက်အတွင်း မွန်မြတ်စွာ ထားရှိပူဇော်ခွင့်ရရှိခြင်းသည် မင်္ဂလာရှိကြောင်း သီတဂူဆရာတော်က တက်ရောက်လာသည့် ပရိသတ်များအား မိန့်ကြားခဲ့ကြောင်းသိရသည်။

မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသသည် ကမ္ဘာ့ဉာဏ်အကောင်းဆုံး လူသားအဖြစ် သတ်မှတ်ခြင်းခံရသည့်အပြင် သံဃာ့မဟာနာယကအဖြစ် သာသနာ့အကျိုးကို ထမ်းဆောင်ခဲ့ပြီး ဘဝနေဝင်ချိန်အထိ ဓမ္မစာပေများကို လက်နှိပ်စက်တစ်လုံးဖြင့် မြန်မာဘာသာ ပြန်ဆိုရေးသားခဲ့သူ သာသနာ့အာဇာနည်တစ်ပါးလည်း ဖြစ်သည်။




**ခင်ရတနာ၊ ဓာတ်ပုံ–ဦးဒေဝိန္ဒာဘိဝံသ(သီတဂူ)**

# အသစ်တွေ့ရှိရသည့် ကျောက်စာများမှ ပျူအက္ခရာများသည် ပုဂံအက္ခရာများနှင့်ဆင်တူကြောင်း ပညာရှင်များနှိုင်းယှဉ်

**ရန်ကုန် ဇူလိုင် ၃**

မြစ်သား၊ ပေတော ပျူကျောက်စာများနှင့် သာစည်၊ ဆင်ရွာတို့တွင် တွေ့ရှိရသည့် ပျူကျောက်စာများတွင် ရေးထိုးထားသည့် သရေခေတ္တရာပျူအက္ခရာများသည် ပုဂံခေတ် အနော်ရထာမင်း၊ ကျန်စစ်သားမင်းတို့လက်ထက် အုတ်ခွက်ဘုရားများနှင့် ရွှေစည်းခုံကျောက်စာပါ ပုဂံအက္ခရာများနှင့် ဆင်တူနေကြောင်း ပျူကျောက်စာ လေ့လာသူ ပညာရှင်များထံမှ သိရသည်။

"ယခင်အဆက်ဆက်က ပုဂံ ဗမာ(ဗရမ္မာ)မင်းတွေနဲ့ ဗမာ(ဗရမ္မာ)လူမျိုးတွေက စာရေးသားဖို့ ဒွါရာဝတီလို့ခေါ်တဲ့ ရှေးခေတ်မြန်မာနိုင်ငံထဲကို ပျံ့နှံ့လာတဲ့ မွန်အက္ခရာတွေကို လက်ခံယူသုံးတယ်လို့ သမိုင်းပညာရှင် ဂျီအိပ်ချ်လုပ်စ်က ပြောခဲ့ဖူးပါတယ်။ မကြာသေးခင်ကတွေ့ခဲ့ရတဲ့ ပျူခေတ်ကျောက်စာတွေရဲ့ အရေးအသားတွေကို မြင်တွေ့ရတဲ့အခါ အဲဒီအဆိုက ကွဲလွဲနေတယ်ဆိုတာ ထင်ရှားနေတယ်။ မြန်မာစာအက္ခရာသမိုင်းဟာ ပျူခေတ်ကတည်းကရှိခဲ့ပြီးသားဆိုတာကို အသစ်တွေ့ရတဲ့ ပျူကျောက်စာတွေက သက်သေပြနေတယ်"ဟု သမိုင်းပညာရှင် ဆရာဦးဘုန်းတင့်ကျော်က ပြောသည်။






နှိုင်းယှဉ်တွေ့ရှိချက်များအရ ဘီစီ ၆ ရာစုတွင် သရေခေတ္တရာ ပျူဗရမ္မာတို့သည် စာရေးသားခြင်းကို အိန္ဒိယဒေသမှ ဖြဟ္မီအက္ခရာများကိုလည်းကောင်း၊ ဘီစီ ၂ ရာစုမှ အေဒီ ၃ ရာစုအတွင်း ဖြဟ္မီပွားအက္ခရာများကို သုံးစွဲခဲ့ကြဟန်ရှိပြီး အေဒီ ၄ ရာစုတွင် ဂုပ္တအက္ခရာများကိုလည်းကောင်း အချို့အိန္ဒိယ အက္ခရာများကို အေဒီ ၅ ရာစုမှ ၈ ရာစုတွင်လည်းကောင်း အသီးသီးသုံးစွဲခဲ့ကြကြောင်း သမိုင်းသုတေသီများက ခန့်မှန်းသည်။

"ခင်ဘရွှေပေစာ အချပ် ၂၀ မှာ အိန္ဒိယအက္ခရာတွေပါဝင်နေတာကိုတွေ့ရပါတယ်။ ခင်ဘကုန်းမှာတွေ့ရတဲ့ ငွေဗောဓိကြုတ်အပေါ်အနားစာတွေနဲ့ ကန်ဝက်ခေါင်းကုန်းဘုရားပလ္လင် စာတွေ၊ ကွမ်းဆိပ်ပျူကျောက်စာတွေမှာလည်း ပျူဗရမ္မာအက္ခရာဆင်းသက်ပုံတွေကို လေ့လာတွေ့ရှိရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ရဲ့ တွေ့ရှိချက်တွေဟာ သမိုင်းတင်ခေတ်မတိုင်မီ သမိုင်းတင်ခေတ်ဦးဆိုင်ရာ တွေ့ရှိချက်တွေဖြစ်ပါတယ်။ အသစ်ထပ်ပြီးတွေ့နေရတဲ့ တွေ့ရှိချက်တွေဟာ ပုဂံခေတ်ရှေ့က ပျူခေတ်ရဲ့ ယဉ်ကျေးမှု၊ အက္ခရာပြောင်းလဲမှုနဲ့ လူနေမှုတွေကို ပိုမိုသိရှိလာရတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြောကြားသည်။

ထိုအထဲတွင် ပျူကိုယ်ပိုင် အက္ခရာများကိုလည်း ခင်ဘရွှေပေချပ်များတွင် တွေ့ရှိရပြီး ပျူဗရမ္မာ တိုင်းရင်းသားဘာသာ စာရေးရာတွင်လည်း ပျူကိုယ်ပိုင်အက္ခရာများနှင့် အိန္ဒိယအက္ခရာများကို သုံးစွဲခဲ့ကြောင်း မြစေတီကျောက်စာ စတုတ္ထမျက်နှာတွင် မြင်တွေ့ရသည်ဟု ဦးဘုန်းတင့်ကျော်က ပြောကြားသည်။

လွန်ခဲ့သည့် ဆယ်နှစ်ကျော် ၂၀၀၄ ခုနှစ်က ပြုလုပ်ခဲ့သော မြန်မာသမိုင်းပြုစုရေးအဖွဲ့ စာတမ်းဖတ်ပွဲတွင် ပျူသည် မြန်မာဖြစ်ကြောင်း အထောက်အထားများဖြင့် ပြုစုရေးသားထားသော စာတမ်းတစ်စုံကို ဖတ်ရှုအပြီး သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ပျူသည်မြန်မာဖြစ်ကြောင်း အတည်ပြုပြောဆိုရေးသားပေးခဲ့ဖူးကြောင်း သိရသည်။

"သရေခေတ္တရာ ခင်ဘကုန်းကွေ့မှာ ငွေဗောဓိကြုတ်မှာ ပုဗရမိပြည်တော်လို့ရေးထိုးထားပါတယ်။ အဓိပ္ပာယ်က ပု= ပျူ ဗရမိ (သက္ကဋ)= ဗရမ္မာ(ပါဠိ) အရ ပျူသည် ဗရမ္မာဆိုတာ သေချာတာပါ။ သူတို့မှာ ကိုယ်ပိုင်အတွေးအခေါ်၊ ပညာအဆင့်အတန်းတွေရှိပြီး အဆင့်အတန်းမြင့်မားသူတွေဆိုတာ အသစ်တွေ့ရှိရတဲ့ ကျောက်စာတွေကနေ ပိုပြီးလူတွေသိလာရပါပြီ"ဟု ဦးဘုန်းတင့်ကျော်က ပြောကြားသည်။ **သတင်း–ခင်လေးမြင့်အောင်၊ ဓာတ်ပုံ–မောင်သဲဦး**


## We Need Your Strengths (2nd Batch)

We are seeking and warmly welcome to professional personnel and highly talent persons for our restructuring organization and an extended new organization.

Our lines of businesses are distribution of specialty goods, small and scattered projects operation, customer service, service operation and small-scale construction.

1. HR Manager M/F (1)Post
   - Who have confiuence of restructuring skill to restructure whole organization's HR system.
2. Decoration Sites Operation Manager/AsstMgr M/F(2)Posts
3. Sales Manager/AsstMgr M/F(3)Posts
4. Outlet Sales Manager M/F(10)Posts
   - Preferable who can go to manage regional outlets by turns with higher benefit.
5. Quality Control Manager(Decoration Site) M(1)Post
6. Furniture Factory Manager(MDF/Particle) M(1)Post
7. Furniture Technician/စက်ကိုင် M(10)Post
8. Quantity Surveyor(Decoration Site) M/F(1)Post
9. Vehicle Department Head/မော်တော်ယာဉ်မှူး M(1)Post
10. Warehouse AssistantManager(ဂိုထောင်ဒုမန်နေဂျာ) M(1)Post

    Who can stay at warehouse with high benefit/ (နေရန်နေရာစီစဉ်ပေးပါမည်။)

11. Hostel In-charge (ကျားအဆောင်မှူး) M(1)Post
12. Warehouse. Senior Executive M(1)Post
    Who can stay in warehouse
13. Business Development Executive M/F(1)Post
14. Analyst M/F(1)Post
    - Preferable who has knowledge of Market Survey. Quantitative and Qualitative method, good in Maths.
15. Customer Service Executive F(1)Post
16. Sales Executives M/F(20)Posts
    - With relevant 3 years experience
    - Who can rotate to regional area will get higher benefit
    - နယ်တွင်အလှည့်ကျ တာဝန်ထမ်းဆောင်နိုင်ပါက ခံစားခွင့်ပိုပါမည်။
17. Interior Decoration Site Supervisor M(8)Posts
18. Auto CAD M/F(1)Post
19. E-commerce Executive (Facebook, website, etc) M/F(1)Post
20. Jr.Accountant M/F(1)Post

မှတ်ချက် ။ ။ နယ်မှလာမည့်သူများအတွက် အဆောင်လမ်းညွှန်ပေးခြင်း၊ စီစဉ်ပေးခြင်း ပြုလုပ်ပေးပါမည်။

Please submit CV with listed relevant document including passport photo within 7 days to cv.reserve@gmail.com. The original document shall bring along during personal interview. Kindly don't forget to express your expected salaryand contacts. Kindly note we will invite for screening only short listed candidates.

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကျော်ညွှန့် ၁၂/ရကန(နိုင်)၀၆၀၀၇၈ ၏ နိုင်ငံကူးလက်မှတ်နံပါတ် ၄၁၂၈၃၆ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၀၉–၇၉၈၄၃၉၄၃၆**

**ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ**
**အရေးသီးသန့် နှင့် Speaking**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀–တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄ မှ ၈တန်းထိ Guide များအိမ်လိုက်သင်သည်။ ဇူလိုင်လ(၄/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ဝန်ထမ်းအမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)**
**အိမ်တွင်းအလှဆင်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်**

1. ရေ/မီးကျွမ်းကျင် ကျား(၁)ဦး
2. အဆင့်မြင့်အိမ်အလှဆင်လုပ်သား ကျား(၃၀)ဦး
   (သင်တန်းပေးပါမည်။နေရန်စီစဉ်ပေးပါမည်)
3. ဂိုထောင်အထွေထွေလုပ်သား ကျား(၅)ဦး
   (နေရန်စီစဉ်ပေးပါမည်)
4. အဝတ်လျှော်၊ သန့်ရှင်းရေး(အချိန်ပိုင်း/အချိန်ပြည့်) မ (၂)ဦး
   (အချိန်ပြည့် တာဝန်ထမ်းဆောင်ပါက နေရန်စီစဉ်ပေးပါမည်။)

မှတ်ချက် ။ ။ နယ်မှလာသည့်သူများအတွက် အဆောင်လမ်းညွှန်ပေးခြင်း၊ စီစဉ်ပေးခြင်း ပြုလုပ်ပေးပါမည်။

လျှောက်ထားလိုသူများသည် အလုပ်သမားမှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ CV Form နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း**
**(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၊ ၂၀၁၅ ခုနှစ်)**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ** ဟု ခေါ်တွင်စေရမည်၊
(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သောနေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **စက်မှုဒီဇိုင်း** ဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ ရက်ထည်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏ သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာတို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန်တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတို့၏ အပြင်ပန်းသဏ္ဌာန်ကိုဆိုသည်။
(ခ) **ထုတ်ကုန်** ဆိုသည်မှာ စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်း တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်သော စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတွင် တပ်ဆင်ရမည့်အစိတ်အပိုင်းများ၊ ရုပ်ပုံသင်္ကေတများ၊ ပုံနှိပ်စာလုံး ပုံသဏ္ဌာန်များ၊ ထုတ်ပိုးမှုနှင့်အပြင်အဆင်တို့ပါဝင်သည်။ ယင်းစကားရပ်တွင် ကွန်ပျူတာပရိုဂရမ်များ မပါဝင်ပါ။
(ဂ) **မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်** ဆိုသည်မှာ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးတွင် စက်မှုဒီဇိုင်းပိုင်ရှင်အဖြစ် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သော အဖွဲ့အစည်းကို ဆိုသည်။
(ဃ) **ဖန်တီးသူ** ဆိုသည်မှာ စက်မှုဒီဇိုင်းတစ်ခုခုအား ဖန်တီးသူကို ဆိုသည်။
(င) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ဤဥပဒေပါ ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။
(စ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေအရ တာဝန်ခံဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးသည့်အရာရှိကို ဆိုသည်။
(ဆ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သောစစ်ဆေးမှုများပြုလုပ်ရန် ဤဥပဒေအရ တာဝန်ခံဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးသည့် အရာရှိကို ဆိုသည်။
(ဇ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။
(ဈ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။
(ည) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး** ဆိုသည်မှာ တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရတည်ထောင်သော မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးကို ဆိုသည်။
(ဋ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အကြီးအကဲကို ဆိုသည်။
(ဌ) **တရားရုံး** ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီးရုံးထိုင်သည့် တရားရုံးကို ဆိုသည်။
(ဍ) **အလုပ်သမား** ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်။
(ဎ) **အလုပ်ရှင်** ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအား လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှ ရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ၎င်း၏တရားဝင်အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင် လက်ခံရရှိသူတို့လည်း ပါဝင်သည်။

### အခန်း(၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊
(ခ) စက်မှုဒီဇိုင်းဖန်တီးမှုများအား အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊
(ဂ) စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေရန်၊
(ဃ) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝသာယာဝပြောရေးများကို အပြန်အလှန်အကျိုးပြုစေရန်၊
(င) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်။

### အခန်း(၃)
### တာဝန်ခံဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၄။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-
(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးကို တည်ထောင်ခြင်း၊
(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊
(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊
(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊
(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ဖော်ပြချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊
(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော မှတ်ပုံတင်အရာရှိများ၊ ဒုတိယ မှတ်ပုံတင်အရာရှိများနှင့် လက်ထောက်မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊
(ဆ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် လိုအပ်သော စစ်ဆေးရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊
(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ အခြားလိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊
(ဈ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းများကိုခွင့်ပြုရာတွင် အသုံးပြုမည့်တံဆိပ်တုံးကို အတည်ပြု သတ်မှတ်ခြင်း၊
(ည) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊
(ဋ) ဤဥပဒေပါ အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊
(ဌ) ပြည်ထောင်စုအစိုးရက အခါအားလျော်စွာပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း(၄)
### မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့၏လုပ်ငန်းတာဝန်များ

၅။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊
(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊
(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို ဆုံးဖြတ်ခြင်း၊
(ဃ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သူများကို ခေါ်ယူစစ်ဆေးခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများအား တောင်းခံခြင်း၊
(င) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းတို့ကို ဆုံးဖြတ်ခြင်း၊
(စ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူကို အကြောင်းကြားခြင်း၊ ကြားနာခွင့်ပေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း၊
(ဆ) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊
(ဇ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းအား ပယ်ဖျက်ခြင်း သို့မဟုတ် ရပ်စဲခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊
(ဈ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းအား လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းတို့ကို မှတ်တမ်းတင်ထားရှိခြင်း၊
(ည) စက်မှုဒီဇိုင်းမှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊
(ဋ) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စက်မှုဒီဇိုင်း မှတ်ပုံတင်ရန်အတွက် လျှောက်ထားချက်များကို စစ်ဆေးခြင်း၊
(ခ) စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကိုစစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံတင်ပြခြင်း၊
(ဂ) စက်မှုဒီဇိုင်းလျှောက်ထားချက်များကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန် သင့်၊ မသင့် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊
(ဃ) တာဝန်ခံဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း(၅)
### အကာအကွယ်ရရှိနိုင်သော စက်မှုဒီဇိုင်း

၇။ စက်မှုဒီဇိုင်းများသည် အသစ် သို့မဟုတ် မူလဖြစ်သည့်အပြင် တုပမှီခိုမှုကင်းစွာ ဖန်တီးထားခြင်းဖြစ်ပါက အကာအကွယ်ရရှိမည်ဖြစ်သည်။

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့် နေ့ရက်မတိုင်မီ ယင်းစက်မှုဒီဇိုင်းကို အများပြည်သူသိရှိစေရန် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာဖြင့်ဖော်ပြခြင်း၊ အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ခင်းကျင်းပြသခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ဖော်အသိပေးခဲ့ခြင်းမရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်။

၉။ (က) အများသိရှိထားပြီးဖြစ်သော ဒီဇိုင်းများနှင့် ထပ်တူညီသော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မမှတ်ယူရ၊
(ခ) အများသိရှိထားပြီးဖြစ်သော ဒီဇိုင်း၏သွင်ပြင်လက္ခဏာများ စုပေါင်းထားခြင်းဖြစ်သည့် သို့မဟုတ် အများသိရှိထားပြီးဖြစ်သော ဒီဇိုင်းများနှင့် သိသာထင်ရှားစွာ ကွဲပြားခြားနားမှုမရှိသည့် စက်မှုဒီဇိုင်းသည် မူလဖြစ်သည်ဟု မမှတ်ယူရ။

### အခန်း(၆)
### အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်း

၁၀။ အောက်ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသည့်စက်မှုဒီဇိုင်းသည် အကာအကွယ် မရရှိစေရ-
(က) နည်းပညာဆိုင်ရာ သို့မဟုတ် လုပ်ဆောင်ချက်ဆိုင်ရာ ကြံဆချက်များဖြင့်သာ ပုံဖော်ထားခြင်း၊
(ခ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကို ဖြစ်စေ ထိပါးစေခြင်း။

### အခန်း(၇)
### စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူများ

၁၁။ စက်မှုဒီဇိုင်း ဖန်တီးသူကဖြစ်စေ၊ ၎င်း၏ တရားဝင်အမွေဆက်ခံသူက ဖြစ်စေ၊ ၎င်း၏ တရားဝင်လွှဲပြောင်းခြင်းခံရသူကဖြစ်စေ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

၁၂။ စက်မှုဒီဇိုင်းတစ်ခုကို တစ်ဦးထက်ပိုသူများက ဖန်တီးခဲ့ခြင်းဖြစ်လျှင် ၎င်းတို့အားလုံးသည် ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင် ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၃။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးသည့်အခါ-
(က) အလုပ်သမားက စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးရာတွင် သီးခြားသဘောတူညီချက်မရှိပါက အလုပ်ရှင်ကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။
(ခ) အလုပ်ရှင်၏ တာဝန်ပေးချက်အရမဟုတ်ဘဲ ၎င်း၏လုပ်ငန်းနယ်ပယ်နှင့် ဆက်နွှယ်နေသော စက်မှုဒီဇိုင်းတစ်ခုကို အလုပ်သမားကဖန်တီးရာတွင် ယင်းစက်မှုဒီဇိုင်းကို ဖန်တီးရန်အတွက် အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြုခဲ့လျှင်၊ သီးခြားသဘောတူညီချက်မရှိပါက အလုပ်သမားကသာ ယင်းစက်မှုဒီဇိုင်းအား မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အလုပ်ရှင်သည် အဆိုပါစက်မှုဒီဇိုင်းအပေါ် တစ်ဦးတည်းပိုင်မဟုတ်သော လိုင်စင်ရရှိမည်ဖြစ်သည်။
(ဂ) စက်မှုဒီဇိုင်းကို ဖန်တီးပြီးကြောင်း အလုပ်ရှင်အား ဆက်သွယ်အကြောင်းကြားသည့်နေ့ သို့မဟုတ် အလုပ်ရှင်မှ သိရှိသည့်နေ့တို့အနက် ပို၍စောသည့်နေ့ရက်မှ ၆ လ အတွင်း အဆိုပါစက်မှုဒီဇိုင်းကို အလုပ်ရှင်မှ မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။
(ဃ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်းပြုလုပ်သည့် စက်မှုဒီဇိုင်းအား မှတ်ပုံတင်လျှောက်ထားရာတွင် အဆိုပါစက်မှုဒီဇိုင်းသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ၎င်း၏အလုပ်သမားကဖန်တီးခဲ့သော စက်မှုဒီဇိုင်း ဖန်တီးမှုမျိုးဖြစ်လျှင် သီးခြားသဘောတူညီချက်မရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ဖန်တီးခဲ့သည့် စက်မှုဒီဇိုင်းဖြစ်သည်ဟု မှတ်ယူပြီး အလုပ်ရှင်မှ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင် လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်၌ အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်-
(၁) အလုပ်ရှင်မှ အဆိုပါစက်မှုဒီဇိုင်းဖန်တီးမှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခဲ့ခြင်း၊
(၂) အလုပ်သမားကတင်ပြသည့် သက်သေခံအထောက်အထားအပေါ် အလုပ်ရှင်မှ ငြင်းဆိုခြင်းမပြုနိုင်ခြင်း၊
(၃) ပုဒ်မခွဲ (ဂ)အတိုင်း တင်ပြနိုင်ခြင်း။
(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဃ)တို့တွင် ဖော်ပြထားသော စက်မှုဒီဇိုင်းဖန်တီးမှုမှအပ အခြားသော စက်မှုဒီဇိုင်းဖန်တီးမှုကိုပြုလုပ်ခဲ့လျှင် သီးခြားသဘောတူညီချက်မရှိပါက ယင်းစက်မှုဒီဇိုင်းအတွက် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

### အခန်း(၈)
### စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်း

၁၄။ ဤဥပဒေအရ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူသည် မှတ်ပုံတင်

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

စက်မှုဒီဇိုင်း အခွင့်အရေးကိုရရှိလိုပါက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည်။

၁၅။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) စက်မှုဒီဇိုင်းထုတ်ကုန်များ သို့မဟုတ် ထုတ်ကုန်တွင် အသုံးပြုထားသည့် စက်မှုဒီဇိုင်းများသည် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်း အမျိုးအစားခွဲခြားသတ်မှတ်ခြင်း သဘောတူညီချက်ပါ အမျိုးအစားတစ်ခုတည်းတွင် အကျုံးဝင်ပါက ယင်းစက်မှုဒီဇိုင်းများကို လျှောက်လွှာတစ်စောင်တည်းတွင် လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။ မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။ ယင်းဘာသာပြန်ဆိုချက်ကို လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၆။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်။ လိုအပ်ပါက သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့် နေရပ်လိပ်စာ၊

(ဂ) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်း ဖြစ်လျှင် ကိုယ်စားလှယ်လွှဲစာနှင့်အတူ ကိုယ်စားလှယ်၏အမည်နှင့် နေရပ်လိပ်စာ၊

(ဃ) စက်မှုဒီဇိုင်း၏ ရှင်းလင်းပြည့်စုံသော တင်ပြချက်၊

(င) လျှောက်ထားသည့် ထုတ်ကုန်များ သို့မဟုတ် ယင်းထုတ်ကုန်များတွင် ရုပ်လုံးဖော်ထားသော စက်မှုဒီဇိုင်းများ၏ အမည်နှင့်အမျိုးအစား၊

(စ) အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးမှ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၇။ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)မှ (င)ပါ သတ်မှတ်ချက်များနှင့် ညီညွတ်သော စက်မှုဒီဇိုင်းလျှောက်ထားချက်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ လက်ခံရရှိသည့်နေ့ရက်သည် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၈။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများအား မတူညီသော နေ့ရက်အသီးသီးတွင် မှတ်ပုံတင်လျှောက်ထားလာပါက လျှောက်ထားချက် အစောဆုံးတင်သွင်းသူ သို့မဟုတ် အခန်း (၁၃)ပါ ပြဋ္ဌာန်းချက်များအရ ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက လျှောက်ထားချက်တွင် ဦးစားပေးအခွင့်အရေးနေ့ အစောဆုံးပါရှိသူသာလျှင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့်ရရှိစေရမည်။

၁၉။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများအား မှတ်ပုံတင်ပေးရန် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက်များကို တစ်နေ့တည်းတွင် လျှောက်ထားလာပါက ဦးစွာမှတ်ပုံတင်လျှောက်ထားချက် တင်သွင်းခဲ့ကြောင်း တင်ပြနိုင်သူကသာ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့်ရရှိစေရမည်။

၂၀။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့် ပြု၊ မပြု ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံသည့်ကာလအတွင်း၌ဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်၊

(ခ) တစ်ခုထက်ပိုသော စက်မှုဒီဇိုင်းလျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအားလုံး သို့မဟုတ် အချို့နှင့်စပ်လျဉ်း၍ လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

(ဂ) စက်မှုဒီဇိုင်းအများအပြားပါဝင်သော မည်သည့်လျှောက်ထားချက်ကို မဆို နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားလျှောက်ထားခွင့်ပြုရန် တောင်းဆိုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ မှတ်ပုံတင်ပေးရန်ခွဲခြား၍ လျှောက်ထားချက်အသစ်များ တင်သွင်းသည့်နေ့ရက်ကို သတ်မှတ်ရာတွင် မူလလျှောက်ထားချက်တင်သွင်းသည့် နေ့ရက်အဖြစ် မှတ်ယူရမည်။

**အခန်း(၉)**

**မှတ်ပုံတင်လုပ်ထုံးလုပ်နည်း**

၂၁။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၅၊ ၁၆ တို့နှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဖြည့်စွက်ရန် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အဆိုပါစက်မှု ဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းအား ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရနိုင်သော စက်မှုဒီဇိုင်း ဖြစ်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ပါ အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ကိုက်ညီခြင်းမရှိသော စက်မှုဒီဇိုင်းဖြစ်လျှင်သော် လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်ရမည်။

(ဂ) ပုဒ်မ ၁၅၊ ၁၆ တို့နှင့် ညီညွတ်သော လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) လျှောက်ထားသူမှ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုချက်ပါရှိခဲ့လျှင် ရွှေ့ဆိုင်းသည့်ကာလ ကုန်ဆုံးသည့် နေ့ရက်မတိုင်မီအထိ ယင်းစက်မှုဒီဇိုင်းအား ထုတ်ပြန်ကြေညာခြင်းမပြုရ။

**အခန်း (၁၀)**

**ကန့်ကွက်ချက်လုပ်ထုံးလုပ်နည်း**

၂၂။ စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါ အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည် -

(က) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် အသစ် သို့မဟုတ် မူလမဖြစ်ခြင်း၊

(ဂ) ပုဒ်မ ၁၀ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ဃ) လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသောသက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း။

၂၃။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာ တင်သွင်းလျှောက်ထားလာပါက သတ်မှတ်ထားသော အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့ရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည်-

(က) စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်းမရှိပါက အဆိုပါစက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက်ချက်၊ စိစစ်ဆေးအရာရှိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံအကြောင်းကြားရမည်။ ထို့အပြင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင် လက်မှတ်ကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

**အခန်း (၁၁)**

**အခကြေးငွေများ**

၂၅။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် မှတ်ပုံတင် လျှောက်ထားခ၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးခ၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း မှတ်တမ်းတင်ခ၊ လိုင်စင်ပေးခြင်းမှတ်တမ်းတင်ခ၊ ထုတ်ပြန်ကြေညာခ တို့အပါအဝင် လိုအပ်သော စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် အခကြေးငွေများကို တာဝန်ခံဝန်ကြီးဌာနမှ သတ်မှတ်ရမည်။

၂၆။ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်ကို ရုပ်သိမ်းခဲ့လျှင်သော်လည်း ကောင်း၊ ငြင်းပယ်ခြင်းခံရလျှင်သော်လည်းကောင်း ပေးသွင်းခဲ့သော အခ ကြေးငွေများကို ပြန်လည်ထုတ်ပေးခြင်း ပြုမည်မဟုတ်။

၂၇။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည်-

(က) စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထပ်မံထုတ်ပေးရန် အသိဉာဏ် ပစ္စည်း မူပိုင်ခွင့်ရုံးသို့ သတ်မှတ်ထားသော အခကြေးငွေပေးသွင်း ပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိ သည် ထိုလျှောက်ထားချက်ကိုစိစစ်၍ စက်မှုဒီဇိုင်း မှတ်ပုံတင် လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသား အမှားနှင့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်ထား သော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထား နိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကို စိစစ်၍ ပြင်ဆင်ခွင့်ပေးနိုင်သည်။

**အခန်း (၁၂)**

**စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း**

၂၈။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်နှင့် ရွှေ့ဆိုင်းပေးစေလိုသည့်ကာလကို လျှောက်ထားချက်တွင်ဖော်ပြ၍ မှတ်ပုံတင် အရာရှိထံ တောင်းဆိုနိုင်သည်။ အဆိုပါရွှေ့ဆိုင်းပေးစေလိုသည့်ကာလသည် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားသည့်နေ့ရက်မှ သို့မဟုတ် ဦးစားပေး အခွင့်အရေးတောင်းဆိုထားလျှင် ယင်းတောင်းဆိုသည့် နေ့ရက်မှ ၁၈ လ ထက် မပိုစေရ။

၂၉။ လျှောက်ထားသူသည် ပုဒ်မ ၂၈ အရ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားပြီးဖြစ်သည့်တိုင် အဆိုပါကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုတောင်းဆိုချက်ကို ရုပ်သိမ်းပေးရန်နှင့် ထုတ်ပြန် ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ တောင်းဆိုနိုင်သည်။

၃၀။ မှတ်ပုံတင်အရာရှိသည် -

(က) စက်မှုဒီဇိုင်း ထုတ်ပြန်ကြေညာခြင်းကို ပုဒ်မ ၂၈ အရ ရွှေ့ဆိုင်းလျှင် မှတ်ပုံတင်စာရင်းတွင် ယင်းအချက်အား မှတ်တမ်းတင်ထားပြီး စက်မှု ဒီဇိုင်းနှင့် သက်ဆိုင်သည့်စာတွဲကို လျှို့ဝှက်ထားရှိရမည်။

(ခ) စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းထားသည့် ကာလ အတွင်း ထုတ်ပြန်ကြေညာခြင်းအား ရွှေ့ဆိုင်းထားကြောင်းနှင့် လျှောက်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက်၊ လျှောက် ထားချက်တင်သွင်းသည့်ရက်၊ တောင်းဆိုထားသည့်ကာလနှင့် အခြား သတ်မှတ်ထားသော အချက်အလက်များအား ထုတ်ပြန်ကြေညာရ မည်။

(ဂ) စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းသည့် သတ်မှတ်ကာလ ကုန်ဆုံးလျှင် ထုတ်ပြန်ကြေညာရမည်။

**အခန်း(၁၃)**

**ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး**

၃၁။ ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး၌ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန်လျှောက်ထားလျှင် အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် ပထမဆုံးလျှောက်ထားခဲ့သည့်နေ့ရက်မှ ၆ လ အထိ ဦးစားပေး အခွင့်အရေးခံစားခွင့်ရှိသည်။

၃၂။ လျှောက်ထားသူသည် ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံအစိုးရက ကြီးမှူး ကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည် ပြပွဲတွင် စက်မှုဒီဇိုင်းကို ခင်းကျင်းပြသခဲ့ပါက စတင်ခင်းကျင်းပြသခဲ့သည့် နေ့ရက်မှ ၆ လ အတွင်း လျှောက်ထားခဲ့ခြင်းဖြစ်လျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုနိုင်သည်။

၃၃။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၁ တွင် ဖော်ပြ ထားသော ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

**အခန်း(၁၄)**

**စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းနှင့် သက်တမ်းတိုးခြင်း**

၃၄။ စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းနှင့်စပ်လျဉ်း၍ -

(က) မှတ်ပုံတင်စက်မှုဒီဇိုင်း၏ ပထမသက်တမ်းသည် အဆိုပါစက်မှု ဒီဇိုင်းအား မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်မှ ၅ နှစ်ဖြစ်သည်။

(ခ) မှတ်ပုံတင်စက်မှုဒီဇိုင်းသက်တမ်းအား ဒုတိယနှင့် တတိယသက်တမ်း များအတွက် ၅ နှစ်စီ ထပ်မံသက်တမ်းတိုးနိုင်သည်။ မှတ်ပုံတင် စက်မှုဒီဇိုင်းသက်တမ်းသည် လျှောက်ထားသည့်နေ့ရက်မှ စုစုပေါင်း ၁၅ နှစ်ဖြစ်သည်။

၃၅။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပထမ ၅ နှစ် သက်တမ်းကုန်ဆုံးပြီး နောက် မှတ်ပုံတင်စက်မှုဒီဇိုင်းသက်တမ်းကာလကို တိုးမြှင့်လိုပါက-

(က) မှတ်ပုံတင်စက်မှုဒီဇိုင်း သက်တမ်းကာလကုန်ဆုံးမည့် နေ့ရက်မတိုင်မီ ၆ လအတွင်း မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခြင်းအတွက် အခကြေး ငွေများကို ပေးသွင်းရမည်။

(ခ) သက်တမ်းကာလ ကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေး အဖြစ်ပေးသော ၆ လ အတွင်း မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်း အတွက် အခကြေးငွေပေးသွင်းလျှင် ရက်လွန်ကြေးကို သတ်မှတ် ထားသည့် နည်းလမ်းများနှင့်အညီ ပေးသွင်းရမည်။

၃၆။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍-

(က) မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းအတွက် အခကြေးငွေကို အထူး အခွင့်အရေးအဖြစ်ပေးသော ၆ လအတွင်း ပေးသွင်းခြင်းမရှိပါက မှတ်ပုံတင်စက်မှုဒီဇိုင်းအား မှတ်ပုံတင်ခြင်းမှ ရပ်စဲစေရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ရပ်စဲသွားသည့် မှတ်ပုံတင်စက်မှုဒီဇိုင်းကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာ ရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခြင်းတို့အတွက် အခကြေးငွေများပေးသွင်းမှုတို့ကို မှတ်ပုံတင် စာရင်းတွင် မှတ်တမ်းတင်ရမည်။

**အခန်း(၁၅)**

**မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးများ**

၃၇။ စက်မှုဒီဇိုင်းကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးနောက် ဤဥပဒေပါ မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးများကို ခံစားခွင့်ရှိသည်။ ထိုအခွင့် အရေးများကို အခန်း (၁၄) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှုဒီဇိုင်းမှတ်ပုံ တင်သက်တမ်းကာလအတွင်း၌သာ ခံစားခွင့်ရှိစေရမည်။

၃၈။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့ပါ ပြဋ္ဌာန်း ချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) မှတ်ပုံတင်စက်မှုဒီဇိုင်းအား မှုပွားထားသည့် သို့မဟုတ် မှတ်ပုံ တင်စက်မှုဒီဇိုင်း၏ အဓိကအချက်များအား မှုပွားထားသည့် စက်မှုဒီဇိုင်းပါဝင်သော သို့မဟုတ် ရုပ်လုံးဖော်ထားသော ထုတ်ကုန်များအား စီးပွားရေးအလို့ငှာ အခြားသူတစ်ဦးဦးက ၎င်း၏သဘောတူညီချက်မပါဘဲပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးများကို ထိပါးချိုးဖောက်သူ အား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ခ) အခန်း(၁၆)နှင့် အခန်း(၁၇) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းပြုနိုင်သည်။

၃၉။ စက်မှုဒီဇိုင်းကို တစ်ဦးထက်ပိုသူများကပိုင်ဆိုင်ပြီး ၎င်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင်-

(က) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးချင်းစီသည် အညီအမျှဖြစ်သော မခွဲဝေရသေးသည့် မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးဝေစုကို ခံစားခွင့်ရှိသည်။

(ခ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးချင်းစီသည် ၎င်း၏အညီအမျှ ဖြစ်သော မခွဲဝေရသေးသည့်ဝေစုကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းပြုနိုင်သည်။

(ဂ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်တစ်ဦးချင်းစီသည် မှတ်ပုံတင်စက်မှု ဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်သူအား အခြားသောမှတ်ပုံ တင်စက်မှုဒီဇိုင်း ပူးတွဲပိုင်ရှင်များ၏ သဘောတူညီချက် ရယူရန်မလို ဘဲ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂) ပါအတိုင်း တရားစွဲဆို ခွင့်ရှိသည်။

(ဃ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးချင်းစီ၏ အခွင့်အရေးများအား တရားဝင်ရပ်တည်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ (ခ)နှင့်(ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၀။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် အောက်ပါအချက်တစ်ရပ်ရပ်တွင် မိမိ၏ မှတ်ပုံတင် စက်မှုဒီဇိုင်းအခွင့်အရေးများကို ကျင့်သုံးခြင်းမရှိစေရ-

(က) စီးပွားဖြစ်မဟုတ်သော ပုဂ္ဂလိကကိစ္စရပ်များအတွက် ဆောင်ရွက်မှု များ၊

(ခ) စမ်းသပ်လေ့လာသည့်ကိစ္စရပ်များ သို့မဟုတ် သုတေသနလုပ်ငန်း များအတွက် ဆောင်ရွက်မှုများ၊

(ဂ) ရည်ညွှန်းကိုးကားရန် သို့မဟုတ် သင်ကြားရန်အတွက် ပြန်လည် ထုတ်လုပ်ရန် ဆောင်ရွက်မှုများ။

၄၁။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်၏ အခွင့်အရေးများသည် ၎င်း၏စက်မှုဒီဇိုင်း

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အား ရောင်းချခြင်း၊ ရောင်းချရန်ကမ်းလှမ်းခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ဈေးကွက်တွင်ရောက်ရှိနေသော ပစ္စည်းများအပေါ် ပြုမူဆောင်ရွက်ခြင်း မရှိစေရ။

**အခန်း(၁၆)**

**မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးများကို လွှဲပြောင်းခြင်း**

၄၂။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ရပ်တည်သော အဖွဲ့အစည်းကိုဖြစ်စေ ၎င်း၏ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှုကို သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၄၃။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်အသစ်နှင့် မူလမှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်တို့မှ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး တောင်းဆိုလာပါက မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပြီး ထုတ်ပြန်ကြေညာရမည်။

၄၄။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် တောင်းဆိုချက်သည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

၄၅။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

**အခန်း (၁၇)**

**မှတ်ပုံတင်စက်မှုဒီဇိုင်းကို လိုင်စင်ပေးခြင်း**

၄၆။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ရပ်တည်သော အဖွဲ့အစည်းကိုဖြစ်စေ ၎င်း၏မှတ်ပုံတင်စက်မှုဒီဇိုင်းကို အသုံးပြုရန်အတွက် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။

၄၇။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်နှင့် လိုင်စင်ရရှိသူသည် လိုင်စင်မိတ္တူမှန်နှင့်အတူ သတ်မှတ်ထားသော အခကြေးငွေများပေးသွင်းပြီး မှတ်တမ်းတင်ပေးရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည်။

၄၈။ မှတ်ပုံတင်အရာရှိသည် လိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၉။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်နှင့် လိုင်စင်ရရှိသူတို့မှ လိုင်စင်အား မှတ်တမ်းတင်ထားခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တောင်းဆိုလာပါက ပယ်ဖျက်ပေးရမည်။

၅၀။ လိုင်စင်ပေးခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းလိုင်စင်သည် အကျိုးသက်ရောက်မှုမရှိစေရ။

**အခန်း (၁၈)**

**စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေခြင်းနှင့် ပယ်ဖျက်ခြင်း**

၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော မှတ်ပုံတင် စက်မှုဒီဇိုင်းသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများကိုထိခိုက်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါစက်မှုဒီဇိုင်းမှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပျက်ပြယ်စေရန်အတွက် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၂။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ မှတ်ပုံတင်စက်မှုဒီဇိုင်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက အဆိုပါစက်မှုဒီဇိုင်းမှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပယ်ဖျက်နိုင်သည်-

(က) ပုဒ်မ ၁၀ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ဂ) စက်မှုဒီဇိုင်းသည် အသစ် သို့မဟုတ် မူလမဖြစ်ခြင်း၊

(ဃ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်စက်မှုဒီဇိုင်းအား ရခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း၊

(င) မှတ်ပုံတင်စက်မှုဒီဇိုင်းသည် လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ ဖော်ပြထားသော အချက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားခြင်း၊

(စ) မှတ်ပုံတင်စက်မှုဒီဇိုင်း ပျက်ပြယ်စေခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်အပေါ် အခြေခံခြင်း။

၅၃။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ်အရ မှတ်ပုံတင်စက်မှုဒီဇိုင်းအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည် -

(က) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လအတွင်း သက်တမ်းတိုးမြှင့်ပေးရန်အတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်အဖြစ်မှ စွန့်လွှတ်ခြင်း။

၅၄။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စက်မှုဒီဇိုင်းကို ပျက်ပြယ်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ပြီးပါက အဆိုပါပျက်ပြယ်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်၍ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားပြီး သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

**အခန်း (၁၉)**

**အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း**

၅၅။ ဤဥပဒေပြဋ္ဌာန်းပြီးနောက် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းမှတ်ပုံတင်စနစ် သဘောတူစာချုပ်သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပါက မြန်မာနိုင်ငံတွင် အကျိုးသက်ရောက်စေရန် လျှောက်ထားသည့် အပြည်ပြည်ဆိုင်ရာမှတ်ပုံတင်လျှောက်ထားခြင်းကိုဖြစ်စေ၊ မြန်မာနိုင်ငံမှ လျှောက်ထားမည့် အပြည်ပြည်ဆိုင်ရာမှတ်ပုံတင် လျှောက်ထားခြင်းကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

**အခန်း (၂၀)**

**အယူခံခြင်း**

၅၆။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၅၇။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တရားရုံးသို့ အယူခံဝင်နိုင်သည်။

**အခန်း (၂၁)**

**စက်မှုဒီဇိုင်းအခွင့်အရေးကို ထိပါးချိုးဖောက်မှုများအတွက် တရားရုံးက ဆောင်ရွက်နိုင်သောလုပ်ထုံးလုပ်နည်းများ**

၅၈။ (က) တရားရုံးသည် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ အောက်ပါယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းအား ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့် ရပြီးလျှင်ပြီးခြင်း တင်သွင်းသော ကုန်ပစ္စည်းများအပါအဝင် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန်။

(၂) စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများအား မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်။

(ခ) တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်အမှုသည်၏ မျက်ကွယ်၌ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူကို ပြင်ဆင်၍မရနိုင်သော ထိခိုက်နစ်နာစေနိုင်သည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်း။

(ဂ) တရားရုံးသည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ၎င်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ကျေနပ်စေလောက်သည့် ခိုင်လုံသော အထောက်အထားဖြစ်စေရန်အလို့ငှာ လျှောက်ထားသူအား လိုအပ်သည့် သက်သေခံအထောက်အထားများ တင်ပြရန် တောင်းဆိုနိုင်သည်။

(၂) လျှောက်ထားသူက အလွဲသုံးစားပြုလုပ် လျှောက်ထားခြင်းမှ ကာကွယ်တားဆီးရန်နှင့် တရားပြိုင်အား ကာကွယ်ရန်အတွက် အာမခံချက်တစ်ရပ်တင်သွင်းရန် လျှောက်ထားသူအား တောင်းဆိုနိုင်သည်။

(ဃ) တရားရုံးသည် တစ်ဖက်အမှုသည်၏ မျက်ကွယ်၌ချမှတ်သော ယာယီအရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးလျှင်ပြီးခြင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိခိုက်နစ်နာသူများထံ အသိပေးအကြောင်းကြားရမည်။

(င) အရေးယူဆောင်ရွက်ချက်များကို တရားရုံးကသတ်မှတ်သည့် သင့်လျော်သော အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(စ) အရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် တစ်ဖက်အမှုသည်၏တောင်းဆိုချက်အရ ကြားနာခွင့်အပါအဝင် ပြန်လည်စစ်ဆေးခြင်း တစ်ရပ်ကို ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ဆောင်ရွက်ရမည်။

(ဆ) တရားရုံးသည် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများအား ခွဲခြားသတ်မှတ်နိုင်ရန်အတွက် လိုအပ်သော အခြားသတင်းအချက်အလက်များကို တင်ပြရန် လျှောက်ထားသူထံမှ တောင်းဆိုနိုင်သည်။

(ဇ) တောင်းဆိုထားသည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အရေးယူဆောင်ရွက်ချက်များကို ချမှတ်သော တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ရုံးဖွင့်ရက် ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့် အချိန်ကာလထက်မပိုသောအချိန်အတွင်း တရားစွဲဆိုမှုအပေါ် ဆောင်ရွက်ချက်များကို စတင်ခဲ့ခြင်းမရှိခဲ့လျှင် ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)တို့ကို မထိခိုက်စေဘဲ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို တရားပြိုင်၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် တစ်နည်းအားဖြင့် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(ဈ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များအား ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ဆိုင်းငံ့လျှင်ဖြစ်စေ၊ စက်မှုဒီဇိုင်းအခွင့်အရေး ချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ တရားပြိုင်၏တောင်းဆိုချက်အရ အဆိုပါအရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် နစ်နာမှုနှင့်ညီမျှသည့် သင့်လျော်သော လျော်ကြေးပေးဆောင်ရန် လျှောက်ထားသူကို အမိန့်ချမှတ်နိုင်သည်။

၅၉။ တရားရုံးသည် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) အကောက်ခွန်ကင်းလွတ်ခွင့် ရပြီးလျှင်ပြီးခြင်း တင်သွင်းလာသော စက်မှုဒီဇိုင်းအခွင့်အရေးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းအား ကာကွယ်တားဆီးခြင်းအပါအဝင် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန် ချမှတ်သည့်အမိန့်၊

(ခ) စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် လုံလောက်သော နစ်နာကြေးအား ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ ပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့်၊ သင့်လျော်သောကိစ္စရပ်များတွင် တရားရုံးသည် မူလရင်းနှီးမြှုပ်နှံထားသော နစ်နာကြေးကိုဖြစ်စေ၊ အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ရရှိစေရန် အစားထိုးအမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် ကျသင့်သော ကုန်ကျစရိတ်များအား ပေးဆောင်ရန်အမိန့်။

၆၀။ အရေးယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အလွဲသုံးစားပြုသော အခွင့်အရေးရရှိသူသည် ထိုကဲ့သို့ အလွဲသုံးစားပြုခြင်းကြောင့် နစ်နာမှုအတွက် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား လျော်ကြေးပေးဆောင်ရန် တာဝန်ရှိသည်။ ထို့အပြင် တရားရုံးသည် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင်ဖြစ်သော တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များအား အခွင့်အရေးရရှိသူက ပေးဆောင်ရန် အမိန့်ချမှတ်နိုင်သည်။

၆၁။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တရားမကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တရားပြိုင်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ၎င်း၏တောင်းဆိုချက်များကို လုံလောက်စွာအထောက်အကူပြုနိုင်မည့် ခိုင်လုံသည့်သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်ဆီလျော်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တရားပြိုင်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိသဘောဆန္ဒအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့် အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ်အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့်ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်-

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များအား မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာဟန့်တားလျှင်။

၆၂။ တရားရုံးသည် မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးနှင့်စပ်လျဉ်း၍ ထိပါးချိုးဖောက်သောကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူအား အသိပေးစေရန် ထိပါးချိုးဖောက်သူကို အမိန့်ချမှတ်နိုင်သည်။

၆၃။ မှတ်ပုံတင်စက်မှု ဒီဇိုင်းအခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းအတွက် တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန်အတွက် ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**အခန်း (၂၂)**

**ပြစ်ဒဏ်များ**

၆၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) လျှို့ဝှက်ထားရှိရမည့် စက်မှုဒီဇိုင်းကို လျှို့ဝှက်ထားရှိရမည့် ကာလအတွင်း၌ မသက်ဆိုင်သူအား ထုတ်ဖော်အသိပေးခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်ထားသည့် ကာလအတွင်း၌ မသက်ဆိုင်သူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၆၅။ မည်သူမဆို တရားရုံးက ပုဒ်မ ၆၂ အရ ချမှတ်သော အမိန့်ကိုလိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ့်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၂၃)**

**အထွေထွေ**

၆၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းနှင့် တရားမကြောင်းနှစ်ရပ်လုံးအရဖြစ်စေ စီရင်ဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် တရားရုံးများကို ဖွဲ့စည်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ တရားရုံးများကို ဖွဲ့စည်းခြင်းမပြုမီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အခွင့်အာဏာအပ်နှင်းထားသော တရားသူကြီးရုံးထိုင်ရာ တရားရုံးအား အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) တရားရုံးများက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၆၇။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူအား တင်ပြကြားနာခွင့်ပေးရမည်။

*စာမျက်နှာ ၂၁ သို့*

# အမျိုးစစ်၊ အမျိုးသန့်သည့် မြန်မာတိုင်းရင်းကြက်


အေးအေးမော် (ကထိက)
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

မြန်မာတိုင်းရင်းကြက်များအကြောင်း မတင်ပြမီ အိမ်မွေးကြက် (Domestic fowl) နှင့် တောကြက် (Jungle fowl) ဟူသော စကားနှစ်ရပ်ကို အရင်ရှင်းလင်းလိုပါသည်။ အိမ်မွေးကြက်ဆိုသည်မှာ လူတို့နှင့်နီးနီးကပ်ကပ်နေနိုင်ပြီး အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူ၍ရသောကြက်ကို ဆိုလိုသည်။ တောကြက်သည် လူကပ်မခံဘဲ အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူ၍မရသောကြက် ဖြစ်သည်။ တစ်ဖန် အိမ်မွေးကြက်များကို မျိုးဗီဇရွေးချယ်မှု ( Genetic Selection)၊ မျိုးဗီဇမြှင့်တင်မှု (Genetic Improvement) မရှိသော ဒေသခံတိုင်းရင်းကြက် (Indigenous Chicken) နှင့် မျိုးဗီဇရွေးချယ်၍ မျိုးမြှင့်တင်ထားသော စီးပွားဖြစ်မွေးမြူရေးကြက် (Commercial Chicken) ဟူ၍ ခွဲခြားနိုင်သည်။

တိုင်းရင်းကြက်များသည် ကြမ်းတမ်းသော ရာသီဥတု (Harsh climatic) အခြေအနေတွင် အာဟာရပြည့်ဝသော အစားအစာနှင့် ကောင်းမွန်သော စောင့်ရှောက်မှုတို့ မရရှိလင့်ကစား ကောင်းစွာအသက်ရှင်သန်နိုင်ပြီး ကောင်းစွာမျိုးပွားနိုင်သော အရည်အသွေးကို ပိုင်ဆိုင်ကြသည်။ ဒေသ၏ပတ်ဝန်းကျင် အခြေအနေနှင့် သဟဇာတဖြစ်အောင် နေထိုင်နိုင်စွမ်းရှိကြသဖြင့် တိုင်းရင်းကြက်များကို ပထဝီအနေအထား အမျိုးမျိုးတွင် ကျယ်ပြန့်စွာတွေ့ရှိနိုင်သည်။ ကျွန်မတို့ မြန်မာနိုင်ငံတွင်လည်း ကြက်ကောင်ရေ ၁၂၅ သန်းအနက် ကောင်ရေသန်း ၁၀၀ ကျော် (၈၀ ရာခိုင်နှုန်းကျော်) သည် ဒေသခံတိုင်းရင်းကြက်များ ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းကြက်များကို အပိုဝင်ငွေရရန်နှင့် ဟင်းစားအတွက် တစ်နိုင်မွေးကြသလို တချို့ကလည်း ဝါသနာအရ မွေးမြူလေ့ရှိကြသည်။ ဟင်းစားအတွက် တစ်ပိုင်တစ်နိုင် မွေးလေ့ရှိသော တိုင်းရင်းကြက်မျိုးများမှာ ညောင်ကန်ကြက်၊ ကြက်လည်ပြောက်၊ ကြက်မွှေးလန်၊ စစ်တကောင်းကြက်၊ ရှမ်းကြက်၊ ချင်းကြက်စသည်တို့ ဖြစ်သည်။ ကြက်တိန်ညင်နှင့် ရွှေတဆုပ်တို့ကို ဝါသနာအရ အလှမွေးမြူကြသည်။ တိုက်ကြက်များကို ကြက်တိုက်ပြိုင်ပွဲများအတွက် မွေးမြူလေ့ရှိကြသည်။ တိန်ညင်ကြက်များသည် အချိန်မှန်မှန် တွန်လေ့ရှိသည့်အတွက် နာရီကြက်အဖြစ်လည်းကောင်း၊ နယ်စပ်ဒေသများမှာ တရုတ်ရိုးရာ ခမည်းကြက်အဖြစ်လည်းကောင်း ထင်ရှားသည်။ အသက်သေသည်အထိ ခွပ်တတ်ကြသော တိုက်ကြက်များသည် အနိုင်မခံ အရှုံးမပေးလိုသော စိတ်ဓာတ်၊ ကြံ့ကြံ့ခံနိုင်သော စိတ်ဓာတ်၊ ရဲရင့်သော စိတ်ဓာတ်များရှိကြသည်။ ရင်အုပ်ကြွက်သားများ သန်မာပြီး ပေါင်ကြွက်သားများလည်း တောင့်တင်းသည်။ ခြေထောက်တွင်ပါရှိသည့်အတက်ကို တစ်ကောင်နှင့် တစ်ကောင် တိုက်ခိုက်ရာတွင် အသုံးပြုသည်။

တိုင်းရင်းကြက်များသည် နှစ်ပေါင်းများစွာ ဆင်းသက်ပေါက်ဖွားလာခဲ့သော ရေမြေဒေသကို လိုက်၍ အရွယ်အစားနှင့် အရောင်အသွေးများကွဲပြားနိုင်သော်လည်း အခြေခံမျိုးဗီဇ သဘောသဘာဝမှာ အတူတူပင် ဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် မွေးမြူထားသော တိုင်းရင်းကြက်များ၏ မျိုးဗီဇဆက်စပ်မှု (Genetic Relationship)၊ တစ်နည်းအားဖြင့် ဆွေမျိုးနီးစပ်မှုသည် တခြားအိမ်နီးချင်းနိုင်ငံများရှိ တိုင်းရင်းကြက်မျိုးများနှင့် နှိုင်းယှဉ်ပါက ဆွေမျိုးပို၍နီးသည်ဟု ပြောနိုင်သော်လည်း မြန်မာ့တိုင်းရင်းကြက်များနှင့် အိမ်နီးချင်းနိုင်ငံရှိ တိုင်းရင်းကြက်များအကြား ဆွေမျိုးဝေးကွာသည်၊ သွေးဝေးသည်ဟု မဆိုနိုင်ပါ။ တစ်အိမ်တည်းနေ တစ်မိတည်းပေါက်ကြသည့် မောင်နှမသားချင်း အချင်းချင်း သွေးနီးသကဲ့သို့ တစ်နယ်တစ်ကျေးရှိ ဆွေမျိုးပေါက်ဖော်များနှင့်လည်း သွေးမဝေးသည့် သဘောအတိုင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံရှိ တိုင်းရင်းကြက်များနှင့် အိမ်နီးချင်းနိုင်ငံရှိ တိုင်းရင်းကြက်များသည် တူညီသောတိုင်းရင်းကြက် ဆွေမျိုးအုပ်စုကြီးအောက်တွင် ပါဝင်နေ၍ ဖြစ်သည်။ ထို့အပြင် တိုင်းရင်းကြက်များသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အိမ်မွေးကြက် (Domestic fowl) အမျိုးအစားတွင် ပါဝင်ပြီး အိမ်မွေးကြက်များသည် ကြက်နီမျိုး (Gallus gallus)၊ ကြက်ညိုမျိုး (Gallus sonnerati)၊ သီဟိုဠ်မျိုး (Gallus lafayettei) နှင့် ကြက်စိမ်းမျိုး (Gallus varius) စသည့် တောကြက်လေးမျိုးအနက် တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသော တောကြက်မျိုးများမှ ဆင်းသက်လာခဲ့ကြသည်ဟု အဆိုရှိပါသည်။ ကြက်နီမျိုးတွင် Gallus gallus gallus , Gallus gallus spacideus, Gallus gallus jabouilei, Gallus gallus bankiva, Gallus gallus murghi ဟူ၍ မျိုးစိတ်ငါးခု ထပ်မံခွဲခြားနိုင်ပြီး အိမ်မွေးကြက်များသည် Gallus gallus gallus မှ ဆင်းသက်လာသည်ဟု သုတေသနတစ်ခုမှဆိုသည်။ ဒေသအသီးသီးရှိ တိုင်းရင်းကြက်များသည် တူညီသော ဘိုးဘေးများမှ ဆင်းသက်လာကြ၍ တိုင်းရင်းကြက်များအကြား မျိုးဗီဇသည် သွေးမဝေးကြခြင်းဖြစ်သည်။





**ပုံ(၁) မျိုးဗီဇဆက်စပ်မှုပြပုံ (Phylogenic tree)**

TH = ထိုင်းတိုင်းရင်းကြက်များ၊ ID = အင်ဒိုနီးရှားတိုင်းရင်းကြက်များ၊ GGS = Gallus gallus spacideus၊ MN = မြန်မာတိုင်းရင်းကြက်များ၊ LO = လာအိုတိုင်းရင်းကြက်များ၊ GGG = Gallus gallus gallus၊ GGJ = Gallus gallus jabouilei ၊ RIR = ရွှေဒင်္ဂါး ၊ SD = ဆပ်ဆုမ၊ SJ = ဆပ်ဆုမ ဂျိဒိုးရီ၊ BP = အောစတြာလော့၊ WL = ငွေနားဖြူ GGB = Gallus gallus bankiva

ပုံ(၁)တွင် ဖော်ပြထားသည့် မျိုးဗီဇဆက်စပ်မှုပြပုံ (Phylogenic tree) ကို လေ့လာကြည့်ပါက မြန်မာ၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှားတို့မှ တိုင်းရင်းကြက် အုပ်စုများအပါအဝင် ကြက်နီမျိုးစိတ် သုံးမျိုး(Gallus gallus gallus , Gallus gallus spacideus, Gallus gallus jabouilei)၊ ရွှေဒင်္ဂါး၊ ငွေနားဖြူ အောစတြာလော့ အစရှိသည့် စီးပွားဖြစ်မွေးမြူရေး ကြက်သုံးမျိုးနှင့် ဆပ်ဆုမနှင့် ဆပ်ဆုမ ဂျိဒိုးရီ (Satsuma &Satsumajidori) စသည့် မျိုးမြှင့်ထားသော ဂျပန်တိုင်းရင်းကြက်နှစ်မျိုးတို့ ပါဝင်သော အဓိကအကိုင်းအခက်ကြီး (Main Branch) တစ်ခုနှင့် ကြက်စိမ်းမျိုး (Gallus varius) နှင့် အင်ဒိုနီးရှားမှ ကြက်နီမျိုးစိတ်တစ်ခုဖြစ်သည့် Gallus gallus bankiva တို့ ပါဝင်သော အဓိကအကိုင်းအခက်ကြီးတစ်ခု စုစုပေါင်း အဓိကအကိုင်းအခက်ကြီးနှစ်ခု အဖြစ် ခွဲထွက်နေသည်ကို တွေ့မြင်နိုင်သည်။ အဓိကအကိုင်းအခက်ကြီး တစ်ခုတည်းတွင် ပါဝင်ဖွဲ့စည်းနေသည့် အုပ်စုများသည် မျိုးဗီဇဆက်စပ်မှု ပို၍နီးစပ်ပြီး တစ်နည်း ဆွေမျိုးချင်းပိုနီး၍ အဓိက အကိုင်းအခက်တစ်ခုထဲတွင် မပါဝင်ပါက ဆွေမျိုးနီးစပ်မှု ဝေးကွာသည်။ ထို့ကြောင့် အဓိက အကိုင်းတစ်ကိုင်းထဲတွင် ပါဝင်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှားမှ တိုင်းရင်းကြက်များ၊ ကြက်နီမျိုးစိတ် သုံးမျိုး စီးပွားဖြစ် မွေးမြူရေးကြက်များနှင့် ဂျပန်တိုင်းရင်းကြက်မျိုး နှစ်မျိုးတို့သည် ဆွေမျိုးချင်း နီးစပ်ကြသည်။ ကြက်စိမ်းမျိုး (Gallus varius)နှင့် အင်ဒိုနီးရှားမှ ကြက်နီမျိုးစိတ်တစ်မျိုး (Gallus gallus bankiva)တို့သည် အဓိက အကိုင်းတစ်ကိုင်းအဖြစ် ခွဲထွက်နေသောကြောင့် တိုင်းရင်းကြက်များနှင့်လည်းကောင်း၊ စီးပွားဖြစ်မွေးမြူရေးကြက်များ၊ အခြားတောကြက်မျိုးများနှင့်လည်းကောင်း ဆွေမျိုးချင်း ဝေးကွာကြောင်း တွေ့နိုင်သည်။ တစ်ဖန် တိုင်းရင်းကြက်များ ပါဝင်သည့် အဓိကအကိုင်းကြီးထဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ လာအိုတို့မှ တိုင်းရင်းကြက်များနှင့် ကြက်နီမျိုးစိတ် သုံးမျိုးတို့ပါဝင်သည့် အုပ်စုကြီးတစ်ခုကို တွေ့မြင်နိုင်ပါသည်။ စီးပွားဖြစ် မွေးမြူရေးကြက်များနှင့် ဂျပန်တိုင်းရင်းကြက်မျိုးများကိုမူ သီးခြားအုပ်စုများအဖြစ် တွေ့မြင်နိုင်သည်။ ထို့ကြောင့် တိုင်းရင်းကြက်များသည် ကြက်နီမျိုးစိတ်များနှင့် မျိုးဗီဇနီးစပ်စွာ ရှိနေပြီး တိုင်းရင်းကြက်များ အချင်းချင်းတွင်လည်း မြန်မာနှင့် လာအိုတို့မှ တစ်တွဲ၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့မှ တစ်တွဲ နီးကပ်စွာအုပ်စုဖွဲ့နေကြသဖြင့် မြန်မာတိုင်းရင်းကြက်များတွင် တွေ့ရသည့် ဝိသေသတချို့ကို အိမ်နီးချင်းနိုင်ငံများရှိ တိုင်းရင်းကြက်များတွင်လည်း တွေ့ကောင်းတွေ့နိုင်သည်။

ကွယ်လွန်သွားသည့် ကျွန်မ၏ဆရာကြီး ပါမောက္ခ ဒေါက်တာအောင်သန်းသည် တစ်ချိန်က FAO အစီအစဉ်ဖြင့် ထိုင်းနိုင်ငံတွင် ဖွင့်လှစ်သည့် မျိုးဗီဇအရင်းအမြစ်များ ထိန်းသိမ်းရေးသင်တန်း (Conservation for Genetic Resources)သို့ တက်ရောက်ခဲ့ဖူးပါသည်။ ဆရာကြီးက သူတို့ထိုင်းနိုင်ငံမှ အရည်အသွေးကောင်းသည့်ကြက်ဆိုပြီးလိုက်ပြ၍ ကြည့်လိုက်ရာ ကျောက်ပန်းတောင်းက ကြက်နဲ့ တစ်ပုံစံတည်းပဲဟု ပြောပြခဲ့ဖူးသည်။ဤနေရာတွင် ကျွန်မ၏သုတေသနတွေ့ရှိချက်ကို တင်ပြလိုပါသည်။ မျိုးဗီဇ အမှတ်အသား (Genetic Marker) ၁၀၂ ခုကို အသုံးပြု၍ မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံများရှိ တိုင်းရင်းကြက်များ၏ မျိုးဗီဇဆိုင်ရာ အုပ်စုဖွဲ့စည်းပုံ (Population Structure) ကို သုတေသနပြုခဲ့သည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း တိုင်းရင်းကြက်များသည် ရေမြေဒေသ အသီးသီးတွင် အချိန်ကြာမြင့်စွာကတည်းက အသားတကျနေထိုင်ခဲ့ကြပြီး သက်ဆိုင်ရာအုပ်စုများတွင် သက်ဆိုင်ရာ မျိုးဗီဇမူရင်းများ(Genetic Origin)နှင့် ဖွဲ့စည်းထားကြသည်။ Structure ဟုခေါ်သည့် ဆော့ဖ်ဝဲကိုသုံး၍ အုပ်စုဖွဲ့စည်းပုံကို ဆန်းစစ်ရာ ပုံ (၂) တွင် ဖော်ပြထားသည့် အုပ်စုဖွဲ့စည်းပုံကို ရရှိသည်။ မြန်မာ၊ ထိုင်းနှင့် လာအိုနိုင်ငံတို့ရှိ တိုင်းရင်း ကြက်များသည် အုပ်စုတစ်စုစီ၊ တစ်စုစီအဖြစ် ဖွဲ့စည်း နေပြီး သက်ဆိုင်ရာအုပ်စုအတွက် သက်ဆိုင်ရာ မျိုးဗီဇ မူရင်း (Genetic Origin)နှင့် ဖွဲ့စည်းထားသည်။ မြန်မာတိုင်းရင်းကြက်များ၏ မျိုးဗီဇမူရင်းသည် အပြာရောင်၊ ထိုင်းတိုင်းရင်းကြက်များ၏ မျိုးဗီဇ မူရင်းသည် အဝါရောင်၊ လာအိုတိုင်းရင်းကြက်များ၏ မျိုးဗီဇမူရင်းသည် အနီရောင်ဖြင့် ကိုယ်စားပြုသည်။ ထိုင်းနှင့် လာအိုတို့မှ တိုင်းရင်းကြက်များ၏ မျိုးဗီဇဖွဲ့စည်းပုံတွင် မြန်မာတိုင်းရင်းကြက်များ၏ မျိုးဗီဇမူရင်း (အပြာရောင်) များ ရောနှောနေသည်ကို တွေ့မြင်နိုင်သည်။ မြန်မာတိုင်းရင်းကြက်များ၏ အုပ်စုဖွဲ့စည်းပုံတွင် မည်သည့် မျိုးဗီဇမူရင်းမှ ရောနှောခြင်းမရှိဘဲ၊ မြန်မာတိုင်းရင်းကြက်၏ မျိုးဗီဇမူရင်းတစ်မျိုးတည်းဖြင့်သာ ဖွဲ့စည်းထားကြောင်း တွေ့ရသည်။ ဤရလဒ်အရ မြန်မာတိုင်းရင်းကြက်များသည် မျိုးဗီဇအရောအနှော မရှိ၊ မူရင်းစစ်မှန်သည့် တိုင်းရင်းကြက်များဟု ပြောနိုင်သည်။




**ပုံ (၂) မျိုးဗီဇဆိုင်ရာအုပ်စုဖွဲ့စည်းပုံ (Population Structure)**

YG = ရန်ကုန် ၊ MD = မန္တလေး ၊ PG = ပဲခူး၊ TC = Trat နှင့် Chantaburi ၊ KC = Kanchahaburi၊ NCL Nan ၊Chiang Rai နှင့် Lampang၊ VC =Viangchan ၊ LP = Louangphrabang ၊ PK = Pakxe

မြန်မာတိုင်းရင်းကြက်များ၏ မျိုးဗီဇမူရင်းများသည် ထိုင်းတိုင်းရင်းကြက်များဆီသို့ အဘယ်ကြောင့် ရောနှောနေသနည်းဟု မေးစရာရှိသည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသည် ပထဝီအနေအထားအရ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိနေသည့်အပြင် တောင်ငူခေတ်နှင့် ကုန်းဘောင်ခေတ်များတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စစ်ပွဲများ အထင်အရှားရှိခဲ့သည်။ ထိုသို့ စစ်ပွဲများရှိခဲ့စဉ်က မြန်မာစစ်သည်တော်များနှင့်အတူ မြန်မာတိုင်းရင်းကြက်များကို ရိက္ခာအဖြစ် သယ်ဆောင်သွားဖွယ်ရှိသည်။ ကုန်သည်များကလည်း သယ်ဆောင်သွားနိုင်ပါသည်။ အဆိုပါရိက္ခာအဖြစ် သယ်ဆောင်သွားသော မြန်မာတိုင်းရင်းကြက်များသည် ထိုင်းနိုင်ငံရှိ ဒေသခံကြက်များနှင့် ရောနှောယှက်တင်ရာမှ မျိုးဗီဇများ ရောနှောသွားနိုင်ဖွယ်ရှိသည်။ *စာမျက်နှာ ၂၁ သို့*



မြန်မာ ကြက်တိန်ညင်လေးများ

# ရွှေဖလားပြိုင်ပွဲမှာ မက္ကဆီကို ဗိုလ်စွဲနိုင်ပါ့မလား

မိုးမြင့်လင်းလက်



ဒီသီတင်းပတ်ရဲ့ စိတ်လှုပ်ရှားစရာကောင်းတဲ့ ပွဲစဉ်ကတော့ ဇူလိုင် ၇ ရက်မှာ စတင်ယှဉ်ပြိုင်ကစားကြမယ့် ကွန်ကာကာ့ဖ်ရွှေဖလားအုပ်စုပွဲစဉ်တွေပဲဖြစ်ပါတယ်။ ရွှေဖလားပွဲစဉ်တွေ စတင်ပြီဖြစ်တာမို့ ဒီနှစ်ပြိုင်ပွဲမှာ ဘယ်အသင်း ဗိုလ်စွဲသွားမလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းနေပါတယ်။ ရွှေဖလားပြိုင်ပွဲဟာ ကမ္ဘာ့ဘောလုံးပရိသတ်ရဲ့ စိတ်ဝင်စားမှုကို တဖြည်းဖြည်းရရှိနေပြီး အဓိကပြိုင်ပွဲတစ်ရပ်အဖြစ် ရောက်ရှိလာတာမို့ ပြိုင်ပွဲဝင်အသင်းတိုင်းဟာ သေသေချာချာပြင်ဆင်ပြီး ယှဉ်ပြိုင်တာဖြစ်တာကြောင့် ပွဲကောင်းတွေအဖြစ် အားပေးကြဦးမှာဖြစ်ပါတယ်။

ဒီနှစ်ကွန်ကာကာ့ဖ်ရွှေဖလားပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ၁၂ သင်းကို အုပ်စုသုံးစုခွဲပြီး ယှဉ်ပြိုင်စေမှာဖြစ်တာမို့ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့အသင်းကတော့ မက္ကဆီကိုအသင်းပဲဖြစ်ပါတယ်။ မက္ကဆီကိုအသင်းဟာ ရွှေဖလားဘောလုံးပြိုင်ပွဲမဝင်ခင်အထိ ကစားခဲ့တဲ့ပွဲတွေမှာ ခြေစွမ်းကောင်းတွေပြသနိုင်ပြီး တစ်ဦးချင်းရော အသင်းလိုက်ပါ စွမ်းဆောင်ရည်ကောင်းမွန်နေတာကြောင့် ဗိုလ်စွဲမယ်လို့ ရေပန်းစားနေခြင်းဖြစ်ပါတယ်။

မက္ကဆီကိုအသင်းဟာ ဒီနှစ်ရွှေဖလားပြိုင်ပွဲမှာ အုပ်စု(C)မှာ ပါဝင်နေပြီး ကျူးဘား၊ ထရီနီဒက်၊ ဂွာတီမာလာတို့နဲ့ တစ်အုပ်စုတည်းကျနေတာကြောင့် ဒီအုပ်စုမှာတော့ အုပ်စုဗိုလ်အဖြစ် နောက်တစ်ဆင့်တက်ရေး သေချာနေတယ်လို့ ဆိုပါတယ်။ ကိုပါအမေရိကပြိုင်ပွဲမှာ အောင်မြင်မှုမရရှိခဲ့ပေမယ့် မက္ကဆီကိုအသင်းရဲ့ ကြိုးစားအားထုတ်မှုက ပြိုင်ဘက်အသင်းတွေ အသိအမှတ်ပြုရတဲ့ စွမ်းဆောင်မှုမျိုးဖြစ်ခဲ့ပါတယ်။

တကယ်တော့ မက္ကဆီကိုအသင်းဟာ ကွန်ကာကာ့ဖ်ရွှေဖလားဘောလုံးပြိုင်ပွဲသမိုင်းမှာ ၁၉၆၃၊ ၁၉၇၁၊ ၁၉၇၇၊ ၁၉၉၃၊ ၁၉၉၆၊ ၁၉၉၈၊ ၂၀၀၃၊ ၂၀၀၉ နဲ့ ၂၀၁၁ ခုနှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့တာမို့ အောင်မြင်မှု မှတ်တမ်းကောင်းရရှိထားတဲ့အသင်းလည်း ဖြစ်ပါတယ်။ မက္ကဆီကိုအသင်းဟာ ကွန်ကာကာ့ဖ်ရွှေဖလားပြိုင်ပွဲကို စုစုပေါင်းအကြိမ် ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကိုးကြိမ်ချန်ပီယံဖြစ်ခဲ့တာကြောင့် ရွှေဖလားပြိုင်ပွဲသမိုင်းမှာ အောင်မြင်မှုအရှိဆုံးအသင်းလည်း ဖြစ်နေပါတယ်။

နည်းပြဟာရီရာ တာဝန်ယူထားတဲ့ မက္ကဆီကိုအသင်းဟာ ကမ္ဘာကျော်ဘောလုံးသမားတွေဖြစ်တဲ့ ဟာနန်ဒက်ဇ်၊ ဒေါ့ဆန်းတို့စ်၊ အိုချိုအာ၊ ကားလို့စ်ဗီလာ စတဲ့ကစားသမားတွေ ပါဝင်နေတာမို့ မက္ကဆီကိုအသင်းဟာ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်နေပါတယ်။ ဥရောပထိပ်သီးကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ ထိပ်တန်းဘောလုံးသမားတွေနဲ့ စုဖွဲ့ထားတဲ့ မက္ကဆီကိုအသင်းဟာ ပြိုင်ဘက်တိုင်း အလေးထားယှဉ်ပြိုင်ရမယ့် ခြေစွမ်းကိုလည်း ပိုင်ဆိုင်ထားပါတယ်။

အသင်းခေါင်းဆောင် ဂွာဒါဒို၊ ခြေစွမ်းပြနေတဲ့ ဒီယေဂိုရေးယက်စ်နဲ့ ဒေါ့ဆန်းတို့စ်၊ ဟာနန်ဒက်ဇ်တို့က မက္ကဆီကိုအသင်းကို အောင်မြင်မှုရရေးအတွက် အဓိကမောင်းနှင်အားတွေဖြစ်ပြီး နည်းပြ ဟာရီရာရဲ့ ဗျူဟာတွေနဲ့ပေါင်းစပ်ကာ အမြင့်ဆုံးချန်ပီယံဆုကို သိမ်းပိုက်နိုင်ရေး အားထုတ်တော့မှာဖြစ်ပါတယ်။

ဒ့ါအပြင် ဆိုစီဒက်ကလပ်မှာ ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူးကားလို့စ်ဗီလာကလည်း ပြိုင်ဘက်ခံစစ်မှူးတွေကို ခြိမ်းခြောက်ထိုးဖောက်နိုင်သူဖြစ်ပြီး လက်ရှိချန်ပီယံအမေရိကန်တို့လက်ထဲက ရွှေဖလားကိုရယူနိုင်ဖို့ အကောင်းဆုံးပေးဆပ်မှုတွေ ပြုလုပ်ဖို့ အသင့်ရှိနေပြီဖြစ်ပါတယ်။

ကမ္ဘာ့အဆင့်(၂၃) ရှိတဲ့ မက္ကဆီကိုအသင်းဟာ ၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ ရွှေဖလားကို မရယူနိုင်ခဲ့တဲ့ ဖြစ်ရပ်ဆိုးကို ခြေဖျက်ပြီး ဒီနှစ်ပြိုင်ပွဲ မှာတော့ ကွန်ကာကာ့ဖ်ရွှေဖလားကို သိမ်းပိုက်သွားမလားဆိုတာ စောင့်ကြည့်အကဲခတ်ရတော့မှာဖြစ်ပါတယ်။ ။

## ဂျပန်အမျိုးသမီးအသင်း ချန်ပီယံကာကွယ်နိုင်မလား

ကနေဒါနိုင်ငံမှာ ကျင်းပနေတဲ့ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမှာ လက်ရှိ ချန်ပီယံ ဂျပန်အမျိုးသမီးအသင်းကတော့ နာမည်ကြီးအင်္ဂလန် အမျိုးသမီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး ဗိုလ်လုပွဲသို့ ရောက်ရှိသွားပါပြီ။ ဗိုလ်လုပွဲမှာ လက်ရှိချန်ပီယံ ဂျပန်အမျိုးသမီးအသင်းအနေနဲ့ တနင်္ဂနွေနေ့မှာ အမေရိကန်အမျိုးသမီးအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ၂၀၁၁ ခုနှစ်က ဗိုလ်လုပွဲမှာ ဆုံခဲ့ပြီး ယခုတစ်ဖန် ဗိုလ်လုပွဲမှာ ပြန်တွေ့ကြတာဖြစ်ပါတယ်။ အဲဒီတုန်းက ဂျပန်အမျိုးသမီးအသင်းက ပယ်နယ်တီနဲ့နိုင်ပြီး ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီရှုံးကြွေးကို အမေရိကန်အမျိုးသမီးအသင်းအနေနဲ့ ပြန်ဆပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမယ့် အနေအထားဖြစ်ပါတယ်။



ဂျပန်အမျိုးသမီးအသင်းကပဲ သူ့ရဲ့ ချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်သွားမလား၊ အမေရိကန်ကပဲ ရှုံးကြွေးဆပ်ပြီး ဖလားဆွတ်ခူးမလားဆိုတာ စိတ်ဝင်စားစရာပါပဲ။ လက်ရှိအချိန်မှာတော့ ဂျပန်အမျိုးသမီးအသင်းဟာ ချန်ပီယံစိတ်ဓာတ်နဲ့ ကစားနေတဲ့ အသင်းကောင်းဖြစ်ပါတယ်။ အာရှအမျိုးသမီးတွေရဲ့ ဂုဏ်ကိုဆောင်နေတဲ့ ဂျပန်အမျိုးသမီးအသင်းဟာ ကမ္ဘာ့အမျိုးသမီးတွေနဲ့ ရင်ပေါင်တန်းပြီး ဘောလုံးလောကကို စိုးမိုးနိုင်ရင်တော့ ဂုဏ်ယူစရာကောင်းပါတယ်လို့ လေ့လာသူတွေက ဆိုပါတယ်။

## ပေါ်တိုတိုက်စစ်မှူး မာတီနက်ဇ် အက်သလက်တီကိုသို့ရောက်ပြီ

ပေါ်တိုအသင်းနဲ့အတူ ခြေစွမ်းပြကစားနေတဲ့ ကိုလံဘီယာတိုက်စစ်မှူး ဂျက်ဆင်မာတီနက်ဇ်ကို အက်သလက်တီကိုအသင်းက ပေါင် ၂၄ ဒသမ ၈ သန်းနဲ့ ခေါ်ယူစာချုပ်လိုက်ပါပြီ။ မာတီနက်ဇ်ကို အာဆင်နယ်က ခေါ်ယူဖို့ ကြိုးစားခဲ့တယ်။ သို့ပေမယ့် အက်သလက်တီကိုနဲ့သာ စာချုပ်ဖို့သဘောတူခဲ့တယ်လို့ ပေါ်တိုတိုက်စစ်မှူးက ဆိုပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိတဲ့ မာတီနက်ဇ်က ၂၀၁၂ ခုနှစ်မှာ ပေါ်တိုအသင်းကို အောင်မြင်မှုရအောင်ကြိုးစားပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သုံးနှစ်တာအတွင်း ပွဲပေါင်း ၉၀ ပါဝင်ကစားခဲ့ရာမှာ ၆၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး သုံးနှစ်အတွင်း ဂိုးအများဆုံးသွင်းယူနိုင်တဲ့ ထိပ်တန်း တိုက်စစ်မှူးဖြစ်ခဲ့ပါတယ်။ အက်သလက်တီကိုက ဂျူဗင်တပ်စ်သို့ ပြောင်းသွားတဲ့ မန်ဇူကစ်ရဲ့နေရာမှာ မာတီနက်ဇ်နဲ့ အစားထိုးမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အက်သလက်တီကိုမှာ ကစားရမှာ စိတ်လှုပ်ရှားနေမိတယ်လို့ မာတီနက်ဇ်က ဆိုပါတယ်။ ဂျူဗင်တပ်က မန်ဇူကစ်ကို ပြီးခဲ့တဲ့ရာသီမှာ စီးရီးအေ ဂိုးအများဆုံးသွင်းယူပေးနိုင်တဲ့ တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်နေရာမှာ အစားထိုးခဲ့ပါတယ်။ တီဗက်ဇ်အနေနဲ့ ပထမဆုံးကလပ်ဘိုကာဂျူနီယာသို့ ပြန်သွားခဲ့ပါတယ်။



## မန်ယူအတွက် အသင်းမှထွက်မယ်ဆိုတဲ့ ရာမို့စ်



မန်ယူအတွက်ကြောင့်သာ အသင်းမှထွက်ခွာမှာဖြစ်တယ်လို့ ရီးရဲမက်ဒရစ်နောက်ခံလူ ဆာဂျီယိုရာမို့စ်က ပြောဆိုလိုက်ပါတယ်။ ရီးရဲမက်ဒရစ်ကို ကျောခိုင်းဖွယ်ရှိနေတဲ့ ရာမို့စ်ကို အနီရောင်နတ်ဆိုးလို့ခေါ်တဲ့ မန်ယူက ပေါင် ၂၈ ဒသမ ၆ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားတာပါ။ အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရာမို့စ်ဟာ ရီးရဲမက်ဒရစ်မှထွက်ခွာဖို့ အသင့်ဖြစ်နေပြီလို့ ဆိုပါတယ်။ ရာမို့စ်ဟာ အခြားထိပ်သီးအသင်းတွေ ကမ်းလှမ်းခဲ့ပေမယ့် တုံ့ပြန်မှုမရှိခဲ့ပါဘူး။ မန်ယူကိုတော့ စိတ်ဝင်စားနေတဲ့သဘောရှိပါတယ်။ ရာမို့စ်ဟာ ၂၀၀၅ ခုနှစ်က ဆီဗီလာအသင်းမှ ပေါင် ၂၇ သန်းနဲ့ ပြောင်းရွှေ့ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်နဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားခဲ့တဲ့အတွက် အသင်းကြီးတွေရဲ့ အာရုံစိုက်ခြင်းကို ခံခဲ့ရပါတယ်။ မန်ယူဂိုးသမား ဒီဂီယာနဲ့ အလွန်ရင်းနှီးတဲ့ ကစားဖော်တွေဖြစ်ခဲ့ခြင်းကလည်း မန်ယူကို သူစိတ်ဝင်စားနေတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ မန်ယူရဲ့ နောက်တန်းခံစစ်အတွက် ရာမို့စ်ဟာ အဓိကကစားသမားဖြစ်လာနိုင်ပါတယ်။

ကောင်းမြတ်သူ- စုစည်းသည်။

# အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး တာချီလိတ်ခရိုင်အတွင်း မြို့နယ်များ၌ သုတေသနပြုမည်

**တာချီလိတ် ဇူလိုင် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်းရှိ တာချီလိတ်မြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်များတွင် ဇူလိုင် ၁ ရက်မှ ၁၀ ရက်အထိ ဈေးများ၊ မွေးမြူရေးခြံများသို့ ကွင်းဆင်းလေ့လာပြီး မှတ်တမ်းကောက်ယူကာ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်း ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

တာချီလိတ်မြို့နယ်အတွင်း အပြင်းစား ကြက်ငှက် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကြက်ငှက်တုပ်ကွေးဆိုင်ရာ သုတေသနအဖွဲ့က ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကြက်ငှက်တုပ်ကွေးဆိုင်ရာ သုတေသနအဖွဲ့သည် ဝမ်ကောင်းမြို့မဈေးနှင့် ပုဂ္ဂလိကဈေးများဖြစ်သည့် ဘုရင့်နောင်ဈေး၊ ဆန်ဆိုင်းဈေး၊ အာခါဈေး၊ ဖန်မင် ကျေးရွာအုပ်စုရှိ ပါဝုန်းဈေးများတွင် ကြက်၊ ဝက် အသားရောင်းချနေမှုနှင့် ကုန်စည်စီးဆင်းမှု၊ ဈေးနှုန်းကြည့်၍ အကဲဖြတ်ခြင်း၊ အများပြည်သူစားသုံးရန် သင့်လျော်မှုရှိ၊ မရှိ မျက်မြင်အနေအထားများ ကြည့်ရှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သော ရောဂါများအနက် လူများစွာအား ခြိမ်းခြောက်နေသည့် အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများနှင့် ဇီဝလုံခြုံမှု ဆွေးနွေးပွဲကိုလည်း တာချီလိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် FAO တို့ ပူးပေါင်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁ ရက်က ပြုလုပ်ခဲ့သည်။



အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး ဆွေးနွေးပွဲ ပြုလုပ်စဉ်။

ဆွေးနွေးပွဲသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး ကော်မတီအဖွဲ့တွင် ပါဝင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်းရှင်များ၊ ဝက်နှင့် ဝက်သား ပြုပြင်ထုတ်လုပ်ရောင်းချသူများ၊ အေးခဲကြက်သား တင်သွင်းခွင့်ရကုမ္ပဏီများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက ဆွေးနွေးပွဲပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှ အမျိုးသားအကြံပေးအရာရှိ ဒေါက်တာကြည်မာအောင်က အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခြင်း သတင်းအချက်အလက်နှင့် ရောဂါထိန်းချုပ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**ဝေယံလင်း (ပြန်/ဆက်)**

# တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

**တာချီလိတ် ဇူလိုင် ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နယ်စပ် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးပွဲကို တာချီလိတ်မြို့ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ ဇွန် ၂၉ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးမြင့်သူရက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၏ ပို့ကုန်/သွင်းကုန် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုလျာထားချက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခြေအနေများနှင့် ကုန်သွယ်မှု မူဝါဒဆိုင်ရာညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။ ထို့အပြင် တရားမဝင်ကန့်သတ်ကုန်စည်များဖြစ်သည့် အရက်၊ ဘီယာများ၊ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို တင်းကြပ်စွာ တားဆီးစစ်ဆေးနေကြောင်း၊ ဖမ်းဆီးရမိပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် တရားမဝင်တင်သွင်းမှုများ မရှိစေရေးအတွက် ကုန်သည်လုပ်ငန်းရှင်အချင်းချင်း ဝိုင်းဝန်းထိန်းကျောင်းဆောင်ရွက်ပေးရန်လိုကြောင်း ဆွေးနွေးခဲ့ကြသည်။



ထို့နောက် One Stop Services (OSS) အဖွဲ့ဝင်ဌာနများဖြစ်သည့် အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန(FDA)တို့မှ တာဝန်ခံများက တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုပမာဏ တိုးတက်လာစေရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများကိုလည်းကောင်း၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကာ တက်ရောက်လာကြသော ကုန်သွယ်လုပ်ငန်းရှင်များနှင့် မော်တော်ယာဉ်အသင်းများမှတာဝန်ရှိသူများကလည်း ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများကို တာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကျေးရွာအလက(ခွဲ) အဆင့်တိုးမြှင့်ဖွင့်

**သုံးခွ ဇူလိုင် ၃**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရှိ ကတုံးပေါ်အထက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း၊ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ ဒုတိယအုပ်ချုပ်ရေးမှူးဦးညီညီစော၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝိတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ပညာရေးမြှင့်တင်မှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးမြင့်သိန်းက ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **ဆိုက်ကျင်(သုံးခွ)**

# အမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

**ပုဏ္ဏားကျွန်း ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအထိမ်းအမှတ်အဖြစ် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ ရန်ကုန်-စစ်တွေကားလမ်းဘေး ဂူဝရေလျှောင်ကန်ကြီးအနီး၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက သစ်ပင်မျိုးစုံ ၃၀၆ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဦး-ကလေးဝလမ်းပိုင်း လမ်းများတိုးချဲ့



**ကလေးဝ ဇူလိုင် ၃**

ကလေးခရိုင် ကလေးဝမြို့နယ်အတွင်းရှိ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၏ လမ်းမကြီးတစ်ခုဖြစ်သည့် ရေဦး-ကလေးဝလမ်းတွင် မိုင်တိုင်အမှတ် (၇၈) မှ (၈၉) အတွင်း ၁၀ မိုင်ကို အကျယ်ပေ ၄၀ အထိ လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းချဲ့ခြင်းလုပ်ငန်းကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေ ကျပ်သန်း ၄၃၀ ဖြင့် Astro World ကုမ္ပဏီကတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ဇွန်လကုန်တွင် မိုင်တိုင်အမှတ် (၈၃) မှ (၈၇) အထိ ပြီးစီးနေပြီဖြစ်သည်။ လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လမ်းအကျယ်ချဲ့ခြင်းအပြင် လမ်းမျက်နှာပြင် ပြုပြင်ခြင်း၊ လမ်းပုံဖော်ခြင်းနှင့် လမ်းဘေးဝဲယာ ရေမြောင်းတူးခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဝင်း၊ ကလေးဝမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်တို့က ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ဇွန်လနောက်ဆုံးပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# ဘိန်းအစားထိုးသီးနှံ မျိုးစေ့များပေးအပ်ပွဲနှင့် သီးနှံစိုက်ပျိုးမှု ပညာပေးသင်တန်းဖွင့်

**တီးတိန် ဇူလိုင် ၃**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့၌ ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီအတွင်း ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးရေးအတွက် သီးနှံမျိုးစေ့နှင့် ပျိုးပင်များပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ခန်းမ၌ ဇွန် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

သီးနှံမျိုးစေ့ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မျိုးလတ်က အမှာစကားပြောကြားပြီး ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ ကီလို ၇၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ သစ်အယ်ပျိုးပင် ၁၀၀ ကို မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းထန့်ဗဲလ်းကလည်းကောင်း၊ မျောက်ငိုပျိုးပင် ၅၀ ကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝုန့်လျန်းခမ်ကလည်းကောင်း ဒေသခံတောင်သူ ၆၄ ဦးထံ ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဒေါင့်ခန့်နန်က ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာပေးသင်တန်းကို သင်ကြားပို့ချခဲ့သည်။

ပြည်နယ်၌ ဘိန်းအစားထိုးသီးနှံများအဖြစ် ပုလဲသွယ်စပါးစသည့် သီးနှံမျိုးစေ့များ၊ နှစ်ရှည်ပျိုးပင်များနှင့် နှစ်ချင်းသီးနှံမျိုးစေ့များကို တောင်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြင့် ဘိန်းစိုက်ပျိုးမှု လျော့ကျစေရန် ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေးပညာပေးဟောပြောပွဲများ၊ သီးနှံပိုးမွှားများအန္တရာယ်ကာကွယ်ရေး ပညာပေးလုပ်ငန်းများ စသည့်သီးနှံအထွက်တိုးရေးလုပ်ငန်းများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ဇေယျာသီရိမြို့နယ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ



**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ခေတ်အေး-ကျောက်ဖျာသွား လမ်းဘေးဝဲ/ယာ၌ ဇူလိုင် ၂ ရက် နံနက် ၉ နာရီက မိုးရာသီသစ်ပင်စိုက်ပွဲတော် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး လာရောက်၍ အရိပ်ရသော သစ်ပင်စိုက်ပေးသည်။ စိုက်ပျိုးပွဲတွင် ကျွန်း၊ မဲဇလီ၊ ကုက္ကို၊ အင်ကြင်း အစရှိသော အရိပ်ရသစ်ပင်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ ဥတ္တရခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစွန်ထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံ မီးသတ်တပ်ဖွဲ့အသင်းဝင်နှင့် ပြည်သူများက အရိပ်ရ သစ်ပင် ၇၅၄ ပင်ကို စိုက်ပျိုးကြကြောင်း သိရသည်။

**(ဝဲပုံ) (၁၈၅)**

*စာမျက်နှာ ၁၈ မှ*

အဆိုပါ ရောနှောသွားသော မျိုးဗီဇများကို မျိုးဆက်အဆင့်ဆင့် ဆင့်ပွားသယ်ဆောင်နိုင်ခဲ့ပါသည်။

နှစ်ကာလကြာသောအခါ ယခုကဲ့သို့ မြန်မာတိုင်းရင်းကြက်များ၏ မျိုးဗီဇမူရင်းများကို ထိုင်းတိုင်းရင်းကြက်များ၏ မျိုးဗီဇတွင် ရောနှောစွာ တွေ့မြင်ရခြင်းဖြစ်သည်ဟု ယူဆမိပါသည်။ (ထင်မြင်ယူဆမှုသက်သက်သာဖြစ်ပါသည်) ဤသို့ ယူဆရခြင်းမှာ သုတေသနတွင် ထိုင်းနိုင်ငံဘက်မှ တိုင်းရင်းကြက်များ၏ သွေးနမူနာများ ကောက်ယူခဲ့သော ဒေသများမှာ နန်၊ ချင်းရိုင်၊ လန်ပန်၊ ကချနာဘူရီအစရှိသော ထိုင်းနိုင်ငံ၏ မြောက်ပိုင်းဒေသများပါဝင်ပြီး ၎င်းဒေသများသည် တစ်ချိန်က မြန်မာနှင့် ထိုင်းတို့ စစ်မက်ဖြစ်ပွားရာဒေသများဖြစ်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရသောကြောင့်ဖြစ်ပါသည်။ အထက်က ဆရာကြီး ဦးအောင်သန်း ပြောခဲ့ဖူးသည့် 'ထိုင်းနိုင်ငံမှ အရည်အသွေးကောင်းသည်ဆိုသည့်ကြက်သည် မြန်မာနိုင်ငံ ကျောက်ပန်းတောင်းမှ ကြက်နှင့် တစ်ပုံစံတည်း' ဆိုသည့်အချက်မှာ ဖြစ်နိုင်ဖွယ်ရှိပါသည်။ မြန်မာတိုင်းရင်းကြက်များသည် မျိုးဗီဇအရောအနှောကင်းသည့် မျိုးဗီဇသန့်စင်သည့် တိုင်းရင်းကြက်များဖြစ်ကြပါသည်။ သို့သော် ကျွန်ုပ်၏သုတေသနတွင် ရန်ကုန်၊ မန္တလေး နှင့် ပဲခူး ဒေသများမှ မြန်မာတိုင်းရင်းကြက်များ၏ သွေးနမူနာများကိုသာ အသုံးပြုခဲ့ရပါသည်။ အကယ်၍ မြန်မာနိုင်ငံအနှံ့အပြား ဒေသအသီးသီးရှိ တိုင်းရင်းကြက်နမူနာများကို အသုံးပြု၍ လေ့လာဆန်းစစ်ပါက မြန်မာတိုင်းရင်းကြက်များ၏ မျိုးဗီဇစစ်မှန်မှုကို ယခုထက်ပို၍ ခိုင်ခိုင်မာမာ ထုတ်ဖော်နိုင်ပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ အသားကဏ္ဍအတွက် အသားစားကြက်၊ ဥစားကြက်အစရှိသည့် စီးပွားဖြစ် ကြက်မွေးမြူရေးကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သလို အချိန်ကြာမြင့်စွာကတည်းက မြန်မာ့ရေမြေသဘာဝနှင့် အသားတကျရှိခဲ့သော၊ မျိုးဗီဇစစ်မှန်၍ အဖိုးတန်လှသော မြန်မာ့တိုင်းရင်းကြက်များကိုလည်း ဆက်လက်ထိန်းသိမ်းမွေးမြူသွားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

*စာမျက်နှာ ၁၇ မှ*

၆၈။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ စက်မှုဒီဇိုင်းနှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၆၉။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်ရာတရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၇၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံ စာရွက်စာတမ်း အထောက်အထားများကို တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာ တရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန်အတွက် အမိန့်ချမှတ်ရမည်။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အစိုးရဌာနနှင့် တရားဝင် ရပ်တည်သော အဖွဲ့အစည်း တစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူ ဘေးအန္တရာယ်ကိစ္စများတွင် စက်မှုဒီဇိုင်းပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၇၂။ စက်မှုဒီဇိုင်းအငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တရားမကြောင်းအရဖြစ်စေ၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်းစေခြင်းဖြင့် ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းသည့် နည်းလမ်းအရဖြစ်စေ ဖြေရှင်းနိုင်သည်။

၇၃။ စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ နစ်နာသူ မည်သူမဆို တရားမကြောင်းဖြင့် တရားရုံးသို့ တရားစွဲဆို လျှောက်ထားနိုင်သည်။

၇၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာနနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတို့သည် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၇၅။ The Burma Patents and Designs (Emergency Provisions) Act, ၁၉၄၆ ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။



# နည်းပညာလုပ်ငန်းငယ်များတိုးတက်စေရန် ကနောင်ဟဘ်စင်တာ ဖွင့်လှစ်ထား

**ရန်ကုန် ဇူလိုင် ၃**

နည်းပညာဆိုင်ရာ လုပ်ငန်းငယ်များ၊ စွန့်ဦးတီထွင်သူများနှင့် စွန့်ဦးတီထွင်လုပ်ငန်းငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် MCF နှင့် မြန်မာအိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း MICTDC တို့ ပူးပေါင်း၍ Kanaung Hub လုပ်ငန်းပျိုးထောင်ရေးနှင့် အရှိန်အဟုန်မြှင့်တင်ရေးဌာနကို ဖွင့်လှစ်ကာ ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ကနောင်ဟဘ်စင်တာသည် လှိုင်မြို့နယ် MICT Park အဆောက်(၁၄)တွင် တည်ရှိပြီး စတုရန်းပေ ၈၀၀၀ အကျယ်ရှိ အခန်းတွင် ခေတ်မီရုံးခန်းအပြင်အဆင်များ၊ ရုံးသုံးကိရိယာများနှင့် မြန်နှုန်းမြင့်အင်တာနက်လိုင်းများကို ထားရှိတပ်ဆင်ပေးထားကာ ဇွန် ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ကနောင်ဟဘ်လုပ်ငန်းပျိုးထောင်ရေးနှင့် အရှိန်အဟုန်မြှင့်တင်ရေးဌာနကို အိုင်စီတီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်ရှိနေသမျှကာလပတ်လုံး ကွန်ပျူတာအသင်းချုပ်နှင့် MICTDC တို့က အပြည့်အဝပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ပြောသည်။



နည်းပညာဆိုင်ရာလုပ်ငန်းငယ်များအနေဖြင့် ကနောင်ဟဘ်တွင် Working Area အနေဖြင့် လူတစ်ဦးစာ စားပွဲတစ်လုံးနှင့်အလုပ်လုပ်ရာ နေရာတစ်ခုလျှင် တစ်လလျှင် ကျပ်ငါးသောင်းနှုန်း၊ ထိုင်ခုံတစ်လုံးပါဝင်သည့် အလုပ်နေရာတစ်ခုလျှင် တစ်လလျှင် ကျပ်နှစ်သောင်းခွဲနှုန်းများဖြင့် ငှားရမ်းနိုင်ပြီး တစ်ရက်စာတည်းအတွက် ဝင်ကြေး ၃၀၀၀ ဖြင့် ဝင်ရောက်နိုင်သည်။ အစည်းအဝေးခန်းလိုအပ်လျှင်လည်း အခန်းသုံးမျိုးကို တစ်နာရီလျှင် ကျပ်သုံးထောင်၊ တစ်သောင်းနှင့် နှစ်သောင်း စသည့်နှုန်းထားများဖြင့် ငှားရမ်းအသုံးပြုနိုင်မည် ဖြစ်သည်။ ထို့အပြင် ပရိုဂျက်တာများငှားရမ်းသုံးခြင်း၊ စာရွက်များပရင့်ထုတ်ခြင်းနှင့် မိတ္တူကူးခြင်းများကိုလည်း ဈေးနှုန်းသက်သာစွာလုပ်နိုင်မည်ဖြစ်သည်။

လုပ်ငန်းပျိုးထောင်မှု အစီအစဉ်အနေဖြင့် နိုင်ငံတစ်ဝန်းမှ လုပ်ငန်းငယ်များ၏ လျှောက်လွှာများလက်ခံနေပြီး အလားအလာရှိသော လုပ်ငန်းတည်ထောင်သူများကို စွန့်ဦးတီထွင်မှုစွမ်းဆောင်ရည်သင်တန်း၊ စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း၊ ဘဏ္ဍာရေး ဗဟုသုတသင်တန်းနှင့် အတိုင်ပင်ခံလမ်းညွှန်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကနောင်ဟဘ်၏ အစီအစဉ်ညွှန်ကြားရေးမှူးဦးသာထက်က ပြည်တွင်း ပြည်ပမှ လုပ်ငန်းပျိုးထောင်ရေးနှင့် အရှိန်အဟုန်မြှင့်တင်ရေးဌာနအားလုံးနှင့် ပူးပေါင်းပြီး အိုင်တီနည်းပညာကဏ္ဍမှ ပြည်တွင်းလုပ်ငန်းငယ်များကို ကမ္ဘာ့စင်မြင့်ပေါ် တက်လှမ်းနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကနောင်ဟဘ်ကို စွန့်ဦးတီထွင်သူများ၊ စွန့်ဦးတီထွင်လုပ်ငန်းငယ်များကို အထောက်အကူပြုရန် ဖွင့်လှစ်ခြင်းဖြစ်ပြီး စွန့်ဦးတီထွင်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည့် ဝန်ဆောင်မှုများပါဝင်သော မြန်မာ့ပထမဆုံး လုပ်ငန်းပျိုးထောင်ရေးနှင့် အရှိန်အဟုန်မြှင့်တင်ရေးဌာနလည်း ဖြစ်သည်။

**သူရဖြိုး**

**ပြည်တွင်း ပြည်ပမှ လုပ်ငန်းပျိုးထောင်ရေးနှင့် အရှိန်အဟုန်မြှင့်တင်ရေးဌာနအားလုံးနှင့် ပူးပေါင်းပြီး အိုင်တီနည်းပညာကဏ္ဍမှ ပြည်တွင်းလုပ်ငန်းငယ်များကို ကမ္ဘာ့စင်မြင့်ပေါ် တက်လှမ်းနိုင်စေရန် ဆောင်ရွက်သွားမည်. . .**

# ကျောင်းသားများနှင့် လူငယ်များ အွန်လိုင်းရှော့ပင်းကို ပိုမိုလုပ်ကိုင်လာ

**ရန်ကုန် ဇူလိုင် ၃**

မြန်မာနိုင်ငံတွင် အွန်လိုင်းပေါ်မှဈေးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းရှင်အများစုမှာ လူငယ်များဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် အွန်လိုင်းရှော့ပင်းကို လုပ်ကိုင်သူများအနက် လူငယ်များက ၆၀ ရာခိုင်နှုန်းခန့်ရှိခဲ့ကာ ယခုနှစ်တွင် နောက်ထပ် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်လာကြောင်း အခမဲ့ကြော်ငြာနှင့် ဈေးရောင်းဝယ်သည့် ဝက်ဘ်ဆိုက်ဖြစ်သော ads.com.mm ဝက်ဘ်ဆိုက်က ပြုလုပ်သည့် စစ်တမ်းအရ သိရသည်။

"အဓိကအားဖြင့် ကျောင်းသားကျောင်းသူတွေ၊ နိုင်ငံခြားမှာ သူငယ်ချင်းမိတ်ဆွေ အဆက်အသွယ်ရှိသူတွေ၊ ဖေ့စ်ဘွတ်ခ်ပေါ်မှာ လူသိများတဲ့သူ၊ like များတဲ့သူတွေ စတဲ့လူငယ်တွေအများစုက အခုချိန်မှာ ယခင်ကထက် ပိုမိုပြီး အွန်လိုင်းရှော့ပင်းကို လုပ်ကိုင်လာကြတာကို တွေ့ရပါတယ်။ တစ်ယောက်ချင်းတစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြသူတွေရှိသလို၊ သူငယ်ချင်းသုံးလေးယောက်စုပေါင်းလုပ်ကိုင်လာကြတာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ဝက်ဘ်ဆိုက်နဲ့ ချိတ်ဆက်ရောင်းချနေသူအများစုဟာလည်း လူငယ်တွေပဲ ဖြစ်တာ ကိုတွေ့ရပါတယ်" ဟု အွန်လိုင်းမှဈေးရောင်းသည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော Kaymu မှ Public Relations Manager ကိုသက်နောင်ဝင်းက ပြောသည်။

အွန်လိုင်းရှော့ပင်း လုပ်ကိုင်ကြသည့် လူငယ်များအနေဖြင့် ဝယ်ယူသူ၏ စိတ်ဝင်စားမှုရရှိစေရန် ကြော်ငြာသည့်ပစ္စည်း၏ အသေးစိတ်အချက်များ ဖော်ပြခြင်း၊ ရောင်းချသည့်ပစ္စည်းအတွက် အာမခံပေးနိုင်ခြင်း၊ ဝယ်ယူလိုသူများ၏ လူမှုကွန်ရက်ပေါ်တွင် မေးမြန်းမှုများကို လျင်လျင်မြန်မြန်ဖြေဆိုခြင်း၊ ကြော်ငြာသည့်ပစ္စည်းကို In stock real product ထားရှိနိုင်ခြင်း စသည့်အချက်များကို ပြင်ဆင်ထားရန် လိုအပ်ကြောင်း သိရသည်။

ရောင်းချလိုသောပစ္စည်းများကို ဝက်ဘ်ဆိုက်တွင် အခမဲ့ကြော်ငြာရောင်းချနိုင်ရန် ဆောင်ရွက်ပေးနေသည့် ads.com.mm မှ Mr Elijah Htang ကလည်း အွန်လိုင်းဈေးကွက်များ တိုးလာသည်နှင့်အမျှ အွန်လိုင်းပေါ်မှ ဈေးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်သည့် လူငယ်များ များလာကြောင်း၊ ဝက်ဘ်ဆိုက်သီးသန့်ထက် Facebook ပေါ်တွင် ကိုယ်ပိုင် page များလုပ်၍ အွန်လိုင်းဈေးဆိုင်အဖြစ် ရောင်းချလာကြကြောင်းနှင့် အခမဲ့ဝက်ဘ်ဆိုက်များတွင် အိမ်သုံးပစ္စည်း၊ စီးပွားရေးလုပ်ငန်းသုံးပစ္စည်းများက ပို၍ရောင်းချမှုများကြောင်း ပြောသည်။

အွန်လိုင်းရှော့ပင်းများ များပြားတိုးတက်လာခြင်းကြောင့် အချိန်ကုန်သက်သာခြင်း၊ လူပင်ပန်းသက်သာခြင်း၊ အွန်လိုင်းပေါ်တွင် အရောင်းဆိုင်များကို ဈေးနှိုင်းယှဉ်နိုင်ခြင်း၊ ရွေးချယ်စရာ များပြားခြင်းစသည့် အားသာချက်များရှိသလို ကြော်ငြာသည့်ပစ္စည်းနှင့် ဝယ်ယူသည့် ပစ္စည်းအရွယ်အစား၊ အရောင်၊ အရည်အသွေးတို့မှာ ကွဲပြားနေခြင်း၊ Money payback guarantee မရှိခြင်း၊ ကြိုတင်မှာယူသောပစ္စည်းများအတွက် စောင့်ဆိုင်းချိန်ကြာမြင့်ခြင်း၊ ပစ္စည်းအပျက်အစီးရှိနိုင်ခြင်းစသည့် အားနည်းချက်များလည်း ရှိနေသည်။

**သူရဖြိုး**

# MCPA Day နှင့် Career Fair ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၃**

နည်းပညာဆိုင်ရာကျွမ်းကျင်လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်များနှင့် နည်းပညာနယ်ပယ်ရှိ ကုမ္ပဏီများကို ချိတ်ဆက်ပေးရန် ရည်ရွယ်၍ MCPA Day ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ ဇူလိုင် ၂၄ ရက်တွင် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

MCPA Day နေ့တွင် နည်းပညာနယ်ပယ်များမှ ကုမ္ပဏီများအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို ကျောင်းသား ကျောင်းသူများ သိရှိအောင် ပြသနိုင်စေရန်စီစဉ်ထားကြောင်း သိရသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ လုပ်ငန်းနယ်ပယ်အသီးသီးရှိ နည်းပညာဆိုင်ရာ အောင်မြင်ထင်ရှားသော ကုမ္ပဏီကြီးများနှင့် ကွန်ပျူတာတက္ကသိုလ်မှ ထူးချွန်ထက်မြက်သော လူငယ်ကျောင်းသားကျောင်းသူများကို ဆုံစည်းနိုင်ရန်နှင့် နည်းပညာကုမ္ပဏီများအတွက် လိုအပ်လျက်ရှိသော နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို ခေါ်ယူခန့်ထားနိုင်စေရန် ရည်ရွယ်၍ Career Fair ကိုလည်း ကျင်းပရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သည်။

Career Fair တွင် ပါဝင်ပြသလိုသော နည်းပညာဆိုင်ရာကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ကြေး ငွေကျပ်တစ်သိန်းကို ပေးသွင်းရမည်ဟု သိရသည်။ မှတ်ပုံတင်ကြေးနှင့်အတူ Career Fair တွင် ပါဝင်ရန် အဆိုပြုလွှာကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်းသို့ ဇူလိုင် ၁၇ ရက်နောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**



# ဆီးဂိမ်းတတိယဆုရ မြန်မာဟော်ကီအားကစားသမားများအား ဂုဏ်ပြု



**ရန်ကုန် ဇူလိုင် ၃**

စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် တတိယကြေးတံဆိပ်ဆွတ်ခူးခဲ့သည့် မြန်မာ့လက်ရွေးစင် ဟော်ကီအားကစားသမားများအား အဖွဲ့ချုပ်ကဂုဏ်ပြုပွဲနှင့် ထပ်မံအလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် ည ၇ နာရီက ကန်တော်ကြီး Dolphin Restaurant စားသောက်ဆိုင်၌ ကျင်းပသည်။

ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်ဦးက အောင်နိုင်ရေးအတွက် ငွေကျပ်သိန်း ၂၀၀၊ ပဏ္ဏာမ လက်ရွေးစင်အားကစား သမား ၂၂ ဦးအတွက် သုံးလစာငွေကျပ် ၆၆ သိန်း၊ ခွန်အားပြည့်အစားအစာအတွက် ငွေကျပ် ၈၅ သိန်းပေးအပ်ခဲ့သည့်အပြင် စင်ကာပူနိုင်ငံသို့အသင်းနှင့်အတူ လိုက်ပါအားပေးခဲ့ပြီး စင်ကာပူအသင်းကို သရေ၊ ထိုင်းအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းများအတွက် ပြိုင်ပွဲဝင်ဖိနပ်၊ စင်ကာပူနိုင်ငံတွင်ရှိနေစဉ် အထင်ကရနေရာများအား လှည့်လည်ပြသခြင်း၊ မြန်မာထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေးခြင်းများအတွက် စင်ကာပူဒေါ်လာ ၁၈၅၂၀ ဒေါ်လာ အကုန်အကျခံပံ့ပိုးခဲ့၍ ဒုတိယဥက္ကဋ္ဌအား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းက မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်က ချီးမြှင့်ငွေကျပ် ၁၂၆ သိန်းနှင့် ဒုတိယအကြိမ် ထပ်မံလှူဒါန်းခဲ့သည့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးကိုကိုလတ်၊ ဥက္ကဋ္ဌ Noble Yangon Construction Co.,Ltd. ကငွေကျပ် ၃၆ သိန်း၊ ဦးကျော်ဝင်းက ငွေကျပ် ကိုးသိန်း၊ ဦးမျိုးကိုကိုက ငွေကျပ် ၂၂ သိန်းဖြင့် နိုင်ဂရုက လက်ရွေးစင်အားကစားသမားအတွက် G Shock Casio နာရီ ၂၂ လုံးလှူဒါန်းရာ လက်ရွေးစင်အားကစားသမားများကိုယ်စား အသင်းခေါင်းဆောင် သန်းထွဋ်ဝင်းက လက်ခံယူပြီး အစားအသောက်များဖြင့် ဧည့်ခံ ကျွေးမွေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သန်းဆွေ (ပန်းပဲတန်း)**

# ဂန့်ဂေါခရိုင်အတွင်း ကျေးရွာ ၂၈ ရွာ ဆိုလာဖြင့် မီးလင်း

**ဂန့်ဂေါ ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်း မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းမရှိသေးသည့် ကျေးရွာ ၂၈ ရွာတို့အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဆိုလာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆိုလာဖြင့် ကျေးလက်မီးလင်းရေးဆောင်ရွက်မည့် ကျေးရွာများမှာ ဂန့်ဂေါမြို့နယ်တွင် ချောင်းဆုံ၊ ချောင်းခွ၊ ပေါ်လယ်၊ ဝက်ချိပါ၊ ရွာသာ၊ ကြာပတ်၊ တောင်လုံး၊ ချိုင်း၊ အန်းတားနှင့်ဖက်ဝန်းကျေးရွာ စုစုပေါင်း ၁၀ ရွာ၊ ထီးလင်းမြို့နယ်တွင် ညောင်၊ ညောင်ဟောင်း၊ ဝါးဘိုးချောင်၊ ပဇင်းချောင်း၊ တိ၊ ကြာဥယျာဉ်၊ ကျိုင်းဒေါသာနှင့် အုန်းတော စုစုပေါင်းကျေးရွာရှစ်ရွာ၊ ဆောမြို့နယ်တွင် အုတ်ဖို၊ ကျောက်မြောင်း၊ လယ်ဖြူ၊ ဝက်ကု၊ ဆွဲလွဲကျင်းနှင့် ကျောက်ကျစ် စုစုပေါင်းကျေးရွာခြောက်ရွာ၊ ကျောက်ထုမြို့နယ်တွင် အနိမ့်၊ ငှက်ကြီးဥ၊ သံပရာနှင့် ကွမ်းခင်း စုစုပေါင်းကျေးရွာလေးရွာတို့ ဖြစ်ကြသည်။

အဆိုပါ ဆိုလာဖြင့် ကျေးလက်မီးလင်းရေးဆောင်ရွက်သော ကျေးရွာပေါင်း ၂၈ ရွာတွင် အိမ်ခြေပေါင်း ၁၅၇၆ အိမ်ရှိပြီး လူဦးရေ ၇၈၆၃ ဦးတို့ နေထိုင်လျက်ရှိကြကြောင်း၊ ယခုကျေးလက်မီးလင်းရေးလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုငွေကျပ်သန်း ၂၉၅ ဒသမ ၀၇၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**




# ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် တိုက်စစ်မှူးအောင်သူ မြို့မေတ္တာခံယူ



ပျဉ်းမနား ဇူလိုင် ၃

**နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကန်တော်မင်္ဂလာခန်းမ၌ ဇွန် ၃၀ ရက် ညနေ ၄ နာရီက ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးအောင်သူ(ကျောနံပါတ်-၉)ကို အမှတ်တရဂုဏ်ပြုပွဲကျင်းပသည်။**

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး အောင်သူ (ကျောနံပါတ်-၉)ကို အဖ ဦးအေးကို(ရဲဒုတပ်ကြပ်-ငြိမ်း)၊ အမိ ဒေါ်လှလှမြင့်တို့က ၂၂-၆-၁၉၉၆ ရက်နေ့တွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပင်းတလဲကျေးရွာ ရဲစခန်းတွင် မွေးဖွားသည်။ မွေးချင်းသုံးယောက်အနက် အငယ်ဆုံးဖြစ်သည်။

ပျဉ်းမနားမြို့သို့ တစ်နှစ်သားအရွယ်တွင် ပြောင်းရွှေ့ပြီး ယနေ့ထက်တိုင် နေထိုင်လျက်ရှိသည်။ အလက(၁)ကန်နားကျောင်း၌ အဋ္ဌမတန်းအထိ ပညာသင်ယူ၍ အထက(၂) ပျဉ်းမနားသို့ ပြောင်းရွှေ့ပညာသင်ယူခဲ့သည်။ အောင်သူသည် ဘောလုံးကစားခြင်းကို ရန်အောင်(၂)ရပ်ကွက် အသက်(၁၃ နှစ်)အောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများမှ စတင်ကစားခဲ့ပြီး အသက် (၁၉ နှစ်)အောက် မန္တလေးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ပျဉ်းမနားမြို့နယ်ကိုယ်စားပြု၍ အသက် (၁၃ နှစ်)အရွယ်ဖြင့် စတင်ကစားကာ မထင်ထားသောဂိုးများဖြင့် သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ အသက် (၁၅)နှစ်အောက်တန်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကယ်ဒမီ(မန္တလေး)မှ ရွေးချယ်ခေါ်ယူခြင်း ခံခဲ့ရသည်။

၂၀၁၁ ခုနှစ် ယူ-၁၆ အေအက်ဖ်အက်ဖ် အာဆီယံ (အိမ်ရှင်လာအို) ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အဖြစ် စတင်ရွေးချယ်ခေါ်ယူခံခဲ့ရပြီး ပြိုင်ပွဲတွင် စင်ကာပူအား နှစ်ဂိုး၊ ဗီယက်နမ်ကို တစ်ဂိုး စုစုပေါင်း သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ် ယူ-၁၆ အေအက်ဖ်စီ အာရှ ခြေစစ်ပွဲ (အိမ်ရှင်ထိုင်း)နှင့်ပွဲတွင် အိမ်ရှင်ထိုင်းအသင်းကို တစ်ဂိုးသွင်းယူခဲ့သည်။ မြန်မာနိုင်ငံ၌ကျင်းပသော ၂၀၁၃ ဆီးဂိမ်းတွင် လက်ရွေးစင်ပဏ္ဏာမရွေးချယ်ခြင်း ခံခဲ့ရ သည်။ ဝေဖန်းဖိတ်ခေါ်ဖလား (တရုတ်)တွင် ယူ-၁၉ မြန်မာအသင်းနှင့်အတူ ကစားခဲ့ကာ တရုတ် ယူ-၁၉ ကို နှစ်ဂိုး၊ ဘရာဇီးကလပ် ဖလာမင်ဂို ယူ-၁၉ ကို တစ်ဂိုး စုစုပေါင်းသုံးဂိုးသွင်းယူခဲ့သည်။ ၂၀၁၄ ခုနှစ် ယူ-၂၁ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ၌ မြန်မာ ယူ-၁၉ အသင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုဆွတ်ခူးနိုင်ခဲ့သည်။

၂၀၁၄ ခုနှစ် ယူ-၁၉ အေအက်ဖ်အက်ဖ် အာဆီယံဖလား (အိမ်ရှင်ဗီယက်နမ်)၌ မြန်မာအသင်း စတုတ္ထဆုရရှိသည့် ပွဲစဉ်များတွင်လည်း ထိုင်းအသင်းကို တစ်ဂိုး၊ ဗီယက်နမ် အသင်းကို တစ်ဂိုးသွင်းနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ် ယူ-၁၉ အေအက်ဖ်စီ အာရှဖလား (အိမ်ရှင်မြန်မာ)၌ ဆီမီးဖိုင်နယ်အထိရောက်ရှိခဲ့ပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည်။

Eleven Media Group က ကြီးမှူးပြီး ပရိသတ်များက ရွေးချယ်ချီးမြှင့်သည့် ၂၀၁၄ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုကို ရရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ယူ-၂၀ World Cup တွင် အိမ်ရှင်နယူးဇီလန်ကို တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ယခု ဇွန် ၃၀ ရက်၌ ပျဉ်းမနားမြို့မိမြို့ဖများနှင့် ဘောလုံးချစ်ပရိသတ်များက အောင်သူအား ဂုဏ်ပြုပွဲကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းက ဂုဏ်ပြုပွဲကျင်းပရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ ထို့နောက် မြို့မိမြို့ဖများ၊ စိုးလှုပ်စစ်ဖောင်ဒေးရှင်း၊ ပျဉ်းမနားမြို့နယ် ဘောလုံးဆပ်ကော်မတီ၊ အထက-၂ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဆုငွေများ ချီးမြှင့်ဂုဏ်ပြုခဲ့ခြင်းဖြင့် ပျဉ်းမနားမြို့သည် နိုင်ငံအတွက် အားကစားသမားကောင်းများ မွေးထုတ်ပေးရာမြို့လေးအဖြစ် နာမည်ကျော်ကြားနေမည်ဖြစ်ပေသည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-သီရိခေတ်**

# မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု သစ်ပင်စိုက်ပျိုး

**လက်ပံတန်း ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့မရပ်ကွက် ပန်းပင်ကုန်း-ကျောင်းကုန်းကျေးရွာဆက်သွယ်ရေးလမ်းမ၌ ဇူလိုင် ၁ ရက်နံနက် ၈နာရီက မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမြင့်သိန်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာအေးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများတက်ရောက်၍ သတ်မှတ်နေရာများတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ကံ့ကော်၊ ခရေ၊ သပြေ စုစုပေါင်းအပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(၀၉၈)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ္သာတ)

၁။ အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ္သာတ)မှ အောက်ဖော်ပြပါပစ္စည်း(၂)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| ၁။ | Computer Table | ၃၀ လုံး |
| ၂။ | Cupboard (Steel, glass door) (6'-3'-1.5') | ၄ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ္သာတ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၀-၇-၂၀၁၅ရက် ၁၅း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ္သာတ) ဖုန်း-၀၄၄-၂၁၇၃၈ နှင့် ၀၉-၄၂၂၄၈၉၅၇၁ တို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ္သာတ)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)အတွက် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| 1. | Duplo Copy Printer | 2 |
| 2. | Canon FAX | 2 |
| 3. | Cisco Router 1900/2600 Series | 3 |
| 4. | Canon Printer LBP 2900B | 3 |
| 5. | UPS (Power Tree) 650 V | 125 |
| 6. | Desktop Computer Dell (Memory 4GB, HDD 500G, Core i7) | 50 |
| 7. | Digital Oscilloscope | 4 |
| 8. | Digital White Board | 2 |
| 9. | UBIQUITI Nano Station LOCO M2 Accesspoint | 6 |
| 10. | Ummanaged Switch 16 Ports Giga Bits | 1 |
| 11. | Crimping Tools | 5 |
| 12. | DC Power Supply (0V to 30 V) (Adjustable 5AMP) | 2 |
| 13. | RAM DDR 3 2 GB | 51 |
| 14. | Aircon (Split Type) | 16 |
| 15. | ဖုန်စုပ်စက် | 1 |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၇-၇-၂၀၁၅ရက် ညနေ ၄း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့ ဖုန်း-၀၉-၃၃၆၀၆၀၅၅၊ ၀၉-၃၃၆၀၆၀၇၇**
**ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)**

## အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပိုင် သိုလှောင်ရုံ(၂)လုံး၊ အဆောက်အအုံ(၂)လုံး၊အခန်း(၉)ခန်း၊ မြေကွက်(၁)ကွက်တို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း (၆)လတစ်ကြိမ် စာချုပ်ဖြင့်ငှားရမ်းပေးသွားမည်ဖြစ်ပါသည်။ (က) **ရန်ကုန်တိုင်းဒေသကြီး(ရုံးချုပ်)မှ သိုလှောင်(၂)လုံး အဆောက်အအုံ(၁)လုံး**

Lot(1) (၁) သိုရုံ-၆ ကန္တာရဘက်(၇၀'×၈၀'×၁၅') (ကွန်၊ ကွန်၊ ကွန်) တကခ(၂)၊ အုပ်စု(၁၁)၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်

Lot(2) (၂) သိုလှောင်ရုံအမှတ် ၂၀၊ (၁၀၀'×၃၀'×၁၅') (ကွန်၊ ကွန်၊ အင်္ဂတေ)၊ နာဂလှိုဏ်ဂူဝင်း၊ မရမ်းကုန်းမြို့နယ်

Lot(3) (၃) မော်တော်ယာဉ်စတိုအမှတ်(၁၃/၁၄)နှစ်လုံးတွဲ (၁)လုံး(၁၂၀'×၁၀၀'×၁၄') နာဂမော်တော်ယာဉ်ဝင်း မရမ်းကုန်းမြို့နယ်။

(ခ) **ရန်ကုန်တိုင်းဒေသကြီးမှ အဆောက်အအုံ(၁)လုံး၊ မြေ(၁)ကွက်**

Lot(4) (၁) (အလျား၃၀'၊ အနံ၁၂')၊ ငါးဆိုင်၊ ပိတောက်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။

Lot(5) (၂) (၉'×၇')ရှိမြေ အမှတ်(၀၂)ဆန်စက်ဝင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

(ဂ) **မန္တလေးတိုင်းဒေသကြီးမှ အခန်း(၂)ခန်း**

Lot(6) (၁) ပဆ-၉၄၃၅ (၂၉'×၁၂'×၁၃')၊ (သွပ်၊ အုတ်၊ ကွန်) မန္တလေးမြို့၊ အမှတ် ၁၉၉၊ ၈၃လမ်း၊ (၂၇×၂၈)လမ်းကြား

Lot(7) (၂) ပဆ-၉၁၈၈ (၁၂'×၄၈'×၁၃')၊ (သွပ်၊ အုတ်၊ ကွန်)မန္တလေးမြို့၊ အမှတ် ၁၂၂၊ ၈၄လမ်း၊ (၃၀×၃၁)လမ်းကြား

(ဃ) **နေပြည်တော်ကောင်စီနယ်မြေမှ အခန်း(၇)ခန်း**

Lot(8) (၃) ပဆ-၈၈၅၁ (၂၉'×၃၀'×၂၇')၊ (သွပ်၊ အုတ်၊ ကွန်) (၂)ထပ် ဗိုလ်လကျာ်လမ်း၊ ပျဉ်းမနားမြို့

Lot(9) (၄) ပဆ-၈၈၆၈ (၃၃'×၂၃'×၁၅')၊ (သွပ်၊ ပျဉ်၊ အင်္ဂတေ) ဗိုလ်တောက်ထိန်လမ်း၊ ပျဉ်းမနားမြို့

Lot(10) (၅) ပဆ-၈၈၆၆(၁၄'×၂၀')၊(သွပ်၊ အုတ်၊ကွန်)ဗိုလ်လကျာ်လမ်း၊ ပျဉ်းမနားမြို့

Lot(11) (၆) ပဆ-၈၈၈၆(၁၂'×၂၅')၊(သွပ်၊ ပျဉ်၊ကွန်)(၈)လမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊ ပျဉ်းမနားမြို့

Lot(12) (၇) ပဆ-၈၈၈၆(၁၁'×၂၅')၊(သွပ်၊ ပျဉ်၊ကွန်) (၈)လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ ပျဉ်းမနားမြို့

Lot(13) (၈) ပဆ-၈၈၈၆(၁၂'×၂၅')၊(သွပ်၊ ပျဉ်၊ ကွန်)(၈)လမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊ ပျဉ်းမနားမြို့

Lot(14) (၉) ပဆ-၈၈၈၆(အဖီ/အဆွယ်)(၁၄'×၂၀')၊(သွပ်၊ အုတ်၊ ကွန်)ဗိုလ်ချုပ်လမ်းထောင့်၊ ပျဉ်းမနားမြို့

(င) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၇-၂၀၁၅ရက်မှ ၁၅-၇-၂၀၁၅ရက်အထိ
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
**ရှင်းလင်းခြင်း**

(စ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၇-၂၀၁၅ရက် မွန်းလွဲ ၁၃း၀၀နာရီ

(ဆ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန စီမံရေးရာဌာနခွဲအမှတ်(၂၆၈/၃၁၄)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အမှတ်(၂၂၈/၂၄၀) ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ၃၅လမ်း၊ ၆၄×၆၅ လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေးမြို့၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်ဦးစီးမှူးရုံး၊ ပျဉ်းမနားမြို့

(ဇ) **Deposit ပေးသွင်းရမည့်နေရာ** - Deposit ငွေများကိုတင်ဒါစည်းကမ်း သတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို ဌာန၏ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင်

(ဈ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၅၂၊ နေပြည်တော်

(ည) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်။

၂။ အဆိုပါသိုလှောင်ရုံ(၂)လုံးနှင့် အဆောက်အအုံ(၂)လုံး၊ အခန်း(၉)ခန်း၊ မြေကွက်(၁)ကွက်၊ စုစုပေါင်းငှားရမ်းခြင်း (၁၄)ခုတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၂၂၂၄၈၊ ၂၁၆၄၂၀၊ ၂၅၀၄၃၂၊ ၂၅၁၈၂၄၊ ၀၂-၃၆၃၃၈၊ ၃၆၃၄၀၊ ၀၆၇-၂၂၀၅၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန**

## ဇမ္ဗူသီရိအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အသုံးပြုရန်လိုအပ်သော အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးဌာနသုံးစက်ပစ္စည်းများနှင့် ကုသမှုဌာနသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၆-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင် ရယူနိုင်ပြီး ၁၇-၇-၂၀၁၅ရက် မွန်းလွဲ ၃း၀၀နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## ၆/၂၀၁၅-၂၀၁၆ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှစက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၄-၇-၂၀၁၅ရက်မှ ၁၅-၇-၂၀၁၅ရက်အထိ ၀၈း၀၀ နာရီမှ ၁၆း၃၀ နာရီအထိ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး(၃၂၂)တန်ခန့်၊ သစ်မာသစ်လုံး(၂၄၀၀၀)တန်ခန့်၊ ကျွန်းခွဲသား(၁၅၉)တန်ခန့်၊ သစ်မာခွဲသား(၁၇၄)တန်ခန့်၊ (ပိတောက်/တမလန်းခွဲသား/ဓားရှေ့များ ပါဝင်ပါသည်။)

(ဂ) **ရောင်းချမည့်နေရာ** - အမှတ်(၁၀၃)သစ်စက်ရှင်းလင်းဆောင် မြန်မာ့သစ်လုပ်ငန်း၊မန္တလေးတိုင်းဒေသကြီး

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber. com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ ပြည်တွင်းရောင်း/စက်**

## တင်ဒါခေါ်ယူခြင်း
## ယဉ်ကျေးမှုဝန်ကြီးဌာန
## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | လျှပ်စစ်ပစ္စည်းများ | တစ်စု |
| ၂ | ရုပ်သံပစ္စည်းများ | တစ်စု |
| ၃ | ဇာတ်ဝင်ခန်းသုံးပစ္စည်းများ(အထည်အလိပ်ပစ္စည်းများ) | တစ်စု |
| ၄ | ပန်းချီပန်းပုပစ္စည်းများ | တစ်စု |
| ၅ | တူရိယာပစ္စည်းများ | တစ်စု |
| ၆ | ဇာတ်စင်သုံးဆက်တင်ဇာတ်ရုပ်၊ ရုပ်ပြောင်းရုပ်လွဲဖန်တီးမှုပစ္စည်းများ | တစ်စု |
| | **စက်နှင့်စက်ကိရိယာတန်ဆာပလာပစ္စည်းများ** | |
| ၇ | Sound Box | ၄ စုံ |
| ၈ | Power Mixer 24 | ၅ ခု |
| ၉ | Amplifier 12 Channel (750 Watt) | ၅ ခု |
| ၁၀ | LED TV 32" | ၅ ခု |
| ၁၁ | Head Phone | ၁၀ ခု |
| ၁၂ | PMW 400x DCAM professional Camcorder (Camera, Card reader & Accessories) | ၂ စုံ |
| ၁၃ | Samurai Digital dry Cabinet(GP 150 LW425/D370?H980) | ၁ ခု |
| | **ရုံးသုံးစက်ကိရိယာများ** | |
| ၁၄ | Projector & Screen | |
| | (a) Projector (Lumens 3700, 8000 Hours Lamp Life) | ၅ လုံး |
| | (b) Screen (71" x 95") (Motorized) | ၃ ခု |
| ၁၅ | Digital Multifuntion Coppier (Resolution 1200 x 1200 dpi, 200 m 25% 400%) | ၁ လုံး |
| ၁၆ | Multimedia Room (Computer, Mic & Accessories) (Just 50 Students with table and Chair) | တစ်စု |
| ၁၇ | Page Pro 1500 Watt Printer | ၃ ခု |
| ၁၈ | ရုံးသုံးပရိဘောဂပစ္စည်းများ | တစ်စု |

၂။ အိတ်ဖွင့်တင်ဒါများ ၂-၇-၂၀၁၅ရက်မှ ၁၀-၇-၂၀၁၅ရက်အတွင်း နေ့စဉ် နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ ရန်ကုန်မြို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) စီမံရေးရာဌာန(ငွေစာရင်း)တွင် တင်ဒါပုံစံများကို တစ်စုံလျှင် ၃၀၀၀ိ/-နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၇-၂၀၁၅ရက် မွန်းလွဲ ၁း၀၀နာရီမှ ၂း၀၀နာရီအတွင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် ဖွင့်ဖောက်မည်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**ပစ္စည်းများစိစစ်ဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**
**၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့၊**
**ဖုန်း-၅၉၀၂၆၃၊ ၅၉၀၂၅၃**

## ကတ္တရာပီပါခွံအလွတ်များ
## လေလံတင်ရောင်းချရန် ကြော်ငြာ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကယားပြည်နယ်ရှိ လမ်းလုပ်ငန်းများတွင် အသုံးပြုပြီး ကတ္တရာပီပါခွံများအား အိတ်ဖွင့်လေလံဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။ ကတ္တရာပီပါခွံအရေအတွက်၊ တည်နေရာ၊ စည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများကို အောက်ပါဌာနတွင် ၇-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

- **ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကယားပြည်နယ် ဖုန်း-၀၈၃-၂၁၄၉၄**
- **လျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၁-၇-၂၀၁၅ ရက်၊ ၄း၃၀ နာရီ
- **လေလံရောင်းချမည့်ရက်/အချိန်** - ပြည်နယ် ၂၃-၇-၂၀၁၅ ရက်၊ ၉း၀၀ နာရီ
  - ပြည်ထောင်စု ၂၃-၇-၂၀၁၅ရက်၊ ၁၀း၀၀နာရီ
- **နေရာ** - ကယားပြည်နယ်၊ လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ

**လေလံတင်ရောင်းချရေးကော်မတီ**

## မြွေများဝယ်ယူလိုသည်

ဆေးဝါးစက်ရုံ(အင်းစိန်)တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မြွေပွေး ၈၀၀ ကောင်နှင့် မြွေဟောက် ၂၀၀ ကောင်တို့ကို ငါးဆယ်ကျပ်သားအထက် တစ်ကောင်လျှင် ၄၀၀၀ိ/-နှုန်း စက်ရုံအရောက်စနစ်ဖြင့် ဝယ်ယူလိုပါသည်။

ရောင်းချလိုသူများမှ အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်၍ လာရောက်ပေးပို့လိုပါက လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးစက်ရုံ(အင်းစိန်)**
**ဆေးဝါးစက်ရုံလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၆၂၇၃၊ ၆၄၆၂၈၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၃)တွင် ကျရောက်နေသော ဖဖကေဗွီ၊ ဓာတ်အားလိုင်းရွှေ့ပြောင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါရောင်းချမည့်နေ့ရက်** - ၇-၇-၂၀၁၅ ရက် (အင်္ဂါနေ့)

၃။ **တင်ဒါပိတ်မည့်နေ့ရက်** - ၂၁-၇-၂၀၁၅ ရက် (အင်္ဂါနေ့)

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ရုံးအမှတ်(၄၀)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၄၇

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## ညနေပိုင်းမဟာဘွဲ့သင်တန်းများ
## ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ခု ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (EMBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (EMPA)
(ဂ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (EMDevS)

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိ လုပ်သက်(၈)နှစ်ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level လုပ်သက်(၈)နှစ်ရှိရမည်။
(ဃ) ၁-၉-၂၀၁၅ရက်တွင် အသက်(၃၀)ပြည့်ပြီးသူဖြစ်ရမည်။
(င) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုတက်ရောက်နေသူမဖြစ်စေရ။
(စ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်၊ စာတမ်းများနှင့် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၆-၇-၂၀၁၅ ရက်မှ စတင်ရယူပြီး ၇-၈-၂၀၁၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ အဆိုပါဌာနများ၌ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။

(က) EMBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) EMPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန (အခန်း ၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။
(ဂ) EMDevS သင်တန်းအတွက် ဘောဂဗေဒဌာန(အခန်း-၁၀၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၅ခုနှစ် ဩဂုတ် ၁၆ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်။

(က) EMBA သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) EMPA နှင့် EMDevS သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)။

၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ လုပ်သက်၊ အသက်ထောက်ခံချက် မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်းအမှတ် EMBA -၆၆၁၇၃၆၊ ၆၆၄၆၈၄၊ ၆၆၀၈၂၂၊ EMPA -၅၁၂၆၃၃၊ ၀၉-၄၃၁၂၇၂၃၆၊ EMDevS -၅၁၀၂၁၃၊ ရုံး-၅၃၆၄၃၆ တို့တွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်းအဆင့်-၁**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ)တွင် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်း(၂)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Computer Table | (၁၀) လုံး |
| ၂။ | Cupboard (Steel,glass door) (6' x 3' x 1.5') | (၄) လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ)၌ ၆-၇-၂၀၁၅ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၁၇-၇-၂၀၁၅ရက် ၁၅း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ) ဖုန်း-၀၉-၃၆၁၆၉၃၆၄နှင့် ၀၉-၃၃၂၂၄၄၃၀ တို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ)**

## ချင်းပြည်နယ်အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးလက်အောက်ရှိ စီမံကိန်းအထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကတ္တရာခင်းခြင်းလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး ဖုန်း- ၀၇၀-၂၀၀၃၃၊ ၀၇၀-၂၂၃၅၈တို့အား ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၇-၂၀၁၅ ရက်၊ ၁၂း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၈-၇-၂၀၁၅ ရက်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ချင်းပြည်နယ်၊ လမ်းဦးစီးဌာန**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော မောင်ကျော်သူထက်၏ ဖခင်အမည်မှန်မှာ ဦးတင်အောင် ၉/ပမန(နိုင်)၀၅၃၄၁၃ ဖြစ်ပါကြောင်း။ **ဦးတင်အောင်**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်မင်းဦးနှင့် မောင်အောင်မင်းဦး တို့၏ဖခင်အမည်မှန်မှာ ဦးစိန်မောင် ၉/ပဘန(နိုင်)၀၁၀၃၉၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော မဆွေဇင်သက်၏ ဖခင်အမည်မှန်မှာ ဦးကိုတင် ၉/ပမန(နိုင်)၁၀၂၉၄၆ ဖြစ်ပါကြောင်း။ **ဦးကိုတင်**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ချမ်းမြသာစည်မြို့နယ်တရားရုံး
### ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၁ နှင့်ဆက်သွယ်သည့်
### ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၂

ဦးစိန်မြင့် နှင့် ဒေါ်ကြူကြူမာ
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဘီယာနှင့် အရက်ချက်စက်ရုံဝန်ထမ်းရိပ်သာနေ တရားရှုံး ဒေါ်ကြူကြူမာ(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၂၁ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇွန် ၃၀ရက်တွင် ဤရုံးတော်၏ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ယု)
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဦးမင်းအောင် နှင့် ဒေါ်ရင်မေဝင်း ပါ-၃
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၂၂၁ နေ ဒေါ်သူဇာ(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမင်းအောင်က အရောင်းအဝယ်ပြုသည့် မြေကွက်အား တရားဝင်ခွဲစိတ်၍ အရောင်းအဝယ်စာချုပ် ပြုလုပ်ပေးစေလိုမှု(သို့မဟုတ်) ပေးချေထားသော ငွေကျပ် သိန်း ၁၉၅၀၀၀၀၀၀၀/- ကျပ်၏နှစ်ဆဖြစ်သော ငွေကျပ် သိန်း ၃၉၀၀၀၀၀၀၀၀/- ကျပ်သိန်းပေါင်းသုံးသောင်းကိုးထောင်တိတိရလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၁၇ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(နီနီ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ မခင်နှင်းယု ၁၄/လရန(နိုင်)၁၀၅၈၁၇ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကိုထွန်းတင့်ဇော် ၁၂/တမန(နိုင်)၀၁၄၃၉၉ နှင့် မခင်နှင်းယုတို့သည် အကြင်လင်မယားဖြစ်ပြီး ယနေ့တိုင်ကွာရှင်းပြတ်စဲခြင်းမရှိသေးပါ။ လင်မယားနှစ်ဦးပိုင်ဖြစ်သော ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး ၉-လွှာ B တိုက်အမှတ် ၄၇ ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်၍ မခင်နှင်းယု၏ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းပိုင်ခွင့်မရှိကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ဦးမြင့်ခင်** | **ဦးဇော်လင်းထွန်း** | **ဒေါ်သွယ်သွယ်အေး LL.M** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၆၈၃၆)** | **(စဉ်-၂၄၉၅၅)** | **(စဉ်-၂၉၇၂၉)** |

**အမှတ် ၁၇၊ E4 ၄လွှာ၊ လေးထောင့်ကန်လမ်းမကြီး၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၃၁၅၈၂၃၁၉**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၂၁၄၊ မြေကွက်တည်နေရာအမှတ် ၂၁၄၊ ကန့်ကော်လမ်း၊ ၈ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (ဦးကျော်သိန်း-PME-131690)၊ ဒေါ်သန်းသန်းအေး (AB-058100)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းသန်းအေး (AB-058100) (ဇနီး)ကွယ်လွန်သဖြင့် ပူးတွဲအမည်ပေါက်ခင်ပွန်းဖြစ်သူ (ဦးကျော်သိန်း-PME-131690)ထံမှ GPရသူ ဒေါ်နုနုအေး ၁၂/ကတတ(နိုင်)၀၁၃၄၆၄ မှ တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ၊သေစာရင်းနှင့်ပါဝါပေးသူလက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၃၉၉၊ မြေကွက်တည်နေရာအမှတ်(၃၉၉)၊ (၇၉)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒေါ်ခင်ခင်လှ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ခင်လှထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်နုနုရီ ၁၂/မဂတ(နိုင်)၀၅၁၄၆၃မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)
### ပုသိမ်ကြီးမြို့နယ်တရားရုံးတော်၌
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂

ဦးခင်မောင်အေး နှင့် ဒေါ်သက်သက်လွင်
**တရားလို** **တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဒေါ်သက်သက်လွင် (ဘ) ဦးသန်းနွယ် ရန်ကင်းအောင်ရပ်ကွက်၊ ပုသိမ်ကြီးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးခင်မောင်အေးက "စာချုပ်ပါကတိအတိုင်း ငွေ ၄၂၆၀၀၀၀/-(ကျပ်လေးဆယ့်နှစ်သိန်းခြောက်သောင်း)ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်အသီးသီးတို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၃ ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်) နံနက် ၁၀နာရီတွင် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၂၉ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝါဝါခိုင်)
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပုသိမ်ကြီးမြို့နယ်တရားရုံး**
**ပုသိမ်ကြီးမြို့**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

မြိတ်မြို့၊ တောရကျောင်းရပ်ကွက်၊ တနင်္သာရီလမ်း (အဝေးပြေးကားဂိတ်အနီး)၊ အိမ်အမှတ်(၁)တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာငြိမ်း [၆/သရခ(နိုင်)၀၁၅၈၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စန္ဒာငြိမ်းသည် အောက်တွင်ဖော်ပြထားသော **"မေ သဘာဝဆေးဖက်ဝင် ကမ်းဇော်ဆီလုပ်ငန်း"**ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန် မြိတ်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၇၃/၂၀၁၄ဖြင့် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။




မှတ်ပုံတင်အမှတ် - ၇၃/၂၀၁၄

ကျွန်ုပ်၏မိတ်ဆွေသည် မြိတ်ဒေသထွက် ကမ်းဇော်စေ့များကို ကိုယ်တိုင် ဝယ်ယူစုဆောင်း၍ ကိုယ်ပိုင်ဆီစက်ဖြင့်ကြိတ်ခွဲပြီး ရရှိလာသော **သဘာဝဆေးဖက်ဝင် ကမ်းဇော်ဆီအစစ်** တစ်မျိုးတည်းကို အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကိုအသုံးပြု၍ ပုလင်း၊ ဓာတ်ဗူးဘူးစသည် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် မြိတ်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိရာ သုံးစွဲသူအပေါင်း၏ ရောဂါများ သက်သာပျောက်ကင်းလျက် ရှိကြပါသည်။ အဆိုပါ ဖြန့်ဖြူးရောင်းချလျက်ရှိသော **"မေ သဘာဝဆေးဖက်ဝင်ကမ်းဇော်ဆီလုပ်ငန်း"**၏ ကောင်းသတင်းအား အခွင့်ကောင်းယူ၍ ၎င်းကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်တုပခြင်း၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တနည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်သည်များကို တွေ့ရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးဝင်းကြည် LL.B. (ADVOCATE)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၆၉၀)
အမှတ်(၅)၊ စိန်ပန်းပြာလမ်း၊ ဘုရားကိုင်ရပ်၊ မြိတ်မြို့။


သုံးဖူးသူအပေါင်း ရောဂါကောင်း၍ အိမ်တိုင်းတွင် ဆောင်ထားသင့်သည်

**မေ တံဆိပ် သဘာဝဆေးဖက်ဝင် ကမ်းဇော်ဆီ စစ်စစ်**

**လက်လီ/လက်ကား ရရှိနိုင်ပါသည်။**



မြိတ်ဒေသရှိ ဝေးလံခေါင်းပါးသော တောနက်များမှ ထွက်ရှိသည့် **"ကမ်းဇော်စေ့"** များကို ကိုယ်တိုင်ဝယ်ယူစုဆောင်း၍ သန့်စင်၊ နေလှမ်းပြီး ကိုယ်ပိုင်ဆီစက်တွင် ကြိတ်ခွဲရာမှ ရရှိသော **ကမ်းဇော်ဆီအစစ်ကို** မည်သည့် အရောအနှောမှ မပါဝင်ဘဲ **"မူရင်းအတိုင်းသာ"** ရောင်းချပါသည်။

"မပြည့်ဝဆီ"ဖြစ်ပြီး ဘေးထွက်ဆိုးကျိုး လုံးဝမရှိပါသဖြင့် စိတ်ချစွာ သောက်နိုင်၊ လိမ်းနိုင်ပါသည်။

**ပင်ရင်း**
**"မေ" မြိတ်ဒေသထွက်ပစ္စည်းအရောင်းဆိုင်**
အိမ်အမှတ်(၁)၊ တနင်္သာရီလမ်း၊ တောရကျောင်းရပ်ကွက်၊ မြိတ်မြို့။
Ph: **09-78 109 4109, 09-42 109 4109, 09-876 1445, 09-78 776 1445**

**ရန်ကုန်** (လက်လီ/လက်ကား)
Ph: **09-785 122 987, 09-420 122 987, 09-79 6622 570**

**မန္တလေး**(လက်လီ/လက်ကား) Ph:**09-4500 39190, 09-79 7474743**

"တစ်ပါကင်နှင့်အထက်"မှာယူပါက လက်ကားဈေးနှုန်းဖြင့် ရန်ကုန်နှင့် မန္တလေးမြို့များရှိ နယ်ကားဂိတ်များအရောက် ပို့ဆောင်ပေးပါမည်။

**"မေ"တံဆိပ် ကမ်းဇော်ဆီ စစ်စစ် ဝယ်ယူရရှိနိုင်သော နေရာများ**
**ရန် ကုန် မြို့**
(စမ်းချောင်း- 09-79 6622 570, 09-79 4948 520, 09-4202 39874)
(သဃ်္ဃန်းကျွန်း- 09-49 807 123)(မင်္ဂလာတောင်ညွန့်-01-372088)(လှိုင်-09-42108 1919)
(တောင်ဥက္ကလာပ- 09-2505 88536, 09-731 92810)(ဒညင်းကုန်း-09-255 72 1100)
(သာကေတ- 01-547089, 09-42020 9381), (ပုဇွန်တောင်-09-260 51 8484)
ထားဝယ်-059-23748, သထုံ-09-876 2345,
တိုက်ကြီး-09-430 54381, မိတ္ထီလာ-09-40 256 4407


## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၂၃၄၀၀၊ ဧရိယာ ၀ဒသမ ၁၁၀ဧကအား ဦးဝင်းမြင့် (လ/ထ ညွှန်မှူး၊ ရှေ့နေချုပ်ရုံး)အမည်ဖြင့် မြေကွက်နေရာရရှိထားပြီး အမည်ပေါက်မှာ အိမ်ထောင်မရှိသူဖြစ်ကာ ၂၁-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် အဆိုပါဦးဝင်းမြင့်အမည်ဖြင့် ရရှိထားသောမြေကွက်အား ၄င်းနှင့် ညီအစ်ကိုမောင်နှမများဖြစ်ကြသော ဦးမြင့်ဌေး ၈/ရစက(နိုင်)၁၂၅၆၉၈၊ ဒေါ်စန်းစန်းအေး ၈/ရစက(နိုင်)၀၇၅၁၀၆၊ ဦးဝင်းနိုင် ၈/ရစက(နိုင်)၀၀၅၂၂၅တို့က မြေကွက်နေရာချထားပေးစလစ်မူရင်း၊ သေဆုံးကြောင်းထောက်ခံစာ၊ သက်ဆိုင်ရာဌာနထောက်ခံချက်၊ ကျမ်းကျိန်လွှာများတင်ပြ၍ ၄င်းတို့သုံးဦးအမည်ဖြင့် မြေကွက်အမည်ပြောင်းလဲ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သာခု အနုမောဒနာ ခေါ်ဆိုနိုင်ကြပါရန်

**သုခစုစံပြည်တွင်း/ပြည်ပ-အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီနှင့်** Singapore ITE လိုင်စင်ရ **သုခစုစံသင်တန်းကျောင်းမှ** ဝန်ထမ်း-မိသားစုများ၊ပြည်ပ **ရောက်လုပ်သားများနှင့်** နယ်ကိုယ်စားလှယ်များ၏ **"တတိယအကြိမ်"** ပြုလုပ်သော ရဟန်းသာမဏေ(၈၀)ပါးတို့အားသိက္ခာထပ်၊ရဟန်းခံရှင်ပြုအလှူမင်္ဂလာ ပွဲကြီးအား ရန်ကုန်မြို့၊လှိုင်မြို့နယ်ရှိတိုင်းရင်းသားလူမျိုးမိဘမဲ့ကလေးများဖွံ့ဖြိုးရေးပရဟိတ(ကျား)ကျောင်းတွင် (၂၆-၆-၂၀၁၅)နှင့် (၂၇-၆-၂၀၁၅)ရက်များတွင် အောင်မြင်စွာကျင်းပလှူဒါန်းပြီးဖြစ်ပါသောကြောင့် ဤအလှူပွဲကြီး၏ ကောင်းမှုအစုစုတို့အားသိရှိ သာခုခေါ်ဆိုကြပြီးချမ်းသာသုခအပေါင်းခံစားကြပါစေသော်..

**ရာသီဥတုအခြေအနေ နှင့် ယာဉ်ကြောကျပ်တည်းမှုများကို ထောက်ရှု၍**

**မဖိတ်ကြားမိသောရပ်နီး၊ရပ်ဝေးမှမိတ်ဆွေများအားအနူးအညွတ်တောင်းပန်အပ်ပါသည်။**

အားလုံး အမျှ အမျှ အမျှ

ဦးချမ်းသာ + သုခမ္မသီဂီ၊ သီဟသုခမ္မသီဂီဒေါ်ဥမ္မာမြင့်

## မြောက်ဦးဆရာတော်၏ (၄၇)ကြိမ်မြောက် (ရန်ကုန်)
## အထူးအလုပ်ပေးတရားစခန်း

**နေရာ** - ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၊ နွယ်သာကီလမ်း၊ ညဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
(အမှတ် ၃ လမ်းမကြီး၊ ရခိုင်ကျောင်းမှတ်တိုင်တွင်ဆင်းပါ။)

**တရားစခန်းရက်** - ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်မှ ဒုတိယဝါဆိုလပြည့်အထိ (၂၁-၇-၂၀၁၅ ရက်မှ ၃၁-၇-၂၀၁၅ ရက်ထိ)

**စာရင်းလက်ခံမည့်ရက်** - ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၁၁-၇-၂၀၁၅ရက် နံနက် ၉:၀၀ နာရီမှ ညနေ ၃:၀၀ နာရီအထိ။

**မှတ်ချက်။** ။ တရားစခန်းဝင်မည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ဖြင့် စာရင်းပေးသွင်းပါရန်နှင့် ဆွမ်းစရိတ်ငွေ ၅၀၀၀/- ကျပ်ကို တစ်ပါတည်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။(ကျန်းမာရေးမကောင်းသူများလက်မခံပါ။)

**ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ**

ဒုတိယဝါဆိုလပြည့်နေ့ (မွေစကြာနေ့) ၃၁-၇-၂၀၁၅ ရက် နံနက် ၈:၃၀ နာရီတွင် ကျင်းပပါမည်။ဆရာတော်ကြီး၏ တပည့် ယောဂီအပေါင်းမှ ကြွရောက်လှူဒါန်းပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဓမ္မဝန်ဆောင်အဖွဲ့(ရန်ကုန်)**

**ဖုန်း-၀၉-၄၂၁၁၄၃၂၁၀၊ ၀၉-၄၄၈၀၃၂၂၇၈**

## စက်မှုဝန်ထမ်းဟောင်းများအသင်း
## ၂၀၁၅ခုနှစ် နှစ်ဝက်အသင်းသားစုံညီအစည်းအဝေး
## နှင့်
## အလှူငွေပေးအပ်ပွဲဖိတ်ကြားလွှာ

စက်မှုဝန်ကြီးဌာန၊ ယခင်အမှတ်(၁)နှင့် (၂)တို့တွင်တာဝန်ထမ်းဆောင်ခဲ့ကြသူများအပါအဝင် စက်မှုဝန်ထမ်းဟောင်းများအားလုံး၏ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ နှစ်ဝက်အသင်းသား စုံညီအစည်းအဝေးကို အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ရပ်နီးရပ်ဝေးဒေသအနှံ့အပြားမှာ ရောက်ရှိနေကြသည့် စက်မှုဝန်ထမ်းဟောင်းများအားလုံး တက်ရောက်ကြပါရန် လှိုက်လှဲစွာဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၀၁၅ခုနှစ် ဇူလိုင်လ ၁၁ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၀၉:၀၀နာရီ
**ကျင်းပမည့်နေရာ** - စက်မှုဓမ္မာရုံ၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေနံ့သာလမ်းသွယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၅၀၈၆

**အမှုဆောင်အဖွဲ့**
**စက်မှုဝန်ထမ်းဟောင်းများအသင်း**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅-ခုနှစ် မတ်လတွင် ကျင်းပပြီးစီးခဲ့သည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ အထက၊ လေ့ကျင့်ရေး၊ ကမာရွတ်၊ ရန်ကုန်မြို့မှ ခုံအမှတ် ဆကရ-၃၈၂ ဖြင့် ဝင်ရောက်ဖြေဆိုခဲ့သော **မောင်မင်းသန့်**သည် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပါ၍ ချီးကျူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အမြဲထူးချွန်ထက်မြက်သူတစ်ဦးဖြစ်စေရန် မိသားစုအားလုံးမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဘွားဘွားကြီး အေဝမ်း ဒေါ်သိန်းတင်(မြစ်သားမြို့)**
**ဦးဦး-ဒေါ်ဒေါ်များ**
**ကိုကိုများ** -
**ဒေါက်တာကျော်ထင်** **M.B.,B.S(Mdy), MPH(Mahidol University) Health System strengthening Officer, WHO**
**ဒေါက်တာမြတ်သူ** **လက်ထောက်ဆရာဝန်၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်။**
**ဒေါက်တာစွမ်းထက်** **အလုပ်သင်ဆရာဝန်၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့။**
**ကိုသက်ဆွေမောင်** **Final Year B.E(Civil), Technological University**
**ကိုအာကာမင်း** **Second Year, Electronic & Computer Engineering (Ngee Ann Polytechnic)**
**ညီငယ်** -
**မောင်ရဲခန့်မင်းမြတ်** **Grade-9 (CAE)၊ နေပြည်တော်**
**မမများ** -
**မခင်စန္ဒီဇော်** **Final Year, Civil & Environmental Engineering (University of Auckland)**
**မဝင်းသူဇာသန်း** **BBM(Ygn), First Year MBA(International University of Japan)**

## အလှူရှင်များ ပူးပေါင်းပါဝင်ကြပါရန် မေတ္တာရပ်ခံခြင်း

ယခုလအတွင်း မိုးဆက်တိုက်ပြင်းထန်စွာရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ သံတွဲ၊ တောင်ကုတ်၊ အမ်း၊ မင်းပြား၊ ဘူးသီးတောင်မြို့နယ်များတွင် ဒေသခံပြည်သူတချို့ ရေဘေးဒုက္ခကြုံတွေ့လျက်ရှိနေပါ၍ ရန်ကုန်ရှိ ရခိုင်လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ရခိုင်သဟာယအသင်း(ရန်ကုန်)တို့ ဦးဆောင်လျက် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ စေတနာရှင်များအနေဖြင့် ပူးပေါင်းပါဝင်လှူဒါန်းကြပါရန်နှိုးဆော်အပ်ပါသည်။

အောက်ဖော်ပြပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးလှမောင်သိန်း(ရခိုင်သဟာယအသင်း)ဖုန်း-၀၉-၅၁၃၉၇၉၀
ဦးအောင်သာထွန်း(တောင်ကုတ်မြို့နယ်အသင်း)ဖုန်း-၀၉-၄၉၅၈၅၀၄၄
ဦးထွန်းလှခိုင်(မင်းပြားမြို့နယ်အသင်း)ဖုန်း-၀၉-၄၂၀၀၆၅၈၁၃
ဦးစံအေး(ဘူးသီးတောင်မြို့နယ်အသင်း)ဖုန်း-၀၉-၇၃၁၆၀၆၀၀
ဦးဝင်းမြင့်လေး(အမ်းမြို့နယ်အသင်း)ဖုန်း-၀၉-၄၂၁၁၃၁၂၅၇
ဦးချစ်ဖေ(သံတွဲခရိုင်အသင်း)ဖုန်း-၀၉-၄၂၀၁၃၄၃၅၂
ရုံးဖုန်း-၀၁-၄၃၀၁၇၊ လိပ်စာအမှတ် ၄၈၁၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ကျောက်မြောင်းဈေး၊ ကမ္ဘောဇဘဏ်ခွဲငွေစာရင်းအမှတ် ၂၀၉-၃၀၂-၁၂၇၀၀၁၈၆၁၀၁ သို့ ပေးပို့နိုင်ပါသည်။

## အမည်ပြောင်း

အမ်းမြို့နယ် အထက တတ်တောင်ရွာ အဌမတန်း (င)မှမဆုနှင်းဝေအား ယနေ့မှစ၍ မလင်းလင်းသန့်ဟု ပြောင်းလဲခေါ်ဆိုကြပါရန်။

**မလင်းလင်းသန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၉၄၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကြိုင်ဦး ၁/မကန(နိုင်) ၀၇၈၉၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၄၆၆၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေမြေး ၃/ဘအန(နိုင်)၀၉၂၉၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## အမည်ပြောင်းခြင်း

အလက(၃) ဗဟန်း ဒုတိယတန်းမှ ဦးသန်းဇော် ၁၂/အစန(နိုင်)၀၆၅၁၆၆၏ သား မောင်ပိုင်ဇေယျာငြိမ်းအား မောင်ပိုင်ဇေယျာညီမ်းဟု အမည်ပြောင်းလဲခေါ်ဆိုရန်။ **မောင်ပိုင်ဇေယျာညီမ်း**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၊ ရှမ်းတဲရပ်ပညာရှင်ကိုယ်ပိုင်အထက်တန်းကျောင်း အဌမတန်းမှ (ဘ)ဦးကြည်မောင် ၇/ကပက(နိုင်) ၀၆၁၆၈၃၏သမီး မကြည်လဲ့လဲ့ဦးအား မခင်ပြည့်ပြည့်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မခင်ပြည့်ပြည့်ဖြိုး**

## ဖခင်အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

မင်းစု အထက သတ္တမတန်းမှ မောင်ဇင်လင်းကို၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဖြစ်ကြောင်းနှင့် တောင်သာ အထကတက္ကသိုလ်ဝင်တန်းမှ မခိုင်ဇာလင်း(ခ)မဇင်မာအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မလှိုင်မြို့ ဟိန်းချမ်းမြေ့ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဖြိုးကြူကြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှဖြစ်ပါကြောင်း။

## မင်းဘူးအသင်း(ရန်ကုန်)
## (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားခြင်း

မင်းဘူးအသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၅-၇-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁၃:၀၀နာရီမှ ၁၅:၀၀နာရီအထိ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း (ပြည်လမ်းထောင့်)ရှိ တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပပြုလုပ်ပါမည်။ သံဃာတော် (၁၀) ပါးအား သင်္ကန်းကပ်လှူပါမည်။ တစ်ပါတည်း မင်းဘူးခရိုင်အတွင်းရှိ သမိုင်းဝင်ပါဒစေတီ၊ မန်းရွှေစက်တော်ဘုရားကြီး၌ သုံးထပ်ဆောင် သာသနာ့ဗိမာန်တော်ကြီး ခန့်ညားထည်ဝါစွာ တည်ဆောက်ရေးလုပ်ငန်းသို့ အလှူတော်ငွေများ စုပေါင်းထည့်ဝင်လှူဒါန်းကြပါမည်။

အသင်းဝင်များ၊ အသင်းမဝင်ရသေးသော မင်းဘူးခရိုင်မှ ရန်ကုန်သို့ရောက်ရှိနေကြသူများ တက်ရောက်ကြပါရန် (သီးခြားဖိတ်စာမပို့ပါ)နှင့် ပါဝင်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းစာရင်းပေးသွင်းနိုင်ပါသည်။ ဗိုလ်မှူးသိန်းနိုင်(ငြိမ်း) ဖုန်း-၀၉-၇၃၀၀၇၀၇၁၊ ဦးကျော်သီဟ ဖုန်း-၀၉-၃၁၂၅၇၁၇၄၊ ဗိုလ်မှူးထွန်းအေးချို(ငြိမ်း) ဖုန်း-၀၉-၅၀၀၃၂၁၂၊ ဒေါ်ခင်စိန်ဝင်း ဖုန်း-၀၁-၅၆၀၆၁၁။

**မင်းဘူးအသင်း(ရန်ကုန်)**

# အမြန်ဆုံးပြန်လာခဲ့ကြပါ

မိမိသဘောဆန္ဒဖြင့် အိမ်မှထွက်သွားကြသော ဇနီးဒေါ်နွဲ့နှောင်း ၁/မညန(နိုင်)၀၂၄၉၁၅ သားကြီး မောင်ဟိန်းသန့်ဇင် ၁/မကန(နိုင်)၁၈၄၃၅၅၊ သားလတ် မောင်ကောင်းမြတ် ၁/မကန(နိုင်) ၁၈၄၃၅၇၊ သမီးငယ် မမီမီမွန်တို့အားလုံး အမြန်ဆုံးပြန်လာခဲ့ကြပါ။ ထွက်သွားကြတဲ့ ရက်လတွေလည်းကြာသွားပါပြီ။ မသင့်တော်တဲ့ မိမိတို့လုပ်ရပ်မှားတွေကို သတိသံဝေဂရကြပါ။ သို့မဟုတ်ရင် ဘဝရှေ့ရေးတွေမှာ ဒုက္ခတွေနဲ့ရင်ဆိုင်ကြရပြီး ကောင်းစားကြတော့မှာ မဟုတ်ကြောင်းကို သတိပေးပါသည်။ သင်တို့ရဲ့ ယုံကြည်အားကိုးထိုက်သူ-

**ဦးသန့်ဇင် ၁/မကန(နိုင်)၀၁၃၂၂၁**
**မြို့မ ၃၄၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၇၄-၂၂၂၀၇၊ ၀၉-၄၅၈၀၂၄၀၀၁**

## ဂေါက်သီးရိုက်ကစားရာမှ တစ်ချက်တည်းကျင်းဝင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ ရီဂျီးနာဂေါက်ကွင်းတွင် ဇွန် ၂၅ ရက် ညနေ ၅ နာရီခန့်က ဦးလှမျိုး(အင်ဂျင်နီယာမှူး) စည်ပင်သည် ကစားဖော်များဖြစ်သည့် ဦးကျော်ညွန့်အောင်(ဒုတိယညွှန်ကြားရေးမှူး)အကောက်ခွန်၊ ဦးစိုင်းအောင်ခမ်း(ပါခုတ်)၊ ဦးအားဖူ (ရှိမင်တစ်ဆိုင်)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် (178) ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၅)အား (Maruman Wood-9)ဖြင့် (Titleist No.4)ဂေါက်သီးအား ရိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၃၉၇၆၇ Kenbo KB 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမောင် ၉/ညဥန(နိုင်)၀၉၇၂၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၄၄၁၇၅ Honda Click 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအေးချင်း ၁၃/လရန(နိုင်)၀၆၉၉၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၄၇၀၄ Yunde (YD-125), M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းအောင် ၉/ခအဇ(နိုင်)၀၃၀၀၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၃၆၂၉ M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဖုန်း ၉/မရမ(နိုင်)၀၇၀၇၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၈၈၈၅ Yamaha 150၊ FZ-5, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၉/မဟမ(နိုင်)၀၀၇၈၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# ကျေးလက်နေပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ပေးနိုင်မှသာ ဆုံးရှုံးမှုများ လျော့ကျလာမည်

စာ-၅

## မြန်မာပြည်သူတစ်ဦးချင်းဝင်ငွေ အဆင့်မြင့်လာ

ပြည်သူတစ်ဦးချင်းဝင်ငွေ မြင့်တက်လာမှုကြောင့် မြန်မာနိုင်ငံ၏ဝင်ငွေအဆင့်သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDC) အဆင့်မှ လွတ်မြောက် ကာ နှစ်စဉ်တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၄၆ ဒေါ်လာ မှ ၄၁၂၅ ဒေါ်လာ အထိရှိသော (Lower Middle-Income Countries) နိုင်ငံများစာရင်းထဲ ရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ထုတ်ပြန်ချက်ကို ဇူလိုင် ၁ ရက်က ရိုက်တာသတင်းများ၌ ဖော်ပြထားသည်။

ဇူလိုင် ၁ ရက်က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံလုံးဆိုင်ရာဝင်ငွေကို အခြေခံသည့် Gross National Income per capita (GNI) တစ်ဦးချင်းဝင်ငွေ တိုးတက်လာသည့် နိုင်ငံ(၁၀)နိုင်ငံထဲတွင် ပါဝင်လာသဖြင့် နောက်တစ်ဆင့်ဖြစ်သည့် အလယ်အလတ်တန်းအဆင့် ဝင်ငွေမြင့်မားသည့် နိုင်ငံအဆင့် (Upper Middle-Income Countries) ကို တက်လှမ်းနိုင်မည်ဖြစ်ကြောင်း ဆိုသည်။

ကမ္ဘာ့ဘဏ်က ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) ကို အခြေခံပြီး တွက်ချက်ထားသည့် တစ်ဦးချင်းဝင်ငွေနှုန်းထားမှာ အမေရိကန်ဒေါ်လာ ၁၃၂၅ ဒေါ်လာ ရှိကြောင်း သိရသည်။

**ကျော်သဲအိမ်**

## မိုးကြီးစွာရွာသွန်းမှုများကြောင့် ရခိုင်ပြည်နယ်အနှံ့ ပျက်စီးဆုံးရှုံးမှုများရှိနေ မြို့နယ်အချို့တွင် စားကုန်များနှင့် လူသုံးကုန်များ ဈေးနှုန်းမြင့်တက်

သတင်းဆောင်းပါး - လေးဝတီထွန်းစောခိုင်၊ ဓာတ်ပုံ - ဥညစော



**စစ်တွေ ဇူလိုင် ၃**

ယခုနှစ်မိုးဦးရာသီတွင် မိုးကြီးစွာရွာသွန်းမှုများကြောင့် ရခိုင်ပြည်နယ်အနှံ့ မြို့နယ်များတွင် ပျက်စီးဆုံးရှုံးမှုများရှိနေပြီး မြို့နယ်အချို့တွင် စားကုန်များနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်နေကြောင်း သိရသည်။ ရခိုင်ပြည်နယ်၌ မိုးကြိုရာသီကာလတွင် မိုးလုံးဝမရွာသွန်းခဲ့သဖြင့် မြို့နယ်အချို့၌ ရေများ ခန်းခြောက်ကာ သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။ ဇွန်လတတိယပတ်နှင့် စတုတ္ထပတ်မှစ၍ မုတ်သုံလေ အားကောင်းလာပြီး မိုးကြီးခြင်း၊ မိုးအဆက်မပြတ် ရွာသွန်းခြင်းများကြောင့် ဒေသအသီးသီးတွင် ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ လမ်းများပျက်စီးခြင်း၊ စိုက်ခင်းများ ရေလွှမ်းခံရခြင်း၊ ငါး/ပုစွန် မွေးမြူရေးကန်များ ကျိုးပေါက်ခြင်းများဖြင့် ကြုံတွေ့ခံစားကြရသည်။ ကားလမ်းများ ပျက်စီးသွားသဖြင့် ရိုးမအရှေ့ဘက်မှ ရခိုင်ပြည်နယ်အတွင်းသို့ တင်ပို့နေကြသော ပို့ကုန်များ နှောင့်နှေးကြန့်ကြာနေ၍ မြို့နယ်အချို့တွင် ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လျက်ရှိသည်။ ရခိုင်ပြည်နယ်မှ ပို့ကုန်များမှာလည်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် တင်ပို့မှုများ နှောင့်နှေးနေရကြောင်း သိရသည်။

**စိုက်ပျိုးမြေများ ပျက်စီးခဲ့**

ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့တွင် မြေနိမ့်ဒေသများ၌ ကြဲပက်ထားသော စပါးခင်းများ နွံများဖုံးလွှမ်းခဲ့သဖြင့် ပျက်စီးသွားကြောင်း ဒေသခံများက ပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

### တူနီးရှားကမ်းခြေတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသူများအတွက် ဗြိတိန်၌ တစ်မိနစ်ငြိမ်သက်ဂုဏ်ပြု

စာ-၁၂

### မင်းကွန်းဆရာတော်ကြီး၏ ပုံတူရုပ်ပွားတော်မြတ်အား မော်စကိုရှိ အဲတူးမြတ်ပြတိုက်၌ ထားရှိ

စာ-၁၄

## ဂျပန်-မဲခေါင် ယူ-၁၅ ပြိုင်ပွဲတွင် မြန်မာအသင်း အဆင့်(၆)နေရာရရှိ

**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ဂျပန်-မဲခေါင် ယူ-၁၅ ဘောလုံးပြိုင်ပွဲကို ယနေ့ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာယူ-၁၅ အသင်းသည် အဆင့်(၅)နေရာလုပွဲတွင် ဂျပန်ကလပ် ကိုဘေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ကာ အဆင့်(၆)နေရာသာ ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဂျပန် ယူ-၁၅ အသင်းက ချန်ပီယံဆုရရှိခဲ့ပြီး ဂျပန်ကလပ် ဟီရိုရှီးမားအသင်းက ဒုတိယ၊ ဗီယက်နမ်အသင်းက တတိယ၊ လာအိုအသင်းက အဆင့်(၄)၊ ဂျပန်ကလပ် ကိုဘေးအသင်းက အဆင့်(၅)၊ မြန်မာအသင်းက အဆင့်(၆)၊ ထိုင်းအသင်းက အဆင့်(၇)နှင့် ကမ္ဘောဒီးယားအသင်းက အဆင့်(၈)နေရာတို့ ရရှိခဲ့သည်။ မြန်မာယူ-၁၅ အသင်းသည် မြန်မာဘောလုံးအကယ်ဒမီမှ ကစားသမားများ ဖြင့် ဖွဲ့စည်းယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။

**ဖိုးသော်ဇင်**




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS